# ချစ်ခြင်းနန့် ဖွဲ့နှောင်ရစ်သောအခါ . . .

စံလင်း (ဦရာဇ်မြို)

စံလင်း (ဦးရာဇ်မြို)

ပုံနှိပ်မှတ်တမ်း

## စာရီးသူဇ့ ဝန်ခံစကား

စာရီးသူဇ့ ဝန်ခံစကားကိုရီးဖို့ စိုင်းစားလိုက်တေခါ ဂေါင်းတခုလုံး ယှုပ်ထွီးလားပနာ အစရှာမရပဲ ဖြစ်လားပါရေ ။ ယင်းပိုင်ဖြစ်ရစွာကလေ့ စာရီးသူမာ ဝန်ခံရဖို့စကားတိ ရှိ လို့မရယောင်ထိ ဟိနီလို့ပါ။ ဒေစာအုပ်ရေ ဝတ္ထုစာအုပ်ဖြစ် တေအတွက်နန့် ဝတ္ထုရီးဖြစ်တေ အကြောင်းနန့် အားနည်း ချက်တိကို တဆိသျှေလောက်ရာ ရီးခပါမေ။

07,08,2015 ခုနှစ် မလေးသျှားနိုင်ငံမာ " စကားပြော ခြင်းက ပင်ကိုစရိုက်သို့" စာအုပ်ကို ရခိုင်အခြင်းနန့် ပထမဆုံး ထုတ်ဝီဖြစ်ခပါရေ။ ယင်းစာအုပ်ထုတ်ဖို့ကိစ္စနန့် စာရီးဆရာ နှောင်ခိုင်ပြည်နန့် တွိဖြစ်ပါရေ။ ပထမခါ တယောက်ကိုတ ယောက် မမြင်ဖူးကတ်ကေလေ့ အကျွန့်စာအုပ်ကိုလုပ် ယင်း စာပီညီအစ်ကိုပိုင် ဖြစ်လားကတ်ပါရေ။ စာအုပ်ထုတ်ပြီးရေ နောက်တနိခါ စကားဆိုက်ကျလို့ ပြောနီကတ်ယင်း အကျွန့်ကို ဝတ္ထုရှည်ရီးဖို့ အကြံပြုပါရေ။ ယင်းဆရာ ဝတ္ထုရီးဖို့ အကြံပြု ရေအချိန်မာ အကျွန့်စိတ်ကလုံးဝ မသက်မသာ တွိခပါရေ။

အကျွန်ရေ စာရီးဖို့အတွက် ဆုံးဖြတ်ချက်ချလိုက်တေအချိန်မာ ကုန်ကြမ်းရှာရေသဘောမျိုးနန့် လူတိအကြောင်း၊ သဘာဝပတ်ဝန်းကျင်အကြောင်းတိကို ရနိုင်သရွှေ လိလာဖြစ်ပါရေ။ တဖက်ကလေ့ စာအုပ်စာပီတိကို ရနိုင်သရွှေစုဆောင်း၊ အကြမ်းဖတ်စွာဖတ်၊ အနုဖတ်စွာဖတ် လိုအပ်စွာတိကိုစု ဆောင်းယင်းစာရီးဖို့ လိကျင့်နီခပါရေ။ ယေဒါလေး အဂုပိုင် ဝတ္ထုရှည်ရီးဖို့ထိမစိုင်းစားဖူးခပါ။ ဇာအတွက်လေ့ဆိုကေ စာရီးသူရေ ရသစာပီကိုရီးရစွာထက် သုတစာပီရီးရစွာကို ပိုလို့ကြိုက်ပါရေ။

တရက်နိ ရခိုင်စာပီလောကမာ တဝတ္ထုရှည်တိလေ့ အများကြီးလိုအပ်နီသီးရေဆိုရေအတွေးက အကျွန့်စိတ်ကို တည့်တည့်ဝင်ရောက်လှာပါရေ။ ယေနန့် ဝတ္ထုရှည်ရီးဖို့ ဆုံးဖြတ်ချက်ချလိုက်ပါရေ။
ဆိုကေ ဝတ္ထုတပုဒ်ဖြစ်လှာဖို့အတွက် ဇာတ်လမ်းဇာတ်ကွက် (Plot) ကိုစီစိုင်ဖို့ ကိုယ့်မာအနည်းဆုံး မူကြမ်း (Draft) လောက်တော့ခါ ဟိဖို့လိုပါလိမေ။ မူကြမ်းဟိနီပျာဆိုကေ တောင်မှ မင်းသား၊ မင်းသမီး တယောက်ချင်းစီ၏စရိုက် (C haracter) တိကိုလေ့ စိုင်းစားရပါသီးရေ။ အရံအဖြစ် လူနု၊ လူကြမ်းရို့၏ Character တိကိုလေ့ စီစိုင်ရပါသီးရေ။ သူရို့တယောက်ချင်းစီ၏ စရိုက်တိကို စိုင်းစားလို့ကျီကေ ပြန်လေစာဖတ်ပရိသတ်ရို့၏ နှလုံးသားကို ဖမ်းစားနိူင်ယောင်အတွက် တခန်းတခုမာ အနည်းဆုံး ငြိမ့်လုံးတခု၊ နှစ်ခုလောက်ကိုစိုင်းစားရပါသီးရေ။ ဥပမာ တခုခုအဆင်ပြေဖို့ ဖြစ်နီယင်းနန့် မထင်မှတ်ပဲလွဲချော်မှု (Accident) ဖြစ်လားရေပုံစံ ငြိမ့်လုံးတိ။ ယင်းနန့်ပင်မကျီပဲ အခန်းတခုတည်းမာ ဖော်ပြကေရခပါယင့်နန့် မဖော်ပြခပဲ မြှုပ်ကွက် (Hidden Fact)

တခုခုထည့်ထားပနာ နောက်အခန်းတခုခုမာ ဖော်ပြလား စွာတိကိုလေ့ စိုင်းစားရပါသီးရေ။ ဆိုကေ စာရီးသူမာ အထက်က အင်္ဂါရပ်တိနန့် အလုံးစုံ မကိုက်ညီနိုင်သီးစွာကို ဝန်ခံပါရေ။ ဆိုကေ အထက်အင်္ဂါရပ်အားလုံးကို နားလည်ကေတောင်မှ ကိုယ့်ရခိုင်ခြင်းနန့် ရီးထားရေဆိုခါ ရမ်းဗြဲဒေသသံတိ စစ်တွေဒေသံတိနန့် အခြားအခြား ဒေသသံတိကိုလေ့ တဆိကေလတ်ပြုရပါသီးရေ။ ဒေဇာတ်လမ်းမာဆိုကေ မင်းသားနှ့် စကားအပြောအဆိုထက် သူနှ့်သူငယ်ချင်း မောင်ဖော်သာ ပြောရေစကားက စာရီးသူကို ကကောင်းပင် ယှုပ်ထွီးစီပါရေ။ ဇာအတွက်လေ့ဆိုကေ သူပြောရေစကားတိမာ ရမ်းဗြဲဒေသသံတဆိသျှေ တည့်ပီးထားလို့ပါ။ စာရီးသူရေ ရမ်းဗြဲဖက်က မဟုတ်တေ အတွက် ရမ်းဗြဲဒေသသံ ဟုတ်တိပတ်တိ မဖြစ်ဆိုစွာကိုလေ့ ဝန်ခံပါရေ။

စာပီသမားရို့ရေ စာအုပ်စာပီ ထုတ်လုပ်ရစွာတိလေ့ အယင်ပိုင် မတွင်ကျယ်နိုင်ပါပျာ။ အထူးသဖြင့် ဒေခေတ်ကာလမာ လူအများစုရေ စာအုပ်ဆိုစွာထက် ဖုန်းကိုအား ပြုလှာကတ်တေအတွက် စာအုပ်ကိုလေ့ စာရီးသူရို့စိတ်ကြိုက် အရှည်ဆွဲဖို့ ခက်ခဲလှာပါရေ။ ယေနန့် ဒေ "ချစ်ခြင်းနန့် ဖွဲ့နှောင်ရစ်သော အခါ" ဆိုရေ အကျွန်နှ့် ဝတ္ထုသျှေကို တိုနိုင်သရွှိ တိုယောင် ဖြတ်ထားပနာ ထုတ်ဝီလိုက်ပါရေ။
အကျွန့်ရို့ရခိုင်စာပီရေ နယ်ကျဉ်းစွာကတကြောင်း ကိုယ့်ရခိုင်လူမျိုးတိပါးမာတောင်မှ မျက်နှာငယ်နီရရေ အခြီအနီမာ ဟိနီပါရေ။ ယေဒါလေး ရခိုင်စာပီသမားတိစွာ အားမလျှော့ပဲ မိမိရို့နှ့် အမျိုးသားစာပီသျှေတခု တိုးတတ်ပါစီကြောင်း တခုတည်းကိုရာ အလီးထားပနာ လုပ်နီကတ်တေအချိန်မာ အကျွန်

လေ့ အုတ်တချပ် သံတပွင့်အဖြစ် ပါဝင်နှိုင်ယောင်ဆိုရေ
ဆန္ဒနန့် ရီးသားတင်ပြလိုက်ပါရေ။

စံလင်း (ဦးရာဇ်မြို)

## ကျေးဇူးစကား

ဘုရား၊ တရား၊ သံဃာရတနာသုံးပါးနန့် မိဘနှစ်ပါး၊ ဆရာသမားတိကိုပါမကျန် လက်ဆယ်ဖြာထိပ်မာမိုးပျာ နှိုင်းဆမဟိရေ ကျေးဇူးတရားတိကို ရှိခိုးကန်တော့လိုက်ပါရေ။

လူမျိုးတစုဇွ ကောက်ကျစ်ရက်စက်မှုအောက်မာ ပျောက်ကွယ်လုလုဖြစ်နီရေ မိမိရို့ဇွ ရခိုင်စာပီဘာသာတရပ်ကို ရဲရဲတင်းတင်းနန့် ထိန်းသိမ်းစောင့်ရှောက်ထားကတ်တေ ရှိကစာပီပညာသျှင်တိနန့် လက်ဟိခေတ်ကာလ စာပီပညာသျှင်ရို့အားလုံးကို အထူးတလေပင် ကျေးဇူးတင်ပါရေ။

စာအုပ်ဖြစ်လှာဖို့အတွက် ဝိုင်းဝန်းအကြံပြုပီးကတ်တေ စာရီးဆရာ နောင်ခိုင်ပြည်၊ စာရီးဆရာ ခိုင်မင်းဇံ (ရခိုင်ပြည်)၊ ကဗျာသည် ခိုင်းထွီး၊ ကဗျာသည် ဟောမန်ခိုင်(တိမ်ညို)၊ အလုပ်တဖက်နန့် မအားလတ်တေကြားက PageMarker နန့် PDF လုပ်ပီးရေ ကဗျာသည် ဝံသ၊ မျက်နှာဖုံးဒီဇိုင်း ဆင်ပီးရေ ကျော်ဝင်းဌေး (ရသေ့တောင်) ရို့ကို အထူးပင် ကျေးဇူးတင်ကြောင်းကို မှတ်တမ်းတင် ဂုဏ်ပြုပါရေ။

ရခိုင်စာပီဖြစ်မြောက်ရီးအတွက် တဖက်တလမ်းက ကူညီဝိုင်းဝန်းပီးကတ်တေ စာဖတ်ပရိသတ်ရို့ကိုလေ့ ကြိုတင်လို့ ကျေးဇူးတင်ပါရေ။

စံလင်း (ဦးရာဇ်မြို)

စံလင်း (ဦးရာဇ်မြို)

# ချစ်ခြင်းနန့် ဖွဲ့နှောင်ရစ်သောအခါ . . .

## အခန်း (၁)

ထူးထူးဆန်းဆန်း ဆောင်းရာသီညည့်တညည့်တွင် မိုးရိပ်မိုးသားတိ အလွန်တရာထူထပ်ပြီးကေ တခေါက်တခေါက် လျှပ်စီးပြက်လိုက်ခြင်းကား လူသားရို့၏စိတ်ကို ကြောက်လန့်စီ၏။ အလွန်တရာအရှုပ်ဆိုး အကျဉ်းတန်သော ညည့်တညည့်ဖြစ်သည်။ အမှောင်ထုကြီးက ထူထပ်သလောက်ကို သဘာဝပတ်ဝန်းကျင်လည်း တိန်းဆိတ်ငြိမ်သတ်နီ၏။ အခြားနိတိခါပိုင် ကျီးငှက်သာလိကာရို့၏ သာယာတွန်ကျူးသံတိကိုလည်း မကြားရပေ။ အနီးအနား ပတ်ဝန်းကျင်ကလူရို့ကား ကိုယ့်အိပ်ရာသို့ ကိုယ်စီဝင်ပြီး ဇိမ်ဟိဟိ အိပ်နီကတ်သည်။ မှန်အိမ်သျှေတလုံးကို မှုန်ဝါးဝါးထွန်း၍ ကလောင်တချောင်းနန့် စာအုပ်တအုပ်ကို ခုံထက်မာတင်လျှက် ကလေသျှေတယောက် ထိုင်နီ၏။ ယင်းအထီးကျန်ညည့်ကို ကောင်းသောဖက်မှနီ၍ အသုံးချရန် သူဆုံးဖြတ်ချက်ချလိုက်သည်။ ဗလာ

စာအုပ်ကိုလှန်၍ ကလောင်အဖုံးကိုဖွင့်ပြီး ကဗျာသျှေတပုဒ် စပ်ဆိုကြည့်ရန် စတင်လိုက်သည်။
သို့သော် သူ၏စိတ်ကား ငြိမ်သက်မှုမဟိပဲ အလိုလိုပင်လီရှင့်နီ၏။ "ငါဇာကို စိုင်းစားနီပါလေး" အဖြေကိုရှာယင်း ဖခင်၏ပုံရိပ်သည် သူ၏မျက်လုံးအိမ်ထဲသို့ ထင်ထင်ရှားရှားဝင်ရောက်လှာ၏။ ဖခင်မသီဆုံးခင်တနှစ်က သားဖနှစ်ယောက် မိုးထစောစော လမ်းလျှောက်ထွက်ယင်း ပြောဖြစ်ခသောအဖြစ်အပျက်သျှေ တခုသည် ပုံရိပ်အဖြစ် ထင်ဟပ်လာနီသည်။"ဘာဘာ ထိုးအဝီးမာကြည့်ပါ တောင်အမြင့်တိကြားက နီထွက်လှာစွာ ကကောင်းလှပါရေ။ ယင်းတောင်ကို ဇာတောင်ခေါ်ပါလေ့ဟင့်။ မောင်မောင် ယင်းတောင်ထက်ကိုကောင်းကောင်း လားကြည့်ချင်ပါရေ။ မောင်မောင်ကို လိုက်ပို့ပါနှန်း။ "

"ယင်းတောင်ကို ရိုးမတောင်လို့ခေါ်ရေ။ အပုသျှေကြီးလှာခါ ဘာဘာလိုက်ပို့မေ။ ယေဒါလေး လိမ်လိမ်မာမာနီရဖို့နှန်း။"

"ဟုတ်ပါယင့်၊ ယေကေ ယင်းရိုးမတောင်ကို အသူပိုင်စွာပါလေ။"
လူ့လောကအကြောင်းကို နကန်းတလုံးလည်း နားမလည်သီးသောသားသျှေ၏ ဒုတိယမီးခွန်းကြောင့် ဘကျော်တယောက် သူ၏နှလုံးသားကို ဓားနှင့်အထိုးခံလိုက်ရခြင်းလား ကြီလုမတတ် ခံစားလိုက်ရ၏။ အဝီးကြီးက တောင်ကုန်း တောင်တန်းတိကိုမျှော်ကြည့်ယင်း လက်သီးကို ကျစ်ကျစ်ပါယောင်ဆုတ်လိုက်သည်။ နှလုံးခုန်သံသည်လည်း တဒင်္ဂအတွင်းမာလျှင်မြန်လား၏။ စိတ်ထဲမာကား ရာစုနှစ်တိကို ရှိတွက်လိုက်သည်။ တနားသျှေလောက် ငြိမ်သတ်ပြီးခါမှ . . . . .

"ဟို ကစ္ဆပနဒီမြစ်အပါအဝင် ရခိုင်မာဟိရေတောင် တန်းတိအားလုံး၊ ရီမြီအားလုံးကို ဘာဘာရို့ ပုသျှေရို့ ပိုင်စွာ။ ယေဒါလေး အဂုအချိန်မာ ရိုးမတောင် အရှိဖက်ကတိုင်သားတိ ကိုလိုနီစနစ်နန့် သိမ်းထားရေ။"

"ကိုလိုနီစနစ်ဆိုစွာ ဇာကိုခေါ်ပါလေး ဘာဘာ။"

"ကိုလိုနီစနစ်ဆိုစွာကို ပုသျှေနားလည်ယောင် ပြော ရဖို့ဆိုကေ မတရားသိမ်းထားစွာလို့ ခေါ်ရေ။"

"အော် ယင်းပိုင်ဆိုကေ တီဗွီထဲက ဂျပန်တိပိုင်ပါလား။ "

"အင်း ဟုတ်တေ။ ယကေ ထမင်းစားဖို့ လားကတ်ဖို့ ယာနှန်း။"

အိမ်ကထွက်လှာသောအခါ ရယ်စရာစကားသျှေတိပြော ယင်း သွက်သွက်လက်လက်လာခသော်လည်း အိမ်ပြန်လမ်းတ လျှောက်လုံးမာကား အလွန်ပင်တိန်းဆိတ်နီသည်။ အိမ်ကို ရောက်ပြန်သော်လည်း ဖခင်မာ အယင်နိတိခါပိုင်မဟုတ်ပဲ တရက်လုံးကို စကားမပြောပဲနီခသည်။ သူတယောက်တည်း အတွေးပင်လယ်ထဲမာ မျိုးပါနီသောကြောင့် မည်သည့်အ ချိန်ဟိနီမှန်းကို သတိမထားမိပဲ ဖြစ်နီ၏။

"အဝေး လေးလုံး အပြင်မာတယောက်တည်း ဂုထိ အထဲကို မဝင်သီးကားမတ်။"

သူငယ်ချင်း လာပြောခါမှ အချိန်ကိုကြည့်လိုက်မိ၏။ ညည့် သုံးချက်တောင် တီးနီသောအချိန်သည် ကျောင်းသားတိအ တွက် မပြောနှိုင်လောက်ယောင် နောက်ကျနီသောအချိန်ဖြစ် သည်။ ကဗျာစပ်မည်ဆိုသော အတွေးသည်လည်း စိတ်ကူးထဲ မာရာ ဆုံးယှုံးလားခ၏။

"အော် ဟုတ်တေကာနှန်း၊ ကျေးဇူတင်ရေဝေ သူငယ်ချင်း။

"အိပ်ရာထက်မာ လှဲလိုက်သည်နန့်တခါတည်း ချက်ချင်းမျက်ပျဉ်းကျလှာ၍ ညည့်ဆိုသော အမှောင်ထုကြီးကို ဇိမ်ကျကျ အိပ်ယင်း ကျော်ဖြတ်လိုက်သည်။ လောကသတ္တဝါအားလုံး ကို ထာဝရအလင်းဓာတ် ပို့ပီးနီသော နီမင်းကြီး၏ ရိုးမတောင်တန်းကို ကျော်ဖြတ်လှာသော အချိန်ကိုတောင်မသိလိုက်ပဲ သူ အိပ်ကောင်းနီသည်။

"အဝေး လေးလုံး စာဖတ်ဖို့ထဖိ။ ကောင်းအိပ်တေကား မတ်။ အု ဒေလောက်အိပ်ကေ သီယာမလားယေ။ ဆရာမြင်ခကေ အသတ်ကျဖို့သီး"။

ယင်းခါမှ သူသည် ကပျာကယာ အိပ်ရာကထ၍ ခုံထက်တွင် တင်ထားသောနာရီကို လှမ်းပျာကြည့်လိုက်သည်။ နောက်ကျနီသောအချိန်ကို မြင်လိုက်ရသောကြောင့် မျက်လုံးမျက်ဆံ ပြူးလားရ၏။

"ယော် ဟုတ်တေမလားယေ။ ငါ ရီချိုးရဖို့သီး။ ကျောင်းတော့ခါ နောက်ကျယာဝေ"။

"ဟား ဟား ဒေနီဆန်းဒေးလေ။ လားလီမျက်နှာသစ်ပနာ အဝတ်လှယ်ပစ်ခီ ပွဲ့ကိုဘောလုံးကျောက်ဇောင်လားကတ်ဖို့"။

"ငါမလားယာဝေ ငါ့မာစာအုပ်ဖတ်ဖို့စွာတိဟိရေ။ ယေပြီးကေ သန်းသန်းအေးအတွက် စာကူးပီးခီရဖို့သီး။ နောက်အပတ်ခါမှ လိုက်ဖို့ယာ။ မာန်မပါကေ့နှန်း သူငယ်ချင်း"။

"ထားပါဝေ မတ်ကိုခေါ် လိုက်ကေ တခါလေ့ရလို့ မဟိ၊ မတ်ကိုမာန်ပါဖို့ဆိုကေ ဆယ်တန်းနှစ်လောက်ကပင် ငါရှုးနီယာ။ အပတ်တိုင်းစာအုပ်ဖတ်လို့ အချိန်ကုန်နီရေ။ တပတ်တရီလေ့ အပြင်သျှေယက်သျှေကိုလားပနာ မျက်စိကို အစာကျွေးပ။ မတ်မာ စာအုပ်ကျည်းဖတ်နီလို့ လေးလုံးဖြစ်နီစွာယေ။

နောက်ဆိုကေ ပိုလို့ပါဝါထူလှာပနာ မျက်မှန်ကို ထမ်းမပါ ဖြစ်နီလိမေ"။

"ဝေး . . ဝေး . . ငါ လိမ်လိမ်မာမာသျှေနီစွာကို ဖျက်စီးဖို့ မပျင်ကေ့ကား။ မင်းပိုင် မိမသျှေတိကိုမြင်တိုင်း မျက်လုံးကျွတ်ယောင် ငမ်းနီရေအကောင်ထဲမာ ငါမပါ။ ငါ့ ကိုကြိုက်ကေ လာလို့ကြည့်ကတ်လိမေ။ ဒေခေတ်မာ ယော ကျ်ား စီးကြီးရေခေတ်၊ ခေတ်စနစ်ကိုလေ့ နားမလည်ဒေအ ကောင် "။

"အေးပါဝေ အေးပါ ငါမှားပါရေ။မင်းသားကြီး မောင်လေးလုံးမာ မိမသျှေတိ အပြန်လာကြည့်ဖို့စွာကို စာ အုပ်ဖတ်ပနာစောင့်။ ငါတော့ခါလားယာ ဘိုင်းဘိုင်"။

မကြီမနပ်ဖြစ်၍ ထွက်လားသော မောင်ဖော်သာကိုကြည့်ပြီး ပြုံးစိစိနန့် အိပ်ရာထက်မာ ကျန်ခ၏။ မျက်နှာသစ် ရီချိုး၊ မုန့်တီသောက်လို့ပြီးသည်နန့် စာအုပ်ဖတ်ရန် စာအုပ်တအုပ် ကောက်ကိုင်လိုက်သည်။ သူကိုင်လိုက်သော စာအုပ်သည်အ တွေးအခေါ်ပိုင်းဆိုင်ရာ စာအုပ်ဖြစ်ပြီး လောကမာ မည် သို့နီထိုင်ရန်၊ လူတိနန့် မည်သို့ပြော ဆိုဆက်ဆံရမည်ကို ရီး သားထားသော စာအုပ်ကောင်းတအုပ်ဖြစ်သည်။ ယင်း ကြောင့် သူ့အတွက်အကြိုက်ဆုံးစာအုပ်၊ လက်ဆွဲစာအုပ်ဆို လည်းမှန်သည်။

"ဟေး လေးလုံး . . "

စာအုပ်ကို မျက်လုံးကျွတ်ကျမတတ်ကြည့်နီသော သူသည် နောက်ကစက်ခနဲခေါ်သံကြောင့် ကြောက်လန့်စိတ်နန့်လှည့် ကြည့်လိုက်သည်။ ပြုံးစိစိနန့်မချိုမချဉ်ဖြစ်နီသော သန်းသန်း အေးမျက်နှာကို တွိလိုက်ရ၏။

"ဇာလေးဟေ လန့်လားထော။ ကောင်းဂွကျမလားနှန်း။

ဒေလောက် စာဖတ်လို့ကောင်းနီစွာကို လာပနာနှောက်ချက်နီရေ။ ယင်းပိုင် စိတ်ကောင်းမဟိလို့ယေ အရပ်နှစ်တောင့်တထွာနန့် ပုတိုမဖြစ်နီစွာ။"

"နင်စကားပြောကေ ယင်းအရပ်ပုစွာကို မပြောပဲ မနီနိုင်လား။ ဇာမာလေ ငါ့စာအုပ် ပြီးယာလား"။

"ဇာကပြီးဖို့လေး ငါနိခင်းသားမှလုပ်ဖို့လို့ ခုံထက်မာတင်ထားယင့်။ နင်ကိုယ့်စွာကို ယူချင်ကေလားယူခီ"။

"နိုးပါ နင်ပြီးခါမှယူဖို့ယာ။ ငါ နင့်ကို အဖော်ခေါ်ဖို့လာစွာ ။ မင်းဂံကသူငယ်ချင်း အိမ်ကိုလားဖို့လို့"။

"ဟေး . . ဟေး . . ပြဿနာမရှာကေ့ ဝီးကဝီးနန့် ငါ့မာ အလုပ်တိ အများကြီးဟိသီးရေ။ နင့်အတွက်လေ့ စာကူးရဖို့သီး"။

"အဘာလေ ငါကလိုက်ဆိုကေ လိုက်နန့်ရာ စကားအတွန့် တက်နီသီးရေ။ ငါ့စာအုပ်ကို နောက်ခါမှကူးလေ့ရရေ။ ပျင်း ကေပျင်းရေလို့မပြော။ နင့်ကိုငါ စော်သျှေတပွေ နန့်မိတ်ဆက်ပီးမေကား"။

"မလိုက် မလိုက် ရှက်ဖို့ကောင်းနန့်၊ ငါဇာခါမိမတိနန့် အ ရောတဝင်နီဖူးလို့လေး။ ငါ့မာ မိမသူငယ်ချင်းဆိုလို့ နင်တယောက်တည်းဟိစွာ။ ယင်းဟင့်တောင် နင်အဓမ္မလိုက်ပနာကပ်နီလို့ မဟုတ်ကေ တယောက်လေ့ ဟိဖို့မဟုတ်။"

ပြောယင်းဆိုယင်း သန်းသန်းအေးကို ကြီးစပ်လိုက်သည်။ ယင်းကြောင့် သူမသည်အနာဒဏ်ရာထက်သို့ တုတ်ကျခြင်း အလား မာန်ပါလား၏။

"အမိလေ နင်စကားပြောကေ ယင်းပိုင်ကျည်းယာ။ နင်ကာ ယင်းပိုင်ကျည်းနီယေ ကြာကေမယုံမဖြစ်လား အုံးမေ ။ ထားဖိ မပြောယာ။ လိုက်ဖို့လားမလိုက်လားပြော ငါက

စေတနာထားလို့ လာခေါ်စွာကို ပဲမျှားနီသီးရေ"။

"အု ကြီးကြီးကျယ်ကျယ် ငါ့ကို စက်သီးနင်းခိုင်းချင်လို့ လာခေါ်စွာကို မသိမှတ်လာ။ ဒေအကွက်တိ ရှုံးနီယာမသျှေ အ ဟက် အဟက်"။

သူမစိတ်တိုလားခြင်းကို မြင်သောကြောင့် မလိုက်ချင်သော် လည်း ကျောက်ကန်ကျောက်ကန်ဖြင့် လိုက်ပါလားရသည်။ ယင်းသို့ဖြင့် စက်သီးကိုသူနင်းပြီး သန်းသန်းအေးကနောက် ကထိုင်လိုက်ကာ တလမ်းလုံးကို စကားအက်ပါလာကတ် သည်။ လမ်းအဆုံးတခုသို့ ရောက်သောအခါ သန့်ယှင်းသပ် ရပ်၍ ကျစ်ကျစ်လစ်လစ်ဟိသော ပျဉ်စီပျဉ်ထောင် နှစ်ထပ် အိမ်သျှေတအိမ်သို့ ရောက်လားကတ်သည်။ အိမ်ရှိမာချရား ပင်၊ ဇီသဝါပင်တိနန့် အခြားအလှပန်းပင်သျှေတိ၊ အိမ်ဘေး မာသရက်ပင်၊ အုန်းပင်တိစိုက်ထား၍ အမှန်ပင် သဘာဝကျ စွာ ဆောက်လုပ်ထားသော အိမ်သျှေတဆောင်ဖြစ်သည်။ အိမ်ထဲသို့ ဝင်လိုက်သည့်ချက်ချင်းပင် ပန်းပွင့်သျှေတိက မွှီး ကြိုင်ရနံ့နန့် ကြိုဆိုနီကတ်သည်။ ယင်းပန်းရနံ့တိကြောင့် လိပ်ပြာသျှေရို့သည် တပင်ကနောက်တပင်သို့ ကူးပြောင်းပျံ ဝဲ၍ ပျော်ပါးနီကတ်သည်။ ယင်းမြင်ကွင်းကို မြင်ရ၍သူ၏ စိတ်ထဲမာ အကြီနပ်ကြီး ကြီနပ်နီမိ၏။ အိမ်ထဲဖက်က အ သျှေတိစာဆိုသံကိုလည်း ကြားနီရ၏။

"ဟေး ဆောင်းသဇင် ဟေး ဆောင်းသဇင် ငါရို့ရောက် လာယာဒေ"။

သန်းသန်းအေး၏ခေါ်သံကြောင့် အိမ်ထဲကမိမသျှေတယော က်ထွက်လာ၏။ အသားအရောင်ဖြူစင်ဝင်းပပြီးကေ မတို မရှည်သောအရပ်နန့် မပိန်မဝသောခန္ဓာကိုယ်ကို ပိုင်ထား သူတယောက်။ မျက်ခုံးသျှေကား လခြမ်းပုံစံနန့်အပြာရောင်

မျက်လုံးနှစ်စုံကလည်း ကကောင်းပင် ဆွဲဆောင်မှုဟိ၏။ ပီတုန်းရောင်တောက်နီသော ဆံကေသာအလှကလည်း တင်သားဖုံးထိရှည်ပြီးကေ မြင်ရသူတိုင်း ကြက်သရည်ဟိ၏။ သန်းသန်းအေးကိုပြုံးလျှက် နှုတ်ဆက်နီသော သူမ၏အပြုံး သည်လည်း ကဗျာဆရာရို့တောင်မှ ကဗျာပေါင်းများစွာကို စပ်ဆိုလို့ရနိုင်ပေမည်။

"ဟေး . . အော် . . အာဂန္တုလေ့ပါလာစွာကို အားနာဖို့ ကောင်းလားပါပျာ။ နင်မိုးထကလာဖို့ဆိုပြီးကေ အဂုမှလာ ရေကာ။ ဒေအချိန် စာသင်ချိန်ကို နင်လေးသိယင့်နန့်"။

လီသံအီးအီးသျှေနန့် ပြောနီသော သူမ၏စကားကိုနား ထောင်ယင်း ဝေလတယောက် ကကောင်းပင်ငြိမ်သတ်နီ၏။ ကမ္ဘာ့လူငယ်သျှေတိက တလောကလုံး၏ အချစ်ဘုရင်၊ အချစ် ကိုဖန်ဆင်းပီးသူ၊ မိမနန့်ယောကျ်ားကြားမာ နှလုံးသားချင်း ထပ်တူကျယောင် အောင်သွယ်ပီးသူအဖြစ် တင်စားထား ကတ်သော မြှားနတ်မောင်သျှေ၏ အချစ်မြှားစူးသည် ဝေ လ၏ရင်ဖက်ထဲသို့ တည့်တည့်မတ်မတ် ဝင်ရောက်လားသည် ဟုထင်ရ၏။

"ငါ မိုးထကလာဖို့လို့၊ ခင်ခင်အလုပ်ခိုင်းနီစွာနန့်လာ ဖို့မရလိုက်။ အရီးရို့အခင်ရို့ကာ ယကေ"။

"ဘာဘာနန့်အမိရို့ အိမ်မာပရိတ်နာချင်လို့ ဘုန်း ကြီးပင့်ဖို့ လားခကတ်တေဟန်။ ယကေ နင်ရို့ တနားသျှေ ထိုင်ပျာ စောင့်နီလို့ရဖို့လား။ နောက်နာရီခွဲလောက်ဆိုကေ ကျီဖို့ပျာဒေ"။

"ရရေ အခြားလူကားမဟုတ်။ စကားလုပ်လို့ ပြောနီ ဖို့လိုလာ"။

"ဒေက မောင်းမောင်ကို အားနာလားပါပျာ တနားသျှေ

ပါနှုန်း"။

"ရပါရေ စိတ်ချလက်ချသင်ပါ။ အားနာဖို့ မလိုပါ။ ကျွန်တော်က ဒေသူနန့် အဖော်လိုက်လာစွာပါရာ"။

ဆောင်းသဇင်သည် အာဂန္တုတိအား ဧည့်ခန်းမာ ထားခပြီးကေ အသျှေတိကို စာသင်ဖို့ထွက်လားခ၏။ စာသင်၍ပြီး သောအခါ စကားတအောင့်တနား ထိုင်ပြောကတ်သည်။ သန်းသန်းအေးမာကား အကြံအစည် ပါလာပြီးသားဖြစ်၍ ဝေလနန့် ဆောင်းသဇင်ကို သူငယ်ချင်းဖွဲ့ပီးလိုက်သည်။ စကားပြော၍ပြီးလျှင် အိမ်သို့ပြန်လားကတ်သည်။

ဝေလတယောက် လမ်းမထက်၌ စက်သီးမောင်းနီခြင်းကား အသက်မပါသကဲ့သို့၊ နောက်မှ သန်းသန်းအေး ပါလာခြင်း ကိုပင် သတိထားမိလီလား။ သန်းသန်းအေးရို့အိမ်နားသို့ ရောက်သော်လေ့ ချထားခရန်သတိမရပဲ ဖြစ်နီ၏။

"ဟေး လေးလုံး ငါရို့အိမ်ကို ကျော်လားယာ။ ချထား ခဖိငါ့ကို။"

"အော် . . အေး . . ဆော်ရီ သူငယ်ချင်း။ ငါအ တွေးတဆိကေ ပြန့်လားလို့။"

"အု ငါမသိထင်လာ။ နင် ဆောင်းသဇင်ကို မြင် လောက်ကပင် ပုံမှန်မဟုတ်စွာကို ငါသိရေ။ နင့်ကိုငါ အကဲ ခက်မိလိုက်တေ။ နင် ဆောင်းသဇင်ကိုကြိုက်ကေ ငါကူညီပီး မေ။ ယေဒါလေး အလကားမရ။ ငါ့ကို နိတိုင်း စာကူးပီးရဖို့၊ မုန့်ကျွေးရဖို့။"

"အော် နင်ကသူငယ်ချင်းအချင်းချင်း ကူညီပီးမေလို့ မပြောပဲ စီးကိုင်ထားသီးရေ။ စာကူးပီးဖို့ မုန့်မကျွေး။"

"ဟေး.. ငါက မျက်နှာအပျက်ခံပနာ ကူညီရဖို့ ဒေ လောက်တော့ခါ ရင်းပီးရဖို့ပ။ မကျွေးလေ့ရရေ။ ငါမပြော ပီးပဲနီဖို့။"

"ဟေး ဟေး အော် မေသျှေလေ၊ ဂွကျမလားဂု။ ကျွေးပါမေ။ စိတ်ကောင်းဆိုကေ ငါးပြားဖို့လေ့မဟိ။ ယေဇု နန့် ဂွတိုမဖြစ်နီစွာယေ။"

"နင် ပြောချင်ပိုင်ပြော စားရကေကျိီယာ ဟ ဟ။" ကြိုက်မရှက်၊ ငိုက်မရှက်ဆိုသော စကားပုံကို လက်မခံပဲနှစ်ပေါင်းများစွာ ဆန့်ကျင်လှာခသည်။ သို့သော် ဒေဂုအချိန်မှာ ယင်းစကားပုံကိုဆန့်ကျင့်ဖို့ ဝေလတယောက် စကားလုံးရှာ၍မရနိုင်။ ယင်းကြောင့် သူ၏အချစ်ဒဿနစာ အုပ်ကို ဖတ်ရန် အားရပါးရဖွင့်လိုက်သည်။

# အခန်း (၂)

ကျောင်းပိတ်ချိန်ဆိုလျှင် အပြင်သို့မလားပဲ အိမ်ထဲမာနီပြီး
ကေ စာအုပ်ဖတ်နီတတ်သူ၊ မိမသျှေတိနန့် ခွာခွာနီတတ်
သော ဝေလတယောက် အဂုအခါ၌ မင်းဂံရပ်ကွက်သို့ တ
လင်းဂနီနိတိုင်းလားဖြစ်သည်။ များသောအားဖြင့်သန်းသန်း
အေးနောက်က ပါလှာတတ်သည်။ ခတ်တည်တည်နန့်စကား
ပြောပြီးကေ တည်တည်ငြိမ်ငြိမ် နီတတ်သောကြောင့် မိမ
သျှေတိက မာနကြီးသူအဖြစ်သတ်မှတ်ခံထားရသူတယောက်
အချစ်ဆိုသော အနှစ်သာရကို ဆောင်းသဇင်နန့်တွိခါမှ ခံ
စားဖို့တတ်သည်လား။ သူ့ကိုယ်သူ မီးခွန်းပေါင်းမြောက်များ
စွာနန့် ကျင်ကိုင်နီ၏။
အချစ်ဟူသည် ဘဝအတွက် မည်မည်ရရ အဓိပ္ပာယ်မဟိ
ခြင်းအဖြစ် သတ်မှတ်ထားသူ၊ မလိုအပ်လျှင်အပြင်သို့မထွက်
တတ်သော အချိန်ပိုင်းပြ ကျောင်းဆရာမသျှေတယောက်၊
သူငယ်ချင်း၏ မြှောက်ထိုးပင့်ကော်လုပ်မှု၊ စာပီသမားပီပီ
တည်တည်ငြိမ်ငြိမ်နန့် ပြောတတ်သော ဝေလ၏စကားသံတိ
ကြောင့် အချစ်ဆိုသည်မာ ဘဝ၏အဓိက အခန်းကဏ္ဍအဖြစ်
ခံယူလိုက်သူဆောင်းသဇင်။
သူရို့နှစ်ယောက်သည် အဝီးသင်တက္ကသိုလ်ပညာရီးနန့်ကျောင်း
ပြီးကတ်သည်။ ဝေလသည် သူဝါသနာပါသော စာရီးဆရာ

အလုပ်ကို လုပ်ဖို့ကြိုးစားယင်း သူ့ဝရီး၏ကွန်ပျူတာ သင်တန်း အကူဆရာလုပ်၍ စာအုပ်စာပီတိကို လိလာနီသည်။ တခါ တရီမာ မဂ္ဂဇင်းတိုက်တိသို့ စာမူပို့ပီးနီသော စာရီးဆရာပေါက် စသျှေ။ ဆောင်းသဇင်သည်လည်း သူမ၏ဝါသနာအလျှောက် ကျောင်းဆရာမလုပ်နီ၏။

သူရို့၏ချစ်ခြင်းသည် တနှစ်ထက်တနှစ် ပို၍ခိုင်မာလှာ၏။ တည်တည်ငြိမ်ငြိမ်နန့် တယောက်ကိုတယောက်အလွန်တရာ သံယောဇဉ်ဟိကတ်သည်။ အချစ်ကို ယုံကြည့်မှုအပြည့်ဖြင့် တည်ဆောက်ထားသောကြောင့်အခြားစုံတွဲတိပိုင်တယောက် ကိုတယောက် မာန်မပါကတ်ပဲ နားလည်မှုထားကတ်သည်။ သူရို့နှစ်ယောက်၏ ချစ်ခြင်းကို အခြားစုံတွဲတိက စံပြအဖြစ် ပြောလှာကတ်သည်။

"ဆောင်းကို နက်ဖန်ခါအမိနန့်တွိဖို့ ပြောထားရေမ လား။ ရွာမာ အမိစောင့်လို့ဟိဖို့။ ယောက်ခမလောင်းနန့်တွိ ဖို့အတွက် အလှဆုံးဆင်ထားဖိယေ"။

နှလုံးသား၏ သို့မဟုတ် တဘဝလုံးလက်တွဲဖော်ဖြစ်သူ အ ချစ်ရဆုံးဆောင်းသဇင်နန့် သူ၏မိခင်ကြီးရို့အား အသိပီးဖို့ အတွက် ပြုံးပြုံးစိစိနန့် သူမကိုပြောလိုက်သည်။

"ကိုဝေလခေါ်လို့ လိုက်ရဖို့စွာယာ။ အရီးနန့်တွိဖို့စွာ ကို ဆောင်းကြောက်တေ။ စိတ်ထဲမာ တခုခုကိုတွေးပနာ ကြောက်နီရေ။ ယင်းဟင့်ကို ကိုဝေလသိလိမေ။ ဆောင်း ထင်ထားရေပိုင် အရီးခွဲဖို့ဆိုကေ ဇာပိုင်လုပ် ကတ်ဖို့လေး။ ဆောင်းလေ ကိုဝေလကိုမခွဲနိူင်။ ကံမကောင်းလို့ ခွဲကတ်ရ ဖို့ဆိုကေ ဆောင်းလေ ကိုယ့်ကိုကိုယ် သက်လို့သီမိလိမေ။"

"ဟား . . ဟား . . ဇာတိပြောနီလေ ဆောင်း။ ဒေက မောင်ဝေလအချစ်တော် မဆောင်းသဇင်ကို တွိလိုက်စွာ

နန့် တခါတည်း မလားကေ့ဖိလို့တောင် ပြောလိမေ။ ဒေ လောက်လုပြီးကေ ချစ်ဖို့ကောင်းရေ ခြုပ်မလောင်းသျှေကို ဇာသားသျှင်ကပင် သဘောမတူပဲနီဝံ့ဖို့လေး။ နိမိတ်မဟိ န မာမဟိ မပြောကေ့နန်း။ သန်းသန်းအေးလေ့ အဖော်ပါဖို့မ လားယေ"။

"ကိုဝေလပြောရေပိုင် ဖြစ်ပါစီလို့ ဆောင်းဆုတောင်းနီရေ။" နောက်တရက် မိုးလင်းသောအခါ ဝေလ၊ ဆောင်းသဇင်၊ သန်းသန်းအေးရို့သည် စစ်တွေမြို့ကနီ၍ ပုဏ္ဏားကျွန်းမြို့ နယ် ဘဲခိုကျေးရွာသို့ ထွက်လာကတ်သည်။ လမ်းခရီး မရှည် သော်လည်း လမ်းပန်းဆက်သွယ်ရီး မကောင်းသောကြောင့် တရက်ခရီးလားရ၏။ဝေလသည် ဝမ်းသာကြည်နူးခြင်း ကိုယ့် ကိုကိုယ် ယုံကြည်စိတ်ချခြင်းတိနန့် လမ်းတလျှောက်လုံးပျော် ရွှင်နီ၏။ ဆောင်းသဇင်မာကား ရင်တမမနန့် မလိုအပ်ပဲ ပြ ဿနာတခုခု ဖြစ်လာမည်လားဆိုသော ကြောက်လန့်စိတ် ဖြင့် တလမ်းလုံးငြိမ်သက်နီ၏။ ညဇာဖက် ခြောက်နာရီခန့် လောက်မာ ရွာသို့ရောက်လားကတ်သည်။ ဝေလ၏မိခင်နန့် သူငယ်ချင်းရို့သည် ဘုတ်ဆိပ်တွင် လာစောင့်ကတ်သည်ကို မြင်ရ၍ ဆောင်းသဇင်၏ကြောင်းကြစိတ်သည် တဆိကေမျှ သက်သာရာရလား၏။ ဘဲခိုရွာသျှေသည်အိမ်ခြီတရာကျော် လောက်သာဟိ၏။ ကစ္ဆပနဒီမြစ်နန့် ယိုးချောင်းမြစ်ကြားမာ ဟိသောကြောင့် မြစ်နှစ်ခု၏သဘာဝအလှဖြင့် ရွာငယ်သော် လည်း သဘာဝကျ၏။ ရွာသားရို့၏ လှိုက်လှိုက်လှဲလှဲ ဆက် ဆံတတ်မှုကြောင့် ရွာကိုအလယ်လာသူဟူသရွှိ ပျော်ရွှင်ကတ် သည်။ အိမ်သို့ရောက်သည်ချက်ချင်း ဝေလသည် သူ၏မိခင် နန့်သူ၏အချစ်ဆုံး ဆောင်းသဇင်၊ သန်းသန်းအေးရို့ကို မိတ် ဆက်ပီး၏။

"ဒေဖက်က သန်းသန်းအေးပါ၊ ဒေသူကတော့ခါ ဆောင်းသဇင်ပါ။ အဝေး မင်းရှိ့လေ့မှတ်ထားကတ်။"
သူသည် မိခင်နန့်အသိပီးပြီးနောက်ပိုင်း သူငယ်ချင်းတိဖက် သို့လှည့်၍ အသိပီးလိုက်သည်။ သောင်းထွန်း ရှိ့အုပ်စုသည် မြို့သူမသျှေနှစ်ယောက်ကို နပ်ယောင်ကားခံနီကတ်သည်။ အဆိုးဆုံးကကျော်ပု မြင်မြင်ချင်း သန်းသန်းအေးကို မျက်စိ နိုပ်ပြ လျှာထုတ်ပြနန့် နပ်ယောင်ကားလုပ်ပြနီသည်။ သူမ မာရှက်သွီးဖြာ၍ အနီရအထိုင်ရ ခက်လှာသောကြောင့် ကျော်ပုမျက်နှာကို တည့်တည့်မကြည့်ဝံ့ပဲ ဖြစ်နီ၏။
"သားကြီးပြောပြထားလို့ ဆောင်းသဇင်နန့်သန်းသန်း အေးကို မမြင်ဖူးလောက်ကပင် အရီးစိတ်ထဲမာ ရင်းနှီးနီယာ ။ ကိုယ့်သမီးသျှေတိပိုင်ယှောင် ဖြစ်နီယာဒေ။ တခုလေ့အား မနာကတ်ကေ့နှန်း ကိုယ့်အိမ်ပိုင်မှတ်လို့နီကတ် ကြားလာ။ လမ်းမာပင်ပန်းလာကတ်တေမလား ရီမိုးချိုးပနာ ထမင်းစား ပြီးခါမှ စကားပြောကတ်ဖို့ယာနှန်း။"
"ဟုတ်ပါယင့်။"
"ဟေး ထွီးသျှေ ဒေသူရှိ့နှစ်ယောက်ကို ရီချိုးဖို့လုပ် ပီးလိုက် ကြားလာ။"
"ဟုတ်ပါယင့် ရီးရီး။"
အားလုံး ကိစ္စဝစ္စအပြီး ထမင်းစားသောက်လို့လည်း ပြီးသည် နန့် ဝေလသည် သောင်းထွန်းရှိ့ အုပ်စုလာခေါ်၍ လမ်း လျှောက်ရန် ထွက်လားခ၏။ ဆောင်းသဇင်နန့် သန်းသန်း အေးရှိ့နှစ်ယောက်သည်ကား အိမ်မာကျန်ခပြီးကေ အရီးမ ညိုနန့် စကားပြော၍ကျန်ခသည်။ လမ်းခရီးတလျှောက်လုံး ပင်ပန်းလှာ၍ အိပ်ရာကိုယ်စီ ဝင်လားခကတ်သည်။ မိုးလင်း စောစော ပြန်ကတ်ရန်အတွက် ဝေလရှိ့သူငယ်ချင်းတဖွဲ့

ဘုတ်ဆိပ်တွင် စောင့်နီကတ်သည်။ ညဇာဖက်တွင် ဘုတ်ဆိပ်မာလာစောင့်နီသော ဝေလ၏မိခင်သည် မိုးလင်းလို့ပြန်မည်ဆိုသောအခါ ဆိပ်ကမ်းသို့မရောက်လှာ။ ညဇာဖက်က သူရို့နှစ်ယောက်၏ချစ်ခြင်းကိုဖျက်စီးရန် ကံကြမ္မာဆိုးတခုကို ဖိတ်ခေါ်လိုက်တေပိုင် တဟုန်ထိုး ဝင်ရောက်ခသည်ကို ဝေလ တယောက်မသိလိုက်။ အချစ်စစ်ရို့မည်သည် သာယာဖြောင့်ဖြူးရိုးထုံးစံမဟိုဆိုသောစကားသည် သူရို့အတွက်မှန်ကန်နီလားလို့ မီးဖို့မလိုလောက်ယောင်ထိ တိုက်ဆိုင်နီ၏။ ဆောင်းသဇင်သည် နှလုံးကွဲမတတ်မယောင် ငိုပစ်ချင်သော်လည်း ဝေလအားမသိစီချင်သောကြောင့် ဝမ်းနည်းစိတ်ကို အောင့်ခံထား၏။ သူမရို့နှစ်ယောက်လုံး မျက်နှာမကောင်းသည်ကိုကား သူသတိထားမိဟန်ဟို၏။

"တာ့တာနန်း ဆောင်း။ ဆောင်းကို ငါလိုက်ပို့ချင်ရေ။ အမိနီမကောင်းဆိုကာ သုံးရက်လောက် နီခဆိုလို့ နောက်အပတ်ခါမှ လာဖို့ယာ။ ငါလာခါမှတွိကတ် ဖို့ယာနန်း။

"ရရေ ကိုဝေလ။ ဆောင်းစောင့်နီမေ။"

"သူငယ်ချင်း . . ဆောင်းကို တခေါက်လောက် အဖော်လုပ်ပီးထားနန်း။ နောက်တရက် နှစ်ရက်လောက် နီအုံးသီးဆိုလို့မရ။ လားချင်နီယာဆိုလို့ ခွင့်ပြုရစွာရာ ငါစိတ်မကောင်း။"

ဝေလသည် စိတ်မကောင်းသောမျက်နှာထားနန့် သန်းသန်းအေးကို ပြောလိုက်သည်။

"ရရေ သူငယ်ချင်း နင်အယင်ပြန်ပါလတ်။ နင်ရောက်ခါမှ ငါရို့စကားပြောကတ်ဖို့ယာ။ ဘုတ်လေ့လာနီယာထော။ တာ့တာနန်း သူငယ်ချင်း။"

ဘုတ်ထက်သို့တက်၍ အားမဟိသောမျက်နှာထားနန့် တာ့တာပြနီသော ဆောင်းသဇင်၏မျက်နှာကို မြင်ရသော ကြောင့် သူသည်စိတ်မကောင်းဖြစ်နီ၏။ ကျွဲကြောင်းချောင်းမှ ယိုးချောင်းမြစ်သို့ ဘုတ်ထွက်လားယောင်ထိ လိုက်၍ကြည့်နီမိသည်။ သောင်းထွန်းသည် သူငယ်ချင်း၏ အပြုအမူကို မြင်ရသောကြောင့် လိုင်ဖက်ပြီးအိမ်သို့ပြန်ခေါ် လှာ၏။

မခီနန့် ဘားဟွင်ရို့၏ ဘဝတသက်မာ သမီးသျှေတယောက် ရာဟိ၏။ဆောင်းရာသီဝင်စည့်အခါမာ မွီးဖွားထားသောကြောင့် နာမည်ကို ရခိုင်အမည်မည့်ထား၏။ အသျှေကပင် လိမ်လိမ်မာမာနန့် တည်တည်ငြိမ် ငြိမ်နီလာသော သမီး သျှေကို ရက်ပြတ်အတင့်ကြည့်နီကတ်၏။ သူမသည် သူရို့ဇနီမောင်နှံနှစ်ယောက်အတွက် အနာဂတ်ဖြစ်သည်။ အရာအားလုံးဆိုသော်လည်း ဖြစ်နိုင်၏။ သူမ၏ချစ်ဖို့ကောင်းသောအပြုံးသျှေသည်ပင် သူရို့အတွက် အားဆီးဖြစ်နီသည်။ မည်သည့်အလုပ်ကိုပင်လုပ်လုပ် သမီးသျှေအတွက်ဆိုကာ လင်မယားနှစ်ယောက် ပြောလိဟိကတ်သည်။ သို့သော် အရာရာကို စိတ်ပျက်လက်ပျက်ဖြစ်သည့်ပုံစံနန့် အိမ်ထက်သို့ တက်လာသောသမီး၏အရုပ်ကိုမြင်လိုက်ရသောကြောင့် သူရို့နှစ်ယောက်လုံးသည် ရင်တဒုန်းဒုန်းနန့်စိတ်တုန်လှုပ်လားကတ်သည်။ မခီသည်စိတ်မကောင်းစွာဖြင့် သူရဲပြီးခန်း၌ ထိုင်ကျန်ခ၏။ ဘားဟွင်သည် မိခင်ရို့ဝတ္တရားအတိုင်း သမီးနောက်မှ လိုက်ပါလားခသည်။

"အ့လာပိ(အပုသျှေ) မျက်နှာညှိုးနီကာ ဇာဖြစ်လာလေ။ ဝေလနန့် စကားများလာကတ်လာ။ သူ့ကိုကြည့်ရစွာ ယဉ်ယဉ်ကျေးကျေးသျှေနန့် တည်တည်ငြိမ်ငြိမ်မြင်ကာ။ အ့လာ

ပိကိုလေ့ အလိုလိုက်တေ ပုံစံရာ။"
သူမ၏ဝမ်းနည်းစိတ်တိကြောင့် မျက်ရည်စက်သျှေတိ စီးကျ နီ၏။ တယောက်ယောက်ကို ရင်ဖွင့်ပစ်ချင်သော သူမ၏ စိတ်တိလည်း ဂနာမငြိမ်ဖြစ်နီသည်။ မည်သည့်အချိန်မာမဆို သူမကို နားလည်ပီးနိူင်ဆုံးဖြစ်သောမိခင်သည် သူမအနား သို့ရောက်လာသောကြောင့် ပိုပနာဝမ်းနည်းစိတ်ဝင်လား၏။ သူမ၏နှလုံးသားတွင် ရဟိလှာသော ခံစားချက် အပိုင်းအစ သျှေတိအား မိခင်ရင်ခွင်မာမှီယင်း မြောင်ရီကျခြင်းအလား တရဟော ဖွင့်ဟလိုက်သည်။ ။

"သူ့ကို ချစ်မိစွာ အ့လာပိအပြစ်ပါလား အော့နွယ် (အမိ)။ သူနန့်တခုလေ့ မဖြစ်လာပါ။ အဂုဖြစ်လာစွာက သူ့ အမိပြောရေစကားကို အ့လာပိ ဝမ်းနည်းပါရေ။ သူ့အမိက ငါ့ သားနန့်သဘောတူထားရေ မိမသျှေတယောက် ဟိရေ လတ် ။ "
အိမ်ထဲခန်းမာ သားမိနှစ်ယောက် ပြောနီကတ်သောအသံကို ကြားရသောကြောင့် မခီတယောက် စိတ်မကောင်းဖြစ်နီ၏ ။ မနီနိူင်သောနောက်ဆုံးတွင် အိမ်ထဲခန်းသို့ဝင်လားပြီး . . .
"အစကပင် ပြောခချင်ရေ။ ယေဒါလေး အ့လာပိ စိတ်မချမ်းသာပဲ ဖြစ်နီလတ်မေကြောက်လို့ အော့ပါယ်(ဘာ ဘာ) မပြောခစွာ။ ဒေပြဿနာကြောင့် ကြာလီ စိတ်ဆင်းရဲ ရလီဖြစ်ဖို့။ ယင်းသူနန့် အဆက်အသွယ်ဖြတ်လိုက်ဖိ။"
"နီပါအုံးသီး အော့ပါယ်။ ကိုဝေလနန့်တွိပနာ ဇာပိုင် ဖြစ်သင့်လေဆိုစွာကို တိုင်ပင်ကြည့်လိုက်ပါအုံးမေ။"
သူမသည် မိဖနန့်စကားပြောနီသော်လည်း စိတ်ထဲမာ ဝေလ နန့်တိုင်ပင်ရန် အားယူနီသည်။

*********************************

သုံးရက်ဆိုသောအချိန်သည် ဝေလအတွက် တနှစ်လောက်ကြာသည်ဟုပင် ထင်ရ၏။ အယင်ကသုံးလ၊လေးလလောက် မတွိဖြစ်သော်လည်း တဆိကေလောက် သတိရခြင်းကလွဲ၍ အများကြီးမခံစားရ။ ဂေုတခေါက်တွင်ကား စိတ်ထဲမာ တအောင့်အောင့်ဖြစ်နီသည်။ မည်သည့်အကြောင်းကြောင့် ဖြစ်သည်ကို သူ့ကိုသူ ရက်ပြတ်မီးဖြစ်သော်လည်း အဖြေကို ရှာမရပဲ ဖြစ်နီ၏။ တနင်လာနိဘုတ်ထွက်သည်နန့် ပုဏ္ဏားကျွန်းကတဆင့် စစ်တွေသို့ ချက်ချင်းလိုက်ပါလား၏။ ညဇာဖက်ငါးနာရီလောက်အချိန်တွင် ဝေလ၊ ဆောင်းသဇင်၊ သန်းသန်းအေးရို့သူငယ်ချင်းသုံးယောက် ရှုခင်းသာလမ်းမာ တွိကတ်သည်။ သန်းသန်းအေးသည် အလိုက်သိစွာဖြင့် မလှမ်းမကမ်း ခုံတခုံတွင် တယောက်တည်းထိုင်ကာ သူငယ်ချင်းစုံတွဲကို အကဲခပ်ကြည့်နီ၏။

"ဆောင်း ဇာဖြစ်လို့အယင်ပြန်လားခလေ။ ငါစီစိုင်ထားစွာ တပါတ်လောက်နီပြီးခါမှ ပြန်လာကတ်ဖို့လို့။ ဆောင်းအဂုပိုင် ချက်ချင်းပြန်လားခလို့ ငါစိတ်မကောင်းဖြစ်တေ။ ဆောင်းကိုစိတ်ပူရေ။ ဇာဖြစ်လေ့မသိ အယင်ကထက် ပိုလို့သတိရရေပိုင်တွိရေ။"

"ဆောင်းလေး ကိုဝေလကိုသတိရရေ။ မီးချင်ရေစကားတိလေ့ အများကြီးဟိလာရေပိုင်၊ ပြောချင်ရေစကားတိလေ့ အများကြီးဟိနီရေ။"

"ပြောလေ ဆောင်းစိတ်ထဲဟိစွာ အားလုံးကိုပြော၊

မီးချင်စွာဟိစွာကိုလေးမီး တခုလေ့မဝှက်ထားကေ့။"

"အယင်က ဆောင်းစိတ်ထဲမာလေ အချစ်ဆိုစွာကို

ကဗျာဆရာ၊ စာရိုးဆရာတို စိတ်ကူးယဉ်ပျာ ရီးထားစွာတိ ရာ။ ဘဝအတွက်အရိုးမပါရေ စိတ်ကူးယဉ်နာမ်စားတခုရာ ဖြစ်တေလို့ ဆောင်းယုံကြည်ထားခရေပိုင် သူမျှားကိုလေ့ ပြောဖူးခရေ။ ယေဒါလေး ကိုဝေလနန့်တွိပြီးရေနောက်ပိုင်း မာ အချစ်ဆိုစွာကို ကကောင်းကြီး နားလည်သဘောပေါက် လားရေ။ ကိုဝေလကိုလေ ဆောင်းကကောင်းချစ်တေ။ ကို ဝေလကာ ဆောင်းကို အမှန်ချစ်ခလာ။ ဆောင်းကိုဇာ လောက်ထိချစ်လေ။ ဆောင်းကို . . "

စကားပြောနီယင်းနန့် သူမ၏ထိမ်းသိမ်းထားသော ဝမ်းနည်း စိတ်မျှားသည် ပွင့်အင်ထွက်ကျလှာ၏။ စကားပြော လီသံ သည်လည်း မဝံ့မရဲနန့်တုန်လှုပ်လာ၏။ ရှင်လဲ့လဲ့ဖြစ်နီသော အပြာရောင်မျက်လုံးနှစ်စုံက မျက်ရည်ဥမျှားသည်လည်း အ လိုလိုစီးကျလှာသည်။

ယင်းမြင်ကွင်းကို မြင်ရသူ ဝေလ၏နှလုံးသားကို မြှားအစင်း တထောင်လောက် ဝင်ရောက်လာသည်အလား ခံစားလိုက် ရ၏။ သူမ၏လက်ကို တယုတယနန့်ဆုပ်ကိုင်လိုက်သည်။ ည ဇာဖက်ဆည်းဆာရောင်အလှအောက်တွင် ပန်းပွင့်သျှေတိ ယှောင် နုညံ့သိမ်မွီနီသော သူမ၏ပါးပြင်ထက်က စီးကျနီ သော မျက်ရည်စက်သျှေတိကိုသုတ် ယင်း ညင်သာသောလီ သံဖြင့် စကားပြောလိုက်သည်။

"ထပ်လို့မပြောကေ့ဖိဆောင်း။ ငါနားထောင်ဖို့ အင် အားမဟိယာ။ ဇာဖြစ်လို့ဒေစကားတိကို ပြောနီလေ။ အမိ နန့်စကားမျှားခကတ်လာ။ အမိလေ့ ငါ့ကိုတခုလေးမပြော ကာ။ မဟုတ်ပဲနန့် အခင်နန့်အရီးရို့ သဘောမတူကတ်လား ။"

"ဘာဘာနန့်အမိ သဘောမတူစွာမဟုတ်။ အရီးလေ့

သော တခုလေ့မပြော။ အစကပင် ဒေလမ်းကိုလျှောက်ကေ ဒေပိုင် ဖြစ်လှာဖို့ဆိုစွာကို ဆောင်းသိနီခရေ။ ယေဒါလေး ကိုဝေလကို ချစ်အားကြီးလို့ စူးခင်းလမ်းဆိုစွာကို သိယင့်နန့် မျက်စိနိုပ်ပျာ ဆောင်းလျှောက်ခရေ။ ဆောင်းနန့် ကိုဝေလ ရှိ့ကလူမျိုးလေ့မတူ စကားပြောလေ့မတူ။ အချစ်ဆိုစွာ တခု တည်းနန့်ဆောင်းရှိ့ဘဝ အီးချမ်းဖို့မဖြစ်နိုင်ဆိုစွာကိုဆောင်း သဘောပေါက်တေ။ ယေဇုနန့် ဆောင်းရှိ့လမ်းခွဲ . . . "

သူမသည် စီးကျနီရေ မျက်ရည်တိနန့်အတူ စကားသံတိပါ တုန်လှုပ်နီ၏။ပါးစကမပြောချင်သော်လည်း ပြောသင့်သော စကားဖြစ်သည်ဟု ထင်သောကြောင့် ပြောလိုက်မိသည်။

"ဆောင်း . . . "

သူ၏ပန်းနုရောင် နှုတ်ခွမ်းနှစ်ခုကြားက မဝံ့တဝံ့လွမ်းခွဲ . . . ဆိုသော စကားမဆုံးခင်မာ ဝေလသည် ပေါက်ကွဲသံနန့် အတူ ထိုင်ရာမှထပြီး သူမအားနောက်ခိုင်းလိုက်သည်။ ပင် လယ်ကမ်းနားဖက်သို့ ခြီလှမ်း လေးငါးခြောက်လှမ်း လှမ်း လျှောက်လိုက်သည်။ ရင်ဘက်ထဲမာ မြင်းအကောင်တ ထောင်မက မိုင်တိုင်တထောင့်ငါးရာလောက်ခရီးကို ဒုန်း စိုင်းပြီးနီကတ်သည်။ မည်သည့်စကားကို မည်သို့ဆိုရမှန်းမ သိပဲ တဒင်္ဂလောက်ငြိမ်သက်ပြီးခါမှ ဒေါသကိုထိန်းပြီး တုန် လှုပ်နီသောလီသံနန့် ပြောလိုက်သည်။

"ဆောင်း . . ငါ့ဘဝမာလေ အချစ်ဆိုရေစကားကို ယောင်လို့တောင့်မပြောခ။ ငါစွာ စာရီးဆရာကြီးမဟုတ် ကေလေ့ စာရီးနီသူတယောက်ဖြစ်တေ။ ယေဒါလေး အချစ် အကြောင်းကို တခါလေ့မရီးဖူးခ။ ဆောင်းနန့် တွိခါပြီးမှ အ ချစ်အကြောင်းကို ရီးတတ်လှာရေ။ ခံစားဖို့တတ်လှာရေ။ အချစ်ငှအနှစ်သာရတိကို ငါနားလည်လှာရေ။ အမျိုးအမျိုး

ကဗျာဖွဲ့ရေ၊ စာဖွဲ့ရေ။ ဆောင်းအချစ်ကြောင့် စာရီးဖို့အတွက် ငါ့အတွေးတိကိုအများကြီး ပွင့်လင်းစီရေ။ ယင်းဟင့်တိ အားလုံးစွာ ဆောင်းကိုလုံးဝမခွဲနိုင်ယာဆိုရေ သင်္ကေတ တိဖြစ်တေ။ ငါ့ကိုနောက်တခါ လွမ်းခွဲဖို့ဆိုရေ အသုံးအနှုန်း ကို လုံးဝမပြောကေ့။ ငါ့ကိုဇာဖြစ်လို့ ဒေစကားကိုပြောစွာ လေး။ အယင်က ဒေပိုင်တခါလေ့မပြောဖူး။ အမိနန့်ဇာဖြစ် လာကတ်လေ ငါ့ကိုအမှန်အတိုင်းပြော။"

"အရီးနန့်တခုလေ့ မဖြစ်လာ။"

အဝီးမာထိုင်နီသော သန်းသန်းအေးသည် စိတ်မကောင်းဖြစ် ပြီးကေ ထိုင်စောင့်နီယင်းသည်းမခံနိုင်ဖြစ်လှာသောကြောင့် သူရို့အနားသို့လားပြီးကေ ဘဲခိုရွာမာဖြစ်ပျက်ခသော အ ဖြစ်အပျက်ကိုပြောပြလိုက်သည်။

"နင့်သူငယ်ချင်းတိခေါ်လို့ နင်ရွာထဲသို့လားခရေခါ ငါရို့တိ နင့်အမိနန့်စကားပြောဖြစ်ကတ်တေ။ ပြောယင်းနန့် နင့်အမိကစပနာ ဆောင်းသဇင်နန့်သဘောမတူနိုင်ကြောင်း၊ နင့်ကိုရန်ကုန်က ဆရာဝန်မ သွယ်သွယ်လှိုင်နန့် သဘောတူ ထားကြောင်း၊ လူကြီးအချင်းချင်း စကားပြောပြီးယာ ဖြစ် ကြောင်းတိကို တခုမကျန်ယောင် ပြောရေ။ ယင်း အချိန်မာ ဆောင်းသဇင် ဇာပိုင်ခံစားရဖို့လေး နင် စိုင်းစား ကြည့်ကေ သိဖို့။ ငါတောင်မှ ဇာပိုင်ယျောင် နီရဖို့စွာကိုစိုင်း စားလို့မရ ဖြစ်လားခရေ။ နင့်ကို ဆောင်းသဇင် ကကောင်းချစ်လို့ အဂု ပိုင်လာတွိနိုင်စွာ။ သာမန်အချစ်ဆိုကေ ယင်း နိကပင် နင် နန့်ကွဲလားခယာ။

သူငယ်ချင်းအတွက် စိတ်မကောင်းဖြစ်နီသော သူမ၏ပြတ် ပြတ်သားသားပြောသံကြောင့် ဝေလတယောက်ပါးစဟောင်း လောင်းဖြစ်ပြီး စကားအဆက်ပြတ်လား၏။ အချစ်သည်

ဘဝ၏ စမ်းချောင်းဖြစ်ခဲသော် ဆောင်းသဇင်သည် သူ့အ တွက် စမ်းရှိဖြစ်သည်။ သူသဘောပေါက်လိုက်သည်ကား ငါ လျှောက်ရမည့်အချစ်ခရီးလမ်းသည် အလွန်တရာခြောက်သွေ့ ပြီး မြစ်ချောင်းအင်းအိုင်မဟိသော ကျယ်ပြန့်သောကန္တာရ လွင်ပြင်ကျယ်ကြီး ဖြစ်နိုလိမည်။ သို့သော် မည်သို့ပင်ကျယ် ပြန့်လီပတ်စီ အချစ်၏ စွမ်းအင်တိနန့် တဖက်သို့ရောက် ယောင်လားရန် သူဆုံးချက်လိုက်သည်။ ယင်းကြောင့် ရှာသို့ ပြန်ပြီးကေမိခင်ကြီးနန့် အီးအီးသက်သာဆွေးနွေးတိုင်ပင်ရန် အတွက်လည်း ဆုံးဖြတ်ချက်ချလိုက်သည်။ သို့သော် မျှတ သော ဆွေးနွေးမှုမျိုး ဖြစ်မည်လား၊ သူနိုင်ကိုယ်နိုင် ထိုးစစ် ဆင်သော စကားစစ်ပွဲကြီးဖြစ်မည်လား ဆိုခြင်းကိုကား သူကိုယ်တိုင် ဇ ဝိဇဝါဖြစ်နီ၏။

အပြာရောင်အာကာအောက်မာ လီအီးတဖြူးဖြူးနန့် ကျယ် ပြန့်လှပသော ပင်လယ်ရီမျက်နှာပြင်ကြားက မြင်နီရသော ကြက်ဥရောင်နီမင်းသည် အနောက်ဖက်သို့တလှည့် အလင်း ပီးရန်အားပြုနီ၏။ လောကတခွင်၏ အလင်းသျှင်နီမင်းကြီး သည် သူ့တာဝန်ကို သူထမ်းဆောင်ယင်း ငြိမ်းချမ်းအီးမြ အ လင်းပြသော လမင်းကြီးကို တာဝန်လွှဲအပ်ရန် အစပျိုးလိုက် သည့်အချိန်မာ ပွိုင့်ကမ်းခြီ၏ သဘာဝအလှသည် ရောက် လာသမျှလူအားလုံးကို စိတ်ဘဝင်နှလုံး အီးချမ်းစီသည်။ သို့ သော် နေိအချိန်မာကား သူရို့သုံးယောက်အတွက် ခြောက် သွေ့အထီး ကျန်သောညဖြစ်ရသည်။

# အခန်း (၃)

ညဇာဖက်က ဆရာဝန်မသွယ်သွယ်လှိုင်ဟု ကြားလိုက်ရသောကြောင့် သူ၏ရင်ဖက်ထဲသို့ အတိတ်တခု ဝင်ရောက်လှာ၏။ ယင်းအတိတ်သည် မကောင်းသောအတိတ်ဖြစ်သည့်အတွက် ဂေါင်းထဲကထုတ်ရန်အကြိမ်ပေါင်းများစွာကြိုးစားနေရသည်။ သို့သော် လူသားရို့သဘာဝအတိုင်း ကောင်းသောအတိတ်ကို တနားသျှေသတိရပြီးကေ ကောင်းကောင်းမွန်မွန် အိပ်နိုင်သော်လည်း၊ မကောင်းသောအတိတ်ကို သတိရတိုင်း အိပ်ရီးပျက်ရတတ်သည်ကား ဓမ္မတာဟုဆိုရမည်လား။

မိုးဦးကျလယ်မထွန်ခင်အချိန် လယ်တဲဆောက်ရန်အတွက် လယ်သမားအများစုသည် ဝါးခွတ်၊ ထင်းခွတ်ဖို့ တောင်သို့လားလိဟိကတ်သည်။ အငှားသား အလုပ်သျှင်ပါမကျန် ယောင် ပျော်ပျော်ပါးပါးလားကတ်သည်။ ယင်းသည် ကျွန်းရွာသျှေရို့၏ ချစ်ဖွယ်ကောင်းသော ရိုးရာဓလေ့တခုဆိုသော်လည်း မှားလိမ့်မည်မဟုတ်။ တောင်သို့ ရောက်လားခကတ်သောအခါ ထင်းခွတ်ရန် သူ့လမ်းကိုယ့်လမ်းလားကတ်သည်။

ညဇာဖက် ပြန်ကတ်သောအခါ တဖွဲ့နန့်တဖွဲ့ စုပေါင်း၍ ထမင်းချက်စားကတ်သည်။ ယင်းကြောင့်ပင်ပင်ပန်းပန်း လုပ်ရသော အလုပ်ဆိုသော်လည်း သူရို့အားလုံးပျော်ရွှင်ကတ်သည်။

ညဦးကပင် တောင်သို့လားရန်အတွက် တရွာလုံးနီးပါးက အားကြိုးမာန်တတ်ဖြစ်နီကတ်သည်။ ယင်းအထဲမာ ဘကျော်ရို့ အဖွဲ့နန့် သူ၏သူငယ်ချင်း အင်္ဂါအောင်ရို့အဖွဲ့မာကား တဖွဲ့ကို တဖွဲ့ နပ်ယောင်ကားတတ်ယင်း အပြိုင်အဆိုင် ဖြစ်နီ၏။

ခရီးမလားခင်မာ ဘုရားရှိခိုး၏။ ဘဝတသက်တာ၌ မည်သည့်အရာနန့်မျှနှိုင်း၍မရသော အချစ်ဆုံးသားသျှေကိုခေါ်ကာ အားရပါးရနမ်းလိုက်သည်။ မည်သူက မည်သို့ဆိုဆို သူ့အတွက်ကား တလောကလုံး၌ အမွှီးကြိုင်ဆုံးသောပါးပြင်သည် ပါးဖောင်းဖောင်းသျှေနန့် ပြုံးရွှင်နီသော သားကြီးဝေလ၏အပြစ်ကင်းသော ပါးပြင်သျှေဖြစ်သည်။

"အဝေသားကြီး ဘာဘာပြန်လာခါ ဇာဝယ်ခရဖို့လေးဟင့်။ မုန့်ဝယ်ခရဖို့လား။ မဟုတ်ပဲနန့် ဘောလုံးသျှေဝယ်ခရဖို့လား။"

"ဘောလုံးသျှေမဝယ်ခပါကေ့ မောင်မောင်အတွက် ကာတွန်းစာအုပ်သျှေဝယ်ခပါနှန်း။ ဘာဘာ ကျမ်းမာရီးကိုလေ့ ဂရုစိုက်ပါနှန်း။ မောင်မောင်ညဇာဖက် ဘုရားရှိခိုးခါဆုတောင်းနီပါဖို့ဒေ။"

သားပါးစက စကားကိုကြားရ၍ ဘကျော်၏စိတ်ထဲတွင် ဝမ်းသာပီတီဂွမ်းဆီထိနီ၏။ သားသျှေကို လိမ်မာစီရန် သွန်သင်ဆုံးမထားသော အိမ်သျှင်မ မညိုကိုလည်း စိတ်ထဲက ကျေးဇူးတင်စကားပြောလိုက်မိ၏။

"ဟားး ဟားး ဟေး မညို ငါ့သားကြီးလိမ်မာလိုက်တေကြည့်စင်။ ငါ့သားကြီးကား အလှပလှ စာရီးဆရာကြီးတယောက်ဖြစ်ဖို့ဒေ။ မညို သားကြီးကို ဂရုစိုက်လီကြားလာ။ ကကောင်းကြီး နီပူမခံစီကေ့နှန်း။ဒေတခေါက် ဇာပိုင်လေ့

မသိ ငါတခုခုကိုစိတ်ထဲက ကြောက်နီရေပိုင်တွိရေ။"

"စိတ်ချ လားဖို့လမ်းကို စိတ်ချလက်ချလားလီ။ ပြန်လာခါ ကာတွန်းစာအုပ်ရယောင်ဝယ်ခယေ။ မဟုတ်ကေသိရေမလား ဂျီကျနီဖို့ဟင့်။

"အဝေး ဘကျော် ဇာပျင်နီလေမင်း ဘုတ်လာဖို့ယာတနားကေ လားကတ်မေဖိ။ အခြားလူတိ ဘုတ်ဆိပ်မာစောင့်နီကတ်ယာယေ။"

"အော် . . အေ . . လာယာဒေ။ တ႙တာနှန်းဝေးသားကြီး။"

အဂ်ါအောင်၏ခေါ်သံကို ကြားလိုက်ရသောကြောင့် သားသျှေ၏ပါးပြင်နုနုသျှေကို တခေါက်ပြန်နမ်းပြီး အိမ်ကထွက်လားလီ၏။ မညိုသည် သားသျှေ၏ဖက်ခုံးနှစ်ဖက်တွင် လက်တင်ပြီး အိမ်ထဲကထွက်လားခသော အိမ်သျှင်ဖြစ်သူ၏နောက်ပြင်ကိုကြည့်၍ ကျန်ခ၏။ ဘကျော်၏မျက်နှာတွင်ကြောင်းကြစိတ်တခုခု ဖြစ်နီသည်ကိုလည်း သူမသတိ ထားမိလိုက်သည်။ ဝေလသျှေသည်လည်း ဖခင်၏နောက်ပြင်ကိုကြည့်၍ "ဘာဘာ တ႙တာပါနှန်း" ပြောယင်း မျက်လုံးတိတ်တိတ်သျှေနှိုပ်ပြီးသားမိနှစ်ယောက်အိမ်ရှိ၌ ရပ်၍ကျန်ခကတ်သည်။

********************************

အခြားနှစ်တိခါဆိုလျှင် တမိုးစာအတွက် ဝါး၊ ထင်း၊ သစ်အပြည့်အစုံရမှ ပြန်လာတတ်သည်။ နေ့စ်အတွက်ကား တပတ်လောက်ကြာသော အချိန်အတိုးအတွင်းမာပင် ပြန်ရောက်လာ၏။ မိုးတွင်းသုံးရန်အတွက် ဝါး၊ ထင်း၊ သစ်တခုလည်းမပါလာ။ မညိုသည် ဘကျော်ပြန်လာသည်ကိုမြင်၍ အထုတ်တိကို သိမ်းဆည်းပြီးလျှင် ရီပူဆောက်ထားလိုက်သည်။ အိမ်သျှင်မျက်နှာညိုးလာခြင်းကို မြင်ရသောကြောင့် ကြောင်းကြစိတ်တိသည် တမူဟုတ်ချင်းဝင်ရောက်လာ၏။ လွန်ခသောနှစ်တိကဆိုကေ အိမ်သို့ရောက်သည်ချက်ချင်း သားသျှေနန့်ကစပ်ပြီး ပျော်ပျော်ရွှင်ရွှင် မြင်တွိရသည်။ တခါတရီ အကြောင်းအမျိုးမျိုးကြောင့် စိတ်ညစ်သော်လည်း အနားမာသားသျှေဟိလျှင် မပြုံးချင်သော်လည်း ပြုံးထားတတ်သည်။ ပြုံးယင်း သားသျှေနန့်တအောင့်တနားလောက် စကားပြောလိုက်လျှင် သူ၏ရင်ထဲမာဟိသော စိတ်ညစ်စရာတိသည် အလိုလိုပြယ်ဖျောက်နိူင်သည်။ သူ့ဘဝ၏အရာအားလုံးသည် သူ့သားကြီး ဝေလသျှေအတွက်ဟု ဆုံးဖြတ်ထားသည်။ ညဇာဖက်အိပ်ရာ ဝင်တိုင်းမာ ဝတ္ထုသျှေတိပြောပြလိဟိသည်။ ယင်းကို စိုင်းစားမိသူမညိုမာ ကြောင်းကြစိတ်တပုံနန့် . . .

"အဖသည် ဇာဖြစ်လာလေ။ မျက်နှာလေ့မကောင်းကာ။ နီမကောင်းဖြစ်လာလား။ တောင်မာကိုယ့်လူတိနန့် ပြဿနာဖြစ်ခလာ။ အရာလူတိကာ တခါတည်းပါယာလား။"

"အေ ငါရို့လူတိအားလုံးပါရေ။ အင်္ဂါအောင်လေ့ ပါရေကာ။ ငါနီမကောင်းဟေ မညို။ ရီပူအလျှင်ဆောက်ပစ်လိုက်ပြီးခါပြောကတ်မေ။"

ကံကြမ္မာလီမုန်တိုင်းကြီးသည် ပင်လယ်ပြာကြီး၏ရီမျက်နှာ

ပြင်ကို ရှိုင်းရှိုင်းစိုင်းစိုင်း တိုက်ခတ်လိုက်သောကြောင့် ငြိမ်းချမ်းနီသော ပင်လယ်ပြာကြီးသည် အရုပ်ဆိုးအကျဉ်တန်၍ လှိုင်းလုံးကြီးတိ ဆူပွတ်နီရေယှောင် ဘကျော်ရှိ့မိသားစု၏ ကံတရားကိုဖျက်စီးဖို့ ဝင်ရောက်လှာသည်လား။ ဘကျော်သည် သားသျှေကိုခေါ်၍ဝယ်ယူခသော ကာတွန်းစာအုပ်ကို ပီးပြီးကေ သူ၏ရင်ခွင်ထက်မာ ထိုင်ထားလိုက်သည်။ သားသျှေ၏ဂေါင်းကို ညင်ညင်သာသာ ပွတ်သပ်ယင်း ဘဝမာတခါမျှ မျက်ရည်မကျဖူးသူ ယောက်ျားရင့်မာကြီး ဘကျော်၏ မျက်လုံးအိမ်ထဲက မျက်ရည်ပူများသည် အလိုလိုယိုစီးကျလှာ၏။ သူ၏ယိုစီးကျနီသော မျက်ရည်ထဲမာ ဝမ်းနည်းခြင်း၊ စိုးရိပ်ပူပင်ခြင်း၊ မခံချင်သော ဒေါသစိတ်တိကို ထိန်းသိမ်းထားရခြင်းနန့် အခြားအခြားသော တွေဝေမှုများစွာသည် တခုထွက်လိုက် တခုဝင်လိုက်နန့် အလုပ်များနီကတ်သည်။ ပရိဒေဝ သောကမီးတောက်လောင်လျှက် ရင်ဘက်ထဲသို့ ပူလောင်မှုများစွာ နာကြင်မှုများစွာနန့် ရက်ဘက်တခုလုံး ဆူပူလောင်ကျွမ်းနီ၏။ ရိုင်းစိုင်းလိုက်တေ ကံတရား၏ အလှည့်အပြောင်းအောက်မာ ဘဝကိုပီးဆပ်လိုက်ရခြင်းသည်ကား မတန်မရာ။ တအောင့်သျှေ ကြာလှာသည်နန့် မျက်ရည်မကလို့ နှာခေါင်းက သွီးတိယိုစီးလှာသည်။ သို့သော် လားချင်နီရာကိုလားနီသော အတွေးစိတ်တိကြောင့် မိမိ၏မျက်လုံးနန့် နှာခေါင်းပေါက်တိက မျက်ရည်၊ သွီးတိယိုစီးကျနီခြင်းကို သူကိုယ်တိုင် သတိမထားမိလိုက်ပေ။

ဖခင်၏ရင်ခွင်ထက်မာထိုင်၍ သူ့အတွက်ဝယ်လှာသော ကာတွန်းစာအုပ်သျှေကို ဝမ်းသာအားရ ဖတ်ရှုနီ၏။ သူ၏စာမျက်နှာပြင်ထက်သို့ ဖခင်၏သွီးတစက် ကျရောက်လှာ၏။ သွီးစက်ကိုမြင်သောကြောင့် ဖခင်ကို လိုင်ပြန်ပနာကြည့်

လိုက်မိ၏။ ဖခင်၏မျက်ရည်နန့် သွီးယိုစီးကျနီသည်ကို မြင်လိုက်ရသောကြောင့် မိခင်ကိုလှမ်းပျာ တိုင်လိုက်သည်။

"အော် အမိ . . ဘာဘာငိုနီပါရေထော။ နှာခေါင်းကလေ့ သွီးတိထွက်နီပါရေ။"

သားသျှေ၏တိုင်တန်းသံကို ကြားလိုက်ရသူ မညိုတယောက်နားထဲသို့ သံရည်ပူလောင်းချလိုက်သည်လား၊ ရင်ဖက်ကို သံချောင်းတိနန့် ထိုးသွင်းလိုက်သည်လား ကြောက်လန့်စိတ်၊ ကြောင်းကြစိတ်တိဝုန်းခနဲ ထွက်လား၏။ ဘကျော်သည် လည်းသား၏အသံကိုကြားလိုက်မှ လီရှင့်နီသော သူ၏အတွေးစတိမာ ချက်ချင်းရပ်တန့်လား၏။ သူ၏နှာခေါင်းကိုအသာအယာစမ်းကြည့်ခါမှ သွီးထွက်နီသည်ကို သတိထားမိလိုက်သည်။ သူ့ကိုယ်သူ လူ့လောကမာ အချိန်အကြာကြီး မလျှောက်လှမ်းနိုင်သည်ကို သူသိနီသောကြောင့် လုံးဝကြောက်လန့်စိတ်မဟိ။ သို့သော် အဖြူရောင်စင်းသီးနန့် လူ့လောကအကြောင်းကို မည်သို့မျှလည်းမသိသီးသော သူ၏သားကြီးနန့် သူ့လက်မာပန်းပွင့်သျှေပိုင် အမြဲတမ်းလန်းဆန်းနီသူ၊ နုညံ့သိမ်မွိပျာ မယားဝတ္တရားငါးပါးနန့်ပြည့်စုံသူ မညိုရို့ကို စိတ်မချသည်ကား အမှန်ပင်ဖြစ်သည်။ သို့သော် အနစ္စ၏ခေါ်ဆောင်ရာနောက်က လိုက်ရခြင်းသည်ကား လောကဓမ္မတာတခုဖြစ်သည်ကို သူနားလည်သည်။

မညိုသည် အယင်ဦးစွာ အိမ်နားကလူတိကိုလှမ်းပျာအကူညီတောင်းလိုက်သည်။ ယေပြီးခါမှ သူမ၏အိမ်သျှင်အနားသို့ပြီးလာသည်။

"အဖသည် ဇာဖြစ်စွာလေး။ ဆီးရုံလားကတ်ရဖို့။"

"မညို နင် ငါ့ကို အများကြီးမမီးကေ့ ငါပြောစွာကိုအယင်နားထောင်နှန်း။"

"စကားအများကြီးမပြောကေ့ အဖသည်။ နောက်ခါ မှပြော။"
မညို၏ အကူအညီတောင်းသံကို ကြားရသောကြောင့် အင်္ဂါ အောင်သည်အလျင်ပလင်ဖြီးလာပနာသူကိုယ်တိုင်ဦးဆောင် ပြီးကေ ရွာသူရွာသားရို့၏ အကူအညီနန့် ဘကျော်ကိုဆီးရုံ တင်ဖို့ ဘုတ်နန့်လားကတ်သည်။ပုဏ္ဏားကျွန်းဆီးရုံ့သို့ရောက် သည်နန့် အရီးပေါ်လူနာဆောင်သို့သွင်း လိုက်ရသည်။ နှစ် နာရီလောက်ကြာသည်နန့် ဆရာဝန်၏ခွင့်ပြုချက်ကြောင့်သူ ရို့လူစုသည် ဘကျော်နန့်တွိခွင့်ရကတ်သည်။ ဘကျော်သည် သားသျှေလက်ကို အားရပါးရဆုတ်ကိုင်လိုက်သည်။ နာကြင် မှုဝေဒနာကို ခံစားနီရသော်လည်း သူ၏မျက်လုံးထဲမာကား နီအီးအီးသျှေနန့် သားဖနှစ်ယောက်ဘောလုံး ကျောက်နီခ စွာတိ၊ ထမင်းစားနောက်ကျလှာသောကြောင့် ပြောမရဆို မရပဲ ကစပ်နီကတ်သော သားဖနှစ်ယောက်ကို ဝါးစိပ်ခြမ်း သျှေနန့်မညိုသတ်ဖို့လိုက်သောကြောင့် ရီချိုးဖို့ထွက်ပြီးကတ် သောအချိန်သျှေတိကို မြင်ယောင်မိနီသည်။ ညဇာဖက်အိမ် ရှိကကုတင်မာ လပပြောင်ပြောင်သျှေအောက် မညိုသည် ဂေါင်းအုံးဖို့အဝတ်စမာ အပ်ခြေနန့်ပန်းထိုးယင်း သားဖနှစ် ယောက်ဝတ္ထု ပြောနီခသောအချိန်တိကိုလည်း သတိရနီ၏။ တချိန်တည်းမာပင် မျက်ရည်ပေါက်တိကလည်း တလုံးပြီး ကေတလုံး ကြွီကျနီ၏။အင်ို့မျက်လုံးအပြုံး မျက်နှာဆိုရေပိုင် သားသျှေကိုစကားပြောရန် ပြုံးထားသော်လည်း တသက်လုံး မာ တယောက်တည်းရာရခသော သားသျှေကို သျှင်မပြုခရ သောကြောင့် ဝမ်းနည်းစိတ်နန့် မျက်ရည်ကျနီမိသည်။ "ဘ ဝသံသရာမာ နောက်တခါ လူပြန်ဖြစ်ခကေ ဒေပိုင်အဖြစ် ဆိုးမျိုးနန့် မကြုံတွိပါစီကေ့ဘုရား" လို့ သူ၏စိတ်ထဲက

အလိုလိုဆုတောင်းနီမိသည်။

"သားကြီး မင်းကြီးလာခါလေ ကိုယ့်လူမျိုးအချင်းချင်း နှိပ်ကွပ်တေစကားတိ၊ နှိမ်ပနာဆက်ဆံရေ အပြုအမူတိကို မလုပ်လီကေ့နန်း။ သားကြီးကို မွီးပီးလိုက်စွာလေ အဖရခိုင် အမိရခိုင်ကမွီးလိုက်တေ။ ယေဇုနန့် လူမျိုးခြားကို မယူလီကေ့။ ကိုယ့်လူမျိုးဆိုကေ ခမီ၊ ဒိုင်းနက်၊ သက်၊ မြို၊ မာရမာ၊ ရခိုင်ဆိုပနာ မခွဲခြားလီကေ့နန်း။"

"ဟုတ်ပါယင့် ဘာဘာ။"

ဝေလသည် ဟုတ်ပါယင့်လို့ရာ ပြောလိုက်သည်။ ဖခင်၏သြဝါဒစကား ဇာယှင့်ကိုဆိုလိုသည်ဟု သူတိတိကျကျ သဘောမပေါက်။ သို့သော် ဖခင်၏စကားတိကို သူ၏နှလုံးသားထဲ မာသိမ်းထားမိလိုက်သည်။

"မညို ငါလေ နင်ရို့သားမိကို စွန့်ခွာရဖို့ယာ။ ငါမဟိကေ သားကြီးကိုဂရုစိုက်လီနန်း။"

"ဇာဟင့်တိပြောနီလေ အဖသည်မာ။ နိမိတ်မဟိရေ စကားတိကို မပြောကေ့။"

"ဂိုးဂိုရို့တိကိုလေ့ ကျွန်တော်နှုတ်ဆက်ပါယင့်နန်း။ ရွာသားအားလုံးကိုလေး နှုတ်ဆက်ခရေလို့ပြော လိုက်နန်း။"

"အဝေဘကျော် ဇာတိကိုပြောနီလေမင်း။ မင်းတခုလေ့မဖြစ် ပြန်ကောင်းလာဖို့စွာရာ။"

"ကျွန်တော် ကိုယ့်ကိုကိုယ်သိရေ ဂိုးဂို။"

ဘကျော်သည် စကားပြောယင်းနန့် သတိလစ်လားခ၏။ မညို၏ကြောင်းကြစိတ်များသည် အထွဋ်အထိပ်သို့ ရောက်ဟိနီ၏။ အင်္ဂါအောင်သည် သူ၏သူငယ်ချင်းရင်ဘက်ကို လက်နန့်စမ်းကြည့်၊ နားနန့်ကပ်လို့နားထောင်ကြည့် ကပျာကယာဖြစ်နီ၏။ အခြီအနီမကောင်းသောကြောင့် ဆရာဝန်ကိုခေါ်

လိုက်သည်။ ဆရာဝန် ပြန်ရောက်လာခါမှ ရင်ဘက်ကိုနား ကျပ်နန့်ထောက် စမ်းသက်ကြည့်လိုက်သောကြောင့် အသက် မဟိမှန်းကို သိလိုက်ရ၏။ အိမ်သျှင်၏ မျက်နှာမာ စီးကျနီ သောမျက်ရည်တိကို ပုဝါပိုင်းသျှေနန့်သုတ်ယင်းမငိုမိယောင် အတွက် စိတ်ကိုတင်းထားသော်လည်း သူမ၏မျက်လုံးနှစ်စုံ က မျက်ရည်မိုးသည် အလိုလိုရွာချနီကတ်သည်။ လူ့လောက ကြီးကို သားတယောက်မိခင် မုဆိုးမဘဝနန့် ဖြတ်လျှောက်ရ ဖို့အန္တရာယ်သည် အပြစ်မဟိပဲ သူမကိုဒဏ်ခက်လိုက်သည်။ အဖမဟိပဲလူ့လောကကြီးမာ အားမဟိတဟိရှင်သန်ရဖို့ သူမ ၏ သားသျှေအတွက်လည်း ရင်နာလို့မဆုံးယောင် ဖြစ်နီ၏။ ဘကျော်သည် အမျိုးသားရီးစိတ်ဓာတ်ဟိသူပီပီ လိုအပ်လျှင် လိုအပ်သည်အလျှောက် ကိုယ့်ရွာသားတိကို ရိုင်းပင်းကူညီ တတ်သည်။ ရပ်ရွာမာ အရီးအကြောင်းဟိခသော် တတ် တတ်ကြွကြွနန့် ရှိမာရက်ပြတ်ဟိနီ၏။ တည်တည်ငြိမ်ငြိမ်နန့် နီတတ်တေအတွက်လည်း လူကြီးလူငယ်တိပါကျန် သူ့ကိုချစ် ကြောက်ရိုသီကတ်သည်။ ဇေဂုအချိန်မာ တရွာလုံးချစ်သော ဘကျော်တယောက်သည် သူ၏အချစ်ဆုံးမိသားစုနန့် သူ၏ ချက်မြှုပ်မြီဖြစ်သော ဘဲခိုရွာသျှေကိုပါ နှုတ်ဆက်ယင်း ဘဝ သံသရာတကွိကိုကျော်ဖြတ်လားခ၏။ ရွာသူရွာသားရို့သည် စိတ်မကောင်းခြင်းမျိုးစွာနန့် ဘကျော်၏အလောင်းကို ရွာသို့ ပြန်ယူသော် ကောင်းဖို့ မကောင်း ဗျာများနီကတ်သည်။ ယင်းကိုမြင်ရသော ဆရာဝန်ကြီးသည် မိမိ၏သမီးနန့်တရွယ် တည်းဖြစ်သော ဝေလသျှေကိုသနားသောကြောင့် ဘကျော် ၏အသုဘကိစ္စကို အစအဆုံး ကူညီပီးလိုက်သည်။ ဝေလတ ယောက် စိတ်မကောင်းခြင်းမျိုးစွာနန့်အတိတ်ကို ရောက်နီ ရာက နက်ဖြန်ဇာအဖြေတခုထွက်လာဖို့လည်း စိုင်းစားယင်း

ကြောက်စိတ်ဝင်နီမိ၏။

## အခန်း (၄)

ဒေတခေါက်ရွာသို့ ပြန်လာသည်ကား လီးလုံ့နီသောမြီလှမ်း တိ၊ အပြုံးမပါသော မျက်နှာအသီနန့် တလမ်းလုံးစကားမပြောပဲ တိတ်ဆိတ်နီ၏။ မိခင်နန့်တွိသော် မည်သို့ပြောလျှင်ကောင်း မည်လည်း နည်းလမ်းပေါင်း မြောက်များစွာကို တခုပြီးနောက် တခု စိုင်းစားလာ၏။ ရင်ဘက်တခုလုံးသည်လည်း ဆစ္စိအ ခြောက်ခံထားရခြင်းအလား တုန်လှုပ်ယိမ်းထိုးနီ၏။ ရွာသို့ ရောက်၍ ဘုတ်ထက်ကဆင်ပြီးကေ စောင့်နီသူမဟိပဲ တ ယောက်တည်း လမ်းလျှောက်လာ၏။ လမ်းလျှောက်ယင်း အိမ် တအိမ်နားသို့အရောက်မာ အိမ်ထဲမှ အသံတခုကြားလိုက်ရ၍ လမ်းလျှောက်ခြင်းကိုတန့်ပြီး အိမ်ထဲမှအသံကို နားထောင် ကြည့်လိုက်မိသည်။

"တကြူးကြူ ကြူဒေါင်းဒေါင်း
တောင်းလေ့တလုံး မရက်တတ်၊ဖျာလေးတထည်မရက်တတ်၊
စားဖို့ခါကား ကိုယ့်အိမ်မာ၊ လုပ်ဖို့ခါကား လူများအိမ်မာ၊
ရှီပုံကိုချဖို့လား၊ ငှီပုံကိုချဖို့လား၊ ရှီပုံကိုဂျောင်း"

မိခင်သည်သားသမီးအား ပျော်ယောင်အတွက် ဒူးသျှေနှစ် ဖက်မာတင်၍ဆိုပြနီသော ကျွန်းရွာဓလေ၏ အလွန်တရာချစ်

ဖို့ကောင်းသော သာခြင်းသျှေတပုဒ်ဖြစ်၏။ သို့သော် မထင်မှတ်ပဲ သူ၏စိတ်ဓာတ်သည် အယင်ကထက်မြင့်တက် လားသည်ဟု ပြောရမည်။ သူ၏စိတ်ထဲသို့ "အော် ဟုတ်တေကာ၊ ငါရခိုင်သားတယောက်ဖြစ်ပနာ ကိုယ့်ရခိုင်ပြည်မာနီယင်း နန့်ရခိုင်သူမကိုမယူပဲ၊ အောက်သူမကိုယူလိုက်ကေ ငါလေ့ သောယင်းသာခြင်းထဲကပိုင် ကိုယ့်အိမ်မာစားပနာ သူများအိမ်မာအလုပ်လုပ်တေလူဖြစ်လားဖို့။ ယင်းပိုင်ဆိုကေ ငါ့လောက်ဝမ်းရီဆာရေလူ ဟိဖို့သီးလား။ ဟုတ်တေ ငါလေ့ကိုယ့်အိမ်မာစားပနာ ကိုယ့်အလုပ်ကိုလုပ်ရဖို့" ဟု လမ်းလျှောက်ယင်း အတွေးဝင်နီ၏။

အိမ်ထဲသို့ဝင်လိုက်သည်ချက်ချင်း မိခင်၏ရယ်ရယ်ပြုံးပြုံးနန့်ကြိုဆိုသည်ကို တွိလိုက်ရ၏။ ယင်းအပြုံးသည် ဝေလဘဝအတွက် မည်သည့်အရာနန့်လည်း အစားထိုးမရနိုင်သော အဖြူရောင်စင်းသီးအပြုံးဖြစ်၏။ ယင်းကြောင့် စိတ်ကိုတင်းလှာသော်လည်း တဒင်္ဂမျှလောက်လျှော့ကျလားရ၏။

"ညကသီး လားခရေ ဒေနိပြန်လာရေကာ။ အိမ်မာဝက်သားချက်ထားယင့်ယေ။ ရီမိုးချိုးပနာ ထမင်းစားကတ်ဖို့။ သားကြီးပြန်လာဖို့ယောင်မထင်လို့ တဆိကေရာချက်ထားရေ။ ယေဒါလေး သားမိသုံးယောက် စားလို့ရရေ။"

"မောင်မောင် ဝမ်းမဆာပါသီးဒေ အမိ။ အမိနန့်စကားပြောဖို့စွာဟိလို့ မောင်မောင်ပြန်လာစွာပါ။"

မညိုသည် သူမ၏သား မည်သည့်စကားကိုပြောလှာမည်ကို အတိအကျမသိသော်လည်း ဆောင်းသဇင်ကိစ္စ ဖြစ်နိုင်သည်ကိုတော့ခါ ကောင်းကောင်းသဘောပေါက်သည်။ ဘဝမာသားသျှေတယောက်တည်းရာဟိသောကြောင့် သားသျှေ၏မျက်နှာ တခေါက်လောက် အရောင်ပြောင်းလားတိုင်း

"ငါ့သားဇာဖြစ်နီလေး၊ ဇာလိုလေး" ဆိုသည်ကို ကောင်းစွာ သဘောပေါက်၏။ ယင်းကြောင့် သားသျှေအတွက်ရက်ပြတ် အဆင်သင့်ဖြစ်နီခ၏။ "အဖမဟိရေသား တိုင်မာမျှောင်၊ အမိမဟိရေသား ယောင်တောင်တောင်" ဆိုသောစကားပုံ အတိုင်း ဖခင်မဟိသော သူမ၏သားသျှေကို မျက်နှာမငယ် ရယောင် တတ်နိုင်ဆုံးလုပ်ပီး၏။ သူမ၏အိမ်သျှင်မာ ကျန်ခ သောလယ်ပြင်တိကို သူကိုယ်တိုင်မနိုင်မနင်း ရှုန်းကန်ခရ၏။ စိတ်ဆင်းရဲ၍ အားကုန်လာသောအချိန်တိုင်းမာ အခြားအ သျှေတိထက် လိမ်မာသော ဖြူစင်သော သားသျှေ၏မျက် နှာကိုကြည့်ပျာ အားဖြည့်ခ၏။ အသက်အရွယ်လည်းဟိ ရုပ် ရည်လည်းမဆိုး၊ စီးပွားရီးကလည်း အဆင်ပြီသောကြောင့် ရွာထဲကလူပျိုကြီးတိနန့်၊ မုတ်ဆိုးဖို တိလာမီးသော်လည်း သူ မ၏သားသျှေကိုအဖနှောင်းနန့် မနီစီချင်သောကြောင့် ဘဝ တခုလုံးကို မုတ်ဆိုးမအဖြစ်နန့်နီဖို့ ဆုံးဖြတ်ချက် ခိုင်ခိုင်မာ မာချထား၏။

"သားကြီးမာ စကားကိုနောက်ခါပြော ရီအလျင်ချိုး ပစ်ခီ။ တလမ်းလုံးကို ပင်ပန်းလာရေမလား။"

"ဟုတ်ပါယင့် အမိ။"

ရီးချိုးပြီးသည်နန့် မိခင်၏အသင့်ပျင်ထားသော ထမင်းဝိုင်း သို့ သူရောက်လား၏။ ဝက်သားဆီပြန် ချဉ်ပေါင်ကြို၊ ကန်း စွန်းဟင်းတို့စရာသျှေတိနန့် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထား ၏။ အခြားနိတိခါဆိုလျှင် အားရပါးရစားသော်လည်း ဒေနိ မာကား စိတ်မပါသောထမင်းဝိုင်းဖြစ်နီ၏။

"အဘာလေ မောင်ကြီးကား အသက်ရှည်ဖို့၊ ဟင်း ကောင်းချက်စားလို့ သားကြီးဟိကေ ကောင်းဖို့ဒေနှုန်းလို့ ရီး ရီးပြောပြီးသီးဒေ။"

"ဟေ ဟေ ယင်းဟင့်စွာ အမိမေတ္တာမှန်လို့ ငါ့သား ရောက်လာစွာဟင့်။"
မိခင်ကြီးနန့် သူ၏ဝမ်းကွဲညီမသျှေရို့ ပြုံးပြုံးရွှင်ရွှင် ပြောနီကတ်သည်ကိုမြင်ရ၍ မည်သည်ကစလို့ ပြောရမှန်းမသိပဲ သူ တွေဝေနီသည်။ အသျှေကပင် မိမိခင်စကားကို တသဝေမ တိမ်းနားထောင်ပြီး လိမ်လိမ်မာမာနီလာသူ ဒေဂုခါမှ အ ချစ်ကြောင့် မိခင်ကိုပြန်ပြောဖို့အတွက် သူ့ကိုသူအားယူနီမိ၏။ သို့သော် ပါးစကမထွက်ကျလှာ။

"သားကြီး နီမကောင်းလား။ ထမင်းကို မစားချင်စား ချင်ပျင်နီကာ။"

"အော် . . . မဟုတ်ပါအမိ။ မောင်မောင်အတွေး လွန်နီလို့ပါ။"

"ဟေ . . ဟေ . . . ငါ့သား စာရီးဆရာကတော့ခါ ထမင်းစားနီကေလေ့ စာရီးဖို့စိုင်းစားနီလားကားမသိ။ စား . . စား . . ပြီးခါစိုင်းစား။ စာရီးချင်ကေလေ့ စားပြီးခါရီး။"
စားသောက်ပြီးသည်နန့် မိခင်သည် ကွမ်းတောင်းကိုယူ၍ ကွမ်းစားဖို့လုပ်နီ၏။ ဝေလကားမျက်နှညှိုးစွာဖြင့် ခုံထက်မာ ထိုင်နီ၏။ သူပြောချင်သောအကြောင်းကို မိခင်အားဖွင့် ပြောလျှင် ကောင်းမည်လားဟု စိုင်းစားယင်း ပင်လယ်ရီမာ လီရိုင်းတိုက်ထားသော လှိုင်းလုံးတိအလား ထိုယိမ်း သည်ယိမ်း။ စကားမပြောပဲ အင်တန်သျှေ ကြာလားပြီးခါမှ သတ္တိကိုဖြည့် ပြီးကေ ပြောဖို့စတင်လိုက်သည်။

"မောင်မောင် ဒေနိပြန်လာစွာ ဆောင်းသဇင်ကိစ္စကို အမိနန့်တိုင်ပင်ချင်လို့ပါ။"
မညိုသည် သူမ၏သားပါးစကပြောသံကို ကြားလိုက်သောအ ခါ စိတ်ထဲသို့ ဒေါသစိတ်တိဝင်လား၏။ သို့သော် ဝေလ

၏ အကြမ်းနည်းသုံးခြင်းကို လက်မခံတတ်ပဲ ညင်ညင်သာသာပြောမှ လက်ခံတတ်သည့်စရိုက်ကို သူမသိ၏။ ယင်းကြောင့် စိတ်ကိုလျှော့၍ အသာသျှေပြောလိုက်သည်။

"အော် . . . . . ဆောင်းသဇင်ကိစ္စလား။ ယင်းကလိမေသျှေနန့် အမိသဘောမတူစွာတော့ခါမဟုတ်။ ယေဒါလေး ငါ့သားကို သူဌေးကြီးတယောက်ဖြစ်စီချင်ရေ။ ယေဇုနန့် သွယ်သွယ်လှိုင်နန့်စီစိုင်ထားရေ။ ယင်းကလိမေသျှေနန့် အဆက်အသွယ်မလုပ်ကေ့ဖိနှန်း သားကြီး။ သွယ်သွယ်လှိုင်နန့်နစပ်ဖို့ သူ့မိဖရို့ကိုအမိပြောထားပြီးယာ။ သွယ်သွယ်လှိုင်ကလေ့ လက်ခံရေလို့ပြောရေ။ ယင်းကလိမေသျှေဆရာဝန်မဖြစ်နီယာဟင့်။ ဧဂုမြို့ဟောင်းမာ တာဝန်ကျနီရေလတ်။ သူ့ကိုယူကေ ငါ့သားတသက်လုံးကို ချမ်းချမ်းသာသာနန့်နီရယာယေ။"

"သွယ်သွယ်လှိုင်နန့် ကိစ္စကိုလည်း မောင်မောင်ကြားပြီးပါယာ။ ယင်းမသျှေဆရာဝန်မ မှန်ပါရေ။ ဆောင်းသဇင်လေ့ ကျောင်းဆရာမ ပညာတတ်တယောက်ပါရာ အမိ။ ယေပြီးကေ မောင်မောင် ဆောင်းသဇင်ကိုရာ ချစ်ပါရေ။ သွယ်သွယ်လှိုင်ကို မချစ်ပါ။ ယူကေလေ့ ဆောင်းသဇင်ကိုရာယူပါဖို့။ သွယ်သွယ်လှိုင်ကိုတော့ခါ မယူနိုင်ပါ။"

"သားကြီး နင်ဇာဖြစ်လို့ ငြင်းနီစွာလေး။ သွယ်သွယ်လှိုင်မာ ဇာပြောစရာဟိလို့လေး။ ယေပြီးကေ အသျှေကပင် တယောက်နန့်တယောက် ရင်းရင်းနှီးနှီး နီခကတ်တေလေ။"

သူမသည် လွန်စွာပင်စိတ်ဆတ်နီသော်လည်း မျက်နှာမာ မပေါ်ယောင်အတွက် မနည်းပင်ထိန်းသိမ်းထားရ၏။

"သွယ်သွယ်လှိုင်ကို အပြင်ပိုင်း ပုဂ္ဂိုလ်ရီးကြည့်ဖို့ဆို

ကေ တခုလေ့ ပြောဖို့မဟိပါ။ ယေဒါလေးသော ယင်းမသျှေလူမျိုးခြား အောက်သူမပါအမိ။"
အစခါမပြောဖို့ စိုင်းစားထားသော်လည်း မိခင်နန့်အချက်အတင်ပြောနီယင်း ရှတ်ခနဲထွက်လားခသည်။ သို့သော်ပြောလတ်စနန့် မထူးဇာတ်ခင်းဖို့ ဆုံးဖြတ်လိုက်သည်။

"ယော် . . . အောက်သူမကိုယူကေ ဇာဖြစ်လေး။ ငါ့သားတသက်လုံးချမ်းချမ်းသာသာနန့် နီရဖို့စွာကိုမြင်လို့ ငဂုပိုင်စီစိုင်စွာ။ မငြင်းကေ့သားကြီး။ အမိစကားကို နားထောင်နန်း။"

"မောင်မောင် အမိစကားကို အသျှေကပင် နားထောင်လှာပါရေ။ ယေဒါလေး ဘာဘာ မသီခင် ပြောခရေ စကားတိကိုလေ့ မောင်မောင် မလွန်ဆန်ဝံ့ပါ။ လွန်ဆန်ဖို့လေ့ တခါလေး မစိုင်းစားဖူးပါ။ ယေပြီးကေ ဘာဘာဇာဖြစ်လို့ အသီဆိုးနန့် သီကျလားခရေလေ့ဆိုစွာကို အမိလေးသိပါရေ။
"

"ယင်းအနာဟောင်းတိကို ထည့်မပြောကေ့ဖိ။ နင့်ဖစကား ကို မလွန်ဆန်ကေကာ နင့်ဖပြန်ပနာရှင်လာဖို့လား။ ယင်းသီလားခရေလူကို ထည့်လို့ပြောဖို့မလိုယာ။"
သူ၏နှလုံးသားထဲမာ အဖတယောက် ဆုံးယှုံးလားခြင်း၏ဝေဒနာကို အချိန်တိုင်းဆိုပိုင် ခံစားနီရသည်။ မိစုံဖစုံနီကတ်ရသော သူငယ်ချင်းရို့ဘဝတိကို အားရကျိနပ်သည်။ ယေဇုနန့် မိခင်က နှစ်ပေါင်းများစွာ ကြားလားသောကြောင့် အနာဟောင်းဆိုသော်လည်း သူ့အတွက်ကား ရက်ပြတ်အသစ်အသစ်ဖြစ်နီသည်။
"အနာဟောင်းကို ထည့်မပြောလို့မရပါအမိ။ မောင်မောင် ယင်းမသျှေကို လုံးဝမယူနိုင်ပါ။"

သား၏ တထစ်ကျဆုံးဖြတ်ထားသောစကားကို ကြားလိုက်ရသော မညိုသည်ဒေါသအိုး ပေါက်ကွဲလားသည်။
"နင်က ယင်းပိုင်လား။ သွယ်သွယ်လှိုင်ကို အောက်သူမဖြစ်လို့ မယူနိုင်ဆိုကေ ယင်းခမီးမဆောင်းသဇင်ကိုလေ့ လုံးဝမယူရ။ ယင်းကလိမေသျှေကိုယူခကေ ငါ့ကိုအမိလို့လေ့မခေါ်ကေ့ဖိ။ ငါ့အိမ်ရိပ်ကိုနင်းဖို့ လုံးဝမကြိုးစားကေ့။"
မိခင်၏ပြတ်ပြတ်ပြောလိုက်သောစကားကြောင့် ဝေလတယောက် စကားပြောဖို့လမ်းစပျောက်လား၏။ သူသည်စိတ်မကောင်းဖြစ်ခြင်းများစွာနန့် အိပ်ရာထဲသို့ ဝင်လားသည်။ ဆောင်းသဇင်ကိုယူလိုက်လျှင် အမှန်ပင် မိခင်၏အနားသို့ ကပ်ရဖို့အခြီအနီမမြင်။ လူငယ်ရို့သဘာဝအရ မလုပ်ကေ့ဟုဟန့်လျှင် ဖြစ်ယောင်လုပ်ချင်ကတ်သည်။ အထူးသဖြင့် အချစ်ရီးနန့်ကျလှာလျှင် ပို၍ပင်ရူးသွပ်လိဟိကတ်သည်။ ဝေလ၏စရိုက်သည်လည်း အပြင်ပိုင်းကတည်ငြိမ်သလောက် တခါတရီမာ ထိုးကန့်လန့်ဆန်လုပ်တတ်သည်။ သို့သော် ဒေဂု အချိန်ကား ကကောင်းပင်အရီးတကြီးအချိန်မာ ရောက်နီ၏
။

ကိုးလလွယ်ဆယ်လဖွား အသက်ကိုရင်းပြီးကေ မွီးဖွားပီးခ သောလောကမာ တုန္နိုင်းမဟိမိခင်၏ မေတ္တာတရား၊ ဂုဏ်ကျေးဇူးတိကိုလည်း သူနားလည်၏။ မိခင်တိုင်းသည် သားသမီးတိုင်းကို ရှိဘုံမာစံ ရှိမင်းသား ရှိမင်းသမီးနန့် ထိမ်းမြားပေါင်းသင်းကတ်ခြင်းကို မြင်ချင်ကတ်သည်ကားသဘာဝပင်ဖြစ်သည်။ သို့သော် အချိန်တန် အရွယ်ရောက်လှာလျှင် ကိုယ့်အိုး ကိုယ့်အိမ်ထူထောင်၍ ကိုယ့်လမ်းကိုလျှောက်ကတ်ရသည်လည်း လူ့လောကသဘာဝပင်ဖြစ်သည်။ သူ့ဘဝမာ ဇာမိမသျှေကိုလည်း စိတ်မဝင်စားခပဲ

ဆောင်းသဇင်နန့်တွိခါမှ အိပ်မိုးကျနီသော သူ၏နှလုံးသားသည် သူ့အလိုလိုပင်လှုပ်နိုးလာ၏။ သွယ်သွယ်လှိုင်ဆိုသော ဆရာဝန်မတယောက်ကြောင့် သူ၏အချစ်ခရီးသည် ကံမကောင်းစွာနန့် ခရီးကြမ်းရမည့်အဖြစ်သို့ ရောက်ဟိလာ၏။ ဒေအချိန်မာ ဒေကိစ္စကို အသျှေခါပိုင်တဇွတ်ထိုးလုပ်၍ မဖြစ်နိုင်သည်ကိုလည်း သူသဘောပေါက်သည်။ မိခင်စကားကို နားထောင်လျှင် ဆောင်းသဇင်နန့် တသက်လုံး ဝီးရလိမ့်မည်၊ ဆောင်းသဇင်ကို ယူလိုက်လျှင်လည်း မိခင်၏စွန့်ပစ်ခြင်းကို ခံရမည့်အဖြစ်သို့ သူရောက်ဟိနီ၏။ အနန္တဂုဏ်သျှင် မွီးမိခင်နန့် သူ၏ဘဝတသက်တာအတွက် လက်တွဲဖို့ဆုံးဖြတ်ထားသူ ဆောင်းသဇင်ရို့နှစ်ယောက်ကြားမာ မည်သို့ မည်ပုံ လုပ်ကေကောင်းဖို့လေ့ဟု နည်းလမ်းရှာယင်း သူ၏ဦးနှောက်နန့် နှလုံးသားသည် အပြိုင်အဆိုင် လွန်ဆွဲပွဲကျင့်ပနီကတ်သည်။

လူသားရို့၏ ခန္ဓာကိုယ်မာ အဓိကအရီးပါဆုံးသော အဆစ်အပိုင်းသည် ဦးနှောက်ဖြစ်သည်။ ဘဝတခုလုံးအတွက် ဆုံးဖြတ်ဖို့ကျလှာသောအခါ ဦးနှောက်ကိုဦးစားပီး၍ ဆုံးဖြတ်ရ၏။ ဤသည်ကားအမှန် ဤသည်ကား အမှားဟု နည်းစနစ်ကျကျတွေးခေါ် ဆုံးဖြတ်ပြီး သူ့တာဝန်ကိုသူ ကျီပွန်ယောင်ထမ်းဆောင်တတ်သည်။ ယင်းကြောင့် ဦးနှောက်နန့်ဆုံးဖြတ်တတ်သူဟူသရွှိသည် အမှားလမ်းကိုရောက်၍ ဘဝပျက်ကျသည်ကား မဟိသလောက်ယှားလိမ့်မည်။

နှလုံးသားသည် လိုချင်မှုလောဘ၊ တက်မက်မှုတဏှာရို့ကို လက္ခဏာဆောင်သောကြောင့် အနုအညံ့၊ အပျော့ အပျောင်းတိကို ခံစားတတ်သူအဖြစ် သက်မှတ်နိုင်၏။ အများအားဖြင့် စာပီပညာသျှင်ရို့နန့် ဘဝမာအောင် မြင်မှုတခုခု ကိုရယူထားသူရို့သည် အချစ်ရီးကို ဦးနှောက်နန့် ဘဝအ

တွက်အမဟုတ်ပဲ နှလုံးသားကိစ္စဟုသတ် မှတ်လိမ့်ဟိကတ်သည်။ မှန်ပါသည်။ ဘဝကိုနှလုံးသားနန့် ဆုံးဖြတ်တတ်သူရို့သည် တခါတရီမာအမှန်လမ်းကို ရွီးယူနိုင်သလောက် အမှားဖက်သို့ရောက်တတ်သည်ကား အများစုပင်ဖြစ်သည်။ သူ၏ဦးနှောက်နန့် နှလုံးသားသည် ရောထွီးကျင်ကိုင်ပြီး တယောက်ကိုတယောက် အပြန်အလှန် အနိုင်ယူ တိုက်ခိုက်နီကတ်၏။ စာရီးဆရာပေါက်စသျှ ဝေလတယောက် မည်သည့်လမ်းကိုလျှောက်ရမည်နည်းဟု အတွက်ခံယင်း မိုးလင်းလားရ၏။

# အခန်း (၅)

ညဇာဖက် လေးချက်ခွဲလောက်မှာ အဝတ်အစားမပါသော နောက်ပိုးအိတ်အခွံတလုံးကိုလွယ်၍ ဝေလတယောက် ကား ထက်ကဆင်းလာ၏။ အနားက မြင်းဂါရီမောင်းသမား၊ ဆို က္ကားသမားရို့သည် ကားတစီးဝင်လာ သောအခါတိုင်း သူ့ ထက်ငါလျှင်ဆိုရေပိုင် "ဂိုးသျှေ၊ အကို၊ အစ်ကို၊ ဂိုးဂို၊ ညီ သျှေ၊ နှမသျှေ၊ အရီး၊ အခင် ဇာမာသို့လား ပါဖို့လေး၊ ဇာမာသို့ လိုက်ပို့ ရပါဖို့လေး။ ကျွန်တော် လိုက်ပို့ပါမေကား။" ခရီးသည် တိကိုခေါ်နီကတ်သည်။ ခရီးသည်တိနန့် မြင်းဂါရီ သမား၊ ဆိုက္ကားသမားရို့အပြန်အလှန် စီးပြတ်နီကတ်သည်ကိုလည်း တွိ ရ၏။

"သာလေစွပါ အစ်ကို။ ဇာကို လားပါဖို့မသိ။ ကျွန် တော်လိုက်ပို့ပါမေလေ။"

"သာစွလေပါ အစ်ကို ရပါရေ အပါးသျှေပါရာ။ ကျွန်တော်လမ်းလျှောက်လို့ လားလိုက်ပါဖို့ယာလို့။"

ကျောက်တုံးကျောက်ခဲတိနန့် အခြားအခြားသော သမိုင်းဝင်

အဆောက်အုံးရို့သည် မှုန်ပြာပြာ အထီးကျန်ဆန်ပြီး မြို့ဟောင်းမြို့တော်သို့ လာသရှိအာဂန္တုတိအားကြိုဆိုနှုတ်ဆက်နီကတ်သည်။ သုံးလောထွင့်ရှုထား မြတ်စွာဘုရားသျှင်၏ရုပ်ထုတော်တိ၊ စေတီပုထိုးတိလည်း ရွှီရောင်မဟိ ဆင်းရဲအတိ နန့်နီပူခံ၍ ကြည်ညိုပူဇော်ခံယူနီကတ်သည်ကား ကကောင်းကြီးပင် လွမ်းဆွတ်ဖွီရာကောင်း၏။ အမျိုးမျိုးသောကျောက်ဆတ်လက်ရာ ပန်းပု၊ ပန်းရံ၊ ရုပ်လုံးရုပ်ကြွတိလည်း အံ့မခန်းယောင် ကြက်သရေဟိပြီး သမိုင်းသုတေသီရို့အား ဖမ်းစားနိုင်သော ရှုခင်းတိဖြစ်သည်။ ယင်းကြောင့် အနောက်တိုင်းသား သမိုင်းသုတေသီရို့နန့် ပြည်တွင်းပြည်ပသုတေသီရို့သည်လည်း ရှိဟောင်းဂန္ထဝင်မြို့တော်အဖြစ် လာရောက်လိလာ၍ သမိုင်းပြုစုကတ်သည်။ ယင်းသို့ စည်စည်ကားကားဖြစ်နီခြင်းကိုကြည့်၍ "အော် ငါရို့ရခိုင်ပြည်ကြီးစွာလေး တချိန်ခါက တုန့်နိုင်းမဟိ ဗုဒ္ဓသာသနာတော်ကြီး နီပိုင်လပိုင်ထွန်းကားပျာ ကမ္ဘာ့ချမ်းသာကြွယ်ဝရေ နိုင်ငံတော်ကြီးတခုဖြစ်ခရေမလားဂု၊ဒေဂုတော့ခါ မသမာရေလူမျိုးတစုကြောင့် ကမ္ဘာ့ဆင်းရဲဆုံးပြည်ဖြစ်နီရရေ" ဟု အတွေးဝင်နီ၏။ မဖြောင့်တန်းသောအချစ်ကြောင့် စိတ်ပြေလက်ပျောက် ထွက်လာသော်လည်း လက်ဟိအထီးကျန် ဗီသုကာလက်ရာတိကိုမြင်ရသောကြောင့် သူသည်အတိတ်သို့ တချက်သျှေရောက်လား၍၏။ နာရီခွဲလောက် လမ်းလျှောက်လိုက်ပြီးနောက်ကျောင်းနီဖက်သူငယ်ချင်း မောင်ဖော်သာရို့အိမ်သို့ ရောက်လား၏။ ရီမိုးချိုးတနားသျှေလောက်နီပြီးခါမှ သူငယ်ချင်းနှစ်ယောက် လမ်းလျှောက်ထွက်လာကတ်သည်။

"အဝေသူငယ်ချင်း မင်းဖုန်းလေ့မဆက်၊ အကြောင်းလေ့မကြား ဇာပိုင်ကဇာပိုင်ယျောင် ဒေဖက်သို့လှည့်လာ

လေး။ ကံကောင်းလို့မလားယေ ငါနက်ဖန်ခါ ကိုယ့်ရွာသို့ လည်ဇောင်လားဖို့လို့ပျင်နီစွာ။ အီးယောင်နန့်ဘားဘာရို့ ညဇာကပင်လားခကတ်တေ။ ငါရို့မတွိကတ်စွာလေ့ ကျောင်းပြီးလောက်ကပင်ထော ငါးနှစ်လောက်တောင် ကြာယာဟိဖို့ နှန်း။"

"ငါလေးဝေအစခါ လာဖို့အစီအစိုင်မဟိ သူငယ်ချင်း။ ညဇာက အမိနန့် တဆိကေ စကားအပ်ကတ်တေ။ ယေဇုနန့် စိတ်ယှုပ်ပနာ ဒေဖက်သို့ရောက်လာစွာ။"

"ယော် ဇာဖြစ်ကတ်လေးဝေ။ မင်းအသျှေလေ့ မဟုတ်ယာ။ ရီးရီး မင်းကိုအလိုလိုက်တေမြင်ကားယေ။"

"အသျှေမဟုတ်လို့ ဂွကျရေဝေ သူငယ်ချင်း။ အသျှေခါဆိုကေ တခုလေးမသိ ကျောင်းတက်ရကေ ပျော်နီယာ။ ငေုကြီးလာလို့ ပြဿနာဖြစ်စွာဝေ။ အမိ ငါ့ကို အိမ်ထောင်ချပီးဖို့ပျင်ရေ ငါလေ့မသိလိုက်။"

"ယော် အိမ်ထောင်ချပီးဖို့ပျင်စွာ မှားလားဝေ။ မတ်ရို့ငါရို့ အသက်လေ့ မငယ်ကတ်ယာ။ အိမ်ထောင်ချသင့်ရေ အရွယ်သို့ရောက်နီကတ်ယာ။ ယေပြီးကေ မိဘရို့ဝတ်တရားဟိစွာကိုဝေ။ ငါရို့အသျှေခါ သင်ခကတ်တေမလား "မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိန်းမြားခြင်းလျှင်" ဆိုစွာကို။"

"ယင်းဟင့်တိကို ငါနားလည်ရေဝေ သူငယ်ချင်း။ ငါ့မာ ဆောင်းသဇင်တယောက်ဟိစွာကို မင်းလေ့သိစွာရာ။ ငါရို့ကြိုက်နီကတ်စွာတောင်မှ လေးငါးနှစ်ဟိယာ။ ငါဆောင်းသဇင်ကို မခွဲနိုင်ယာဝေ။ ယေပြီးကေ ငါယူရဖို့ မိမသျှေက ဒေကဆီးရုံကြီးမာကျနီရေ ဆရာဝန်မသွယ်သွယ်လှိုင်နန့်ဝေ။ "

ဝေလသည် စကားပြောနီခြင်းကိုတန့်ပြီး ရှိသို့ခြီမလှမ်းပဲ ရပ်တန့်လား၏။ အီးအီးသက်သာဖြစ်နီသောပုံစံက ချက်ချင်းမျက်နှာညှိုးလား၏။ ခြုံနွယ်သစ်ပင်တိဖုံး၊ ရီညှိတိတင်၊ ညစ်ညစ်ပတ်ပတ်ဖြစ်နီသော နန်းတော်ရာကုန်းကိုတွိလိုက်ရသောကြောင့် သူ၏အိပ်မိုးကျနီသော ဇာတိသွီး ဇာတိမာန်ရှိ့သည် ချက်ချင်းမြင့်တတ်လာခြင်းလား။ အသွီးအသားတိကရခိုင် ရခိုင်နန့်အော်နီကတ်သည်။ မျက်လုံးထဲမာလည်း ဖခင်၏မျက်ရည်နန့် နခေါင်းကထွက်နီသော သွီးစပ်တိကိုမြင်လိုက်ရခြင်းအလား ခံစားလိုက်ရ၏။ တဆက်တည်းမာပင် ဖခင်မသီခင်ပြောခသော "သားကြီးကိုမွီးပီးလိုက်စွာလေ အဖရခိုင် အမိရခိုင်ကမွီးလိုက်တေ။ ယေဇုနန့် လူမျိုးခြားကို မယူလီကေ့ကြားလာ။ ကိုယ့်လူမျိုးဆိုကေ ခမီ၊ ဒိုင်းနက်၊သက် ၊ မြို၊ မာရမာ၊ ရခိုင်ဆိုပနာ မခွဲခြားလီကေ့နှန်း" စကားသံတိသည် သူ၏နားထဲသို့ အခါခါအထပ်ထပ် ပဲ့တင်သံအဖြစ်ဝင်လားခ၏။

"အဝေး သူငယ်ချင်း ဇာဖြစ်လေး။ နီမကောင်းလားမတ်။"

"တခုလေ့မဖြစ်ဝေ။ နန်းရာကုန်းကို မြင်လိုက်ရလို့ စိတ်မကောင်းဖြစ်လားစွာရာ။ အယင်ကဆိုကေ ငါရို့ရခိုင်ပြည်ကြီး ဇာလောက်ထိ ခမ်းနားကြီးကျယ်လီဖို့လေ့ ဆိုစွာကို နန်းရာကုန်းကိုကြည့်လိုက်စွာနန့်ပင် သိနိုင်ရေမလား။ ယေဒါလေး ဂေ့အချိန်မာ မီးတိုက်ခံထားရေ နန်းတော်မြီနီရာတခုရာကျန်ခရေမလားလို့ စိုင်းစားမိခလို့ရာ။ ယေပြီးကေ ဘာဘာကိုလေ့ သတိရလားရေဝေ။"

"အေးဝေ သူငယ်ချင်း။ မတ်ဖသီကျလားစွာလေ့ ပဟေဠိဆန်ရေနှန်း။ ဇာဖြစ်ခလေ့ဆိုစွာကို တယောက်လေး

မသိကတ်။ ယင်းအကြောင်းကို ငါသိချင်နီစွာ ကကောင်း ကြာယာဝေ။ မတ်ကိုမီးကေ မာန်ပါလတ်မေကြောက်လို့ မ မီးဖြစ်ခ။ မတ်ပြောလို့ရကေ ငါ့ကိုပြောပြပလင့်။"

"ရရေ သူငယ်ချင်း။ ဒေကိစ္စကို ငါရို့ရွာက လူငါး ယောက်လောက်ရာသိရေ။ ငါ့အဖ ပေါ်တာဆွဲစွာမာပါ လားရေ သူငယ်ချင်း။ ဘာဘာရို့ ထင်းခွတ်ဖို့လားခါ ငါရို့ အိမ်မာလုပ်တေ အငှားသားလေးပါလားရေ။ ကံမကောင်း ခါ ထင်းခွတ်နီယင်း အောက်သားတပ်သားတိနန့်တွိလို့ ငါရို့ အိမ်ကအငှားသားကို အထုတ်ထမ်းဖို့ လိုက်ရဖို့လတ်။ ယင်း ခါ ဘာဘာက သူ့ကိုမခေါ်ကေ့လို့ပြောပနာ ဘာဘာကိုယ် တိုင်လိုက် လားခရေ။ အထုတ်တိအားလုံး ဘာဘာကိုထမ်း ခိုင်းရေလတ်။ ညဇာဖက် စခန်းနားသို့ရောက်တေခါ ဘာ ဘာကိုသတ်ကတ်တေဆိုရေ။ သူရို့တိ ညောင်းပါလီယောင် သက်ပြီးကေ ဘာဘာကိုသီယာဆိုပနာ ထားခရေလတ်။ ယင်းဟင့်ကို ခမီဝါကြီးတယောက် မြင်လားခလို့ သူရို့အိမ် သို့ခေါ်ယူပနာ မျက်နှာမာဟိရေ အနာတိကို ဆီးထည့်ပီး ကတ်တေလတ်။ ဘာဘာလေး သတိရစွာနန့် ချက်ချင်းထပါ လတ်တေ။"

ပါးစထဲက ရီမွတ်သည်အလား ဆာလောင်နီသော စကားတ ခွန်းကို နှလုံးသားထဲက "ဘာဘာ . . . ဘာဘာဝ" အော် ခေါ်မိလိုက်သည်။ တခါတရီမာ ကမ္ဘာ့အပြင်ဖက်သို့ တ ယောက်တည်းလားပြီး အော်ခေါ်ပစ်ချင်သော ဆန္ဒသည် လည်း ထိန်းမနိုင်သိမ်းမရ ဖြစ်ပေါ်မိခ၏။ အသက်ခြောက် နှစ်ဆိုသော အသျှေခါကပင် ရင်ထဲမာသိမ်း ထားရသော ကြောင့် တခါတရီရင်ညောင်းမိ၏။ ဖြစ်မလှာနိုင်မှန်းကိုသိ၍

ငိုချင်စိတ်ကို အောင့်ထားသော်လည်း မျက်ရည်စတိ အလိုလို သွန်ကျဖူးခ၏။ အသျှေခါကဆိုလျှင် "ဘာဘာ . . ဘာ ဘာ . . " ဟု သူငယ်ချင်းတိ ခေါ်သံကိုကြားလိုက်မိတိုင်း စိတ်ထဲကဝမ်းနည်းမိသည်ကား အခါပေါင်းမနည်း။ မကြားချင်လို့ အိမ်သို့ ပြန်ပြီးလားခရသည်လည်း ဟိဖူးခ၏။ ဒေတသက်မာ နောက်တခါ ခေါ်ခွင့်မဟိသော စကားတခွန်းကို အိမ်မက်ထဲမာ တော့ခါ အခါတသိန်းမက အော်ခေါ်နီမိ သည်။ အိမ်မက်က နိုးကျလာတိုင်း မျက်ရည်ကျဖူးခ၏။ မြင့်မိုရ်တောင်တခြမ်းပဲ့နန့် သူများတိပါးမာ အနှိမ်ခံရသော အချိန်တိုင်း ဖခင်၏လက်မောင်းကိုကိုင်ပြီးကေ ဂုဏ်ယူဝင့်ကြား စွာဖြင့် "ဒေမာဒေဝေး ငါ့ ဘာဘာ . . " လို့ ပြောပစ်ချင်ခ၏။ သို့သော် စိတ်ကူးယဉ်တိသည် အပြင်မာဖြစ်မလာပဲ လီထဲမာရာ ဆုံးယှုံးလား ခ၏။ ဝေလသည် ပြောယင်းဆိုယင်း နှလုံးသား၏ ပေါက်ကွဲသံနန့်ဖခင်ကို သတိရခြင်းနှစ်ခု ရောထွီးလား၏။ သူ့မျက်လုံးထဲက မျက်ရည်ပူတိ စီးကျနီခြင်းကိုတောင် သတိမထားမိ ပဲဖြစ်လား၏။

"အဝေး သူငယ်ချင်း ဇာဖြစ်လားလေဝေး။ မျက်ရည်ကျနီရေကားမတ်။ ငါမီးကြည့်စွာ မှားလားယာလားမသိ။ ငါ တောင်းပန်ယင့်ဝေ။"

"မင်းမမှားဝေ သူငယ်ချင်း။ တောင်းပန်ဖို့မလို။ ငါ ဘာဘာကို သတိရလားလို့ရာ။ အဂုအချိန်မာ ဘာဘာရာဟိဖို့ဆိုကေ ဒေပြဿနာတိဖြစ်လှာဖို့ အကြောင်းမဟိဝေ။"

သူငယ်ချင်းနှစ်ယောက် လပပြောင်ပြောင်သျှေနန့် နန်းရာကုန်းထပ်မာ အတိတ်ကိုလွမ်းနီကတ်သည်။ လေးတန်းအောင်လို့ ငါးတန်းနှစ်စစ်တွေမြို့မာ ကျောင်းတက်ဖို့ရောက် ခါကပင် စတွိခကတ်သည်။ သူရို့နှစ်ယောက်လုံးမာ အသျှေကပင်

မူမှန်ရက်ခွဲတစ်စိတ်ဓာတ်ဟိသောကြောင့် ရွာမတူသော်လည်း အချစ်ဆုံးသူငယ်ချင်းတိ ဖြစ်လှာကတ်သည်။ ခြောက်တန်းကို ရောက်သောနှစ်မာ သူရို့နှစ်ယောက်၏ကြားကို သန်းသန်းအေး တယောက်လည်း ဝင်ရောက်လှာ၏။ သူရို့သူငယ်ချင်းသုံးယောက်သည် တယောက်ကို တယောက် ကူဖော်လောင်ဖက်အဖြစ် သူ့မာဟိလျှင်ကိုယ်စား ကိုယ့်မာဟိလျှင်သူစား ဖြို လို့မပြီးသော သူငယ်ချင်း သံယောဇဉ်ကြိုးနန့် နှောင်းနှောင်းချိုင်ထားခကတ်သည်။ အသျှေဘဝအကြောင်းတိကို နောက်ကြောင်းပြန်နီကတ်ယင်း သမိုင်းဖက်သို့ ရောက်လာကတ်သည်။

သမိုင်းဆိုသည်မာ အတိတ်ကာလမှ ဖြစ်ပျက်ခသော အဖြစ်အပျက်တိကို သမိုင်းဟုခေါ်သည်။ အတိတ်က ရှိဆောင်လူကြီးရို့၏မကျီပွန်ခသော သမိုင်းဆိုးကျိုးတိကြောင့် တနိုင်ငံလုံးမာဓားခုပ်ရာပေါင်းမြောက်များစွာ ၊ မြှားစူးပေါင်း မြောက်များစွာနန့် မီးတိုက်ခံထားရသော နန်းတော်ရာ၊ အပုပ်နံ့ တထောင်းထောင်းနန့် လင်းတတိ ကောက်စားနီကတ်သော၊ လူသီအလောင်းတိသာကျန်ခသော အရိုင်းအစိုင်းသမိုင်း၏ အနာဟောင်းတိကို ဖော်ထုတ်နီလိုက်ကတ်သည်။ ယင်း၏ အကျိုးဆက်တိသည် နှစ်ဆယ့်တစ်ရာစု ပစ္စက္ခအချိန်ထိ ဆိုးကျိုးသက်ရောက်နီ၏။ စကားပြောယင်းဆိုယင်း ညည့်ဆယ်ချက်တီးလားသောကြောင့် အိမ်သို့ပြန်လားခကတ်သည်။ ဝေလ၏စိတ်ထဲမာကား " ဆောင်းသဇင်တယောက် ဇာပိုင် ဟိလီဖို့လေး။ သူ့မိဖတိနန့် တခုခုဖြစ်လို့ ဟိလီဖို့လားဟင့်" ဆိုသောကြောင့် ကြစိတ်တိလည်း ဝင်ရောက်နီရာယူထားကတ်သည်။ တရက်နှစ်ရက် အတိုးအတွင်းမာ သွယ်သွယ်လှိုင်နန့်တွို၍ အီးအီးသက်သာဆွေးနွေးရန် စိုင်းစားထား၏။ ဆောင်းသဇင်၏ဘဝ

တချောက်လုံး တိန်းဆိတ်ငြိမ်သက်ပျှာ အလွန်ပင်အီးအီးချမ်းချမ်းနန့် နွီးနွီးထွီးထွီး ဖြစ်နီသောအိမ်သျှေသည် ဒေနိအတွက်အဆိပ်သင့်အိမ်ဟုပင် ထင်ရ၏။ မထင်မှတ်ပဲ မိဖနန့် သူမကြားမာ မိသားစုစစ်ပွဲကြီးတခုကို အချစ်ကဖန်ဆင်းပီးလိုက်သည်။ သူမအားမတိုင်ပင်ပဲ သမက်သျှင်ဖက်ကလာ၍ အသွင်းတင်တောင်း လှာသည်ကို လက်ခံလိုက်သည်။ ယင်းကို စိုင်းစားယင်းစိတ်မကောင်းဖြစ်၍ အိမ်ထဲကအိမ်ပြင်သို့မထွက်ပဲ အခန်းထဲမာနီယင်း ဝေလကိုသတိရစိတ်နန့် အလွမ်းပန်းတိ သီကုန်းနီ၏။ အချစ်နန့် ဖွဲ့နှောင်ထားသော သူမ၏နှလုံးသားသည်လည်း တုန်လှုပ်ယိမ်းထိုးနီ၏။ ဒေဂုအချိန်သည် သူမ၏အနားမာ မိဖကိုထက် ဝေလကိုဟိစီချင်သည်။ လက်ဟိဖြစ်နီသော အခြီအနီကိုလည်း ရင်ဖွင့်ပစ်ချင်သည်။ သို့သော် ဝေလ၏အရိပ်အရောင်ကိုတောင်မှမမြင်ရပဲ ပျောက်ခြင်းမလှ ပျောက်နီ၏။ သူမ၏စိတ်ထဲမာ "ငါ လမ်းခွဲဖို့ပြောလိုက်စွာ မှားလားယာလားမသိ။ သူ ငါ့ကို စိတ်နာလားရေဟိဖို့။ ငါ့ကိုစိတ်မနာကေလေ့ သူ့အမိသည်ပီးစပ်တေ ဆရာဝန်မနန့် ယူလားလီယာလား။ အော် . . ငါ ဇာတိကို စိုင်းစားနီလေ။ သူငါ့ကို ခွဲပစ်ခဖို့မဟုတ်။ ငါသူ့ကိုယုံရေ။ ပျောက်နီစွာ အကြောင်းတခုခုတော့ခါ ဟိဖို့။ ဆောင်းကိုအလျင်လာလို့တွိပါ ကိုဝေလ။ ဒေရက်ပိုင်းအတိုးအတွင်းမာလာမတွိကေ ဆောင်းနန့်သက်လုံးကို ဝီးရဖို့ယာ ဒေ" ဟု အမျိုးမျိုး စိုင်းစားနီမိသည်။ အအီးဓာတ်ကြီးသော ဒီဇင်ဘာမိုးထဖက်မာ နှင်းပွင့်သျှေတိ တဆက်ဆက်ကြွီကျနီရေပိုင် သူမ၏ဆွဲ ဆောင်မှုအဟိဆုံးသော မျက်လုံးနှစ်စုံက မျက်ရည်နှင်းစက် သျှေရှို့သည်လည်း တအီးအီးကြွီကျနီကတ်သည်။ အတားအဆီးမဟိပဲ ဖောင်းမို့မို့ဖြစ်နီသော သူမ၏ပါးပြင်ထက်မာ စီးကျနီသော မျက်ရည်များသည် အချစ်၏အလက်ာတိလား။

"အဘ့လာပိ"

"ဘုရား"

သူမသည် မိခင်၏ခေါ်သံကြောင့် စီးကျနီသော မျက်ရည်တိကို သုပ်ယင်း မိခင်ကိုလှည့်ကြည့်လိုက်သည်။

"မီးထွန်းထားသိရေကာ၊ မအိပ်သီးလား။ ဇာလုပ်နီလေ ။ ညည့်သိုင်းခေါင်ကျော်လားယာထော။ မိုးလင်းကေ ဂေါင်းညီး နီဖို့သီး။"

ဘားဟွင်သည်သူမ၏သမီး တခုခုဖြစ်နီလား ကြောင်းကြစိတ် နန့်စကားပြောယင်း အခန်းထဲသို့ဝင်လာ၏။ သူမသည်မီးပိတ် ဖို့အလားမာ သမီးမျက်နှာကို ကြည့်လိုက်မိ၏။ မျက်နှာတခုလုံး နီရဲပြီးကေ ငိုထားသောသမီးကို မြင်လိုက်ရသည်။ သို့ကြောင့် ကောင်းကောင်းပင် ကြောင်းကြစိတ်တိ ဝင်ရောက်လားခ၏။

"အမိလေ ငါ့သမီးသျှ ဇာဖြစ်နီယှင့်။ မျက်နှာတခုလုံး ရဲနီယောင်ထိ ငိုနီရေကာ။ ဇာဖြစ်နီလေ အော့နွယ်ကို ပြောပ လင့်။"

"အဘ့လာပိ ဇာဖြစ်နီလေဆိုစွာကို အော့နွယ်သိရေ မ ဟုတ်ပါလား။ အဘ့လာပိလေ ကိုဝေလကလွဲပြီးကေ တယောက် ကိုလေး မယူချင်ပါ။ အဘ့လာပိဘဝမာလေ ကိုဝေလကိုရာချစ် ပါရေ။ သူ့ကိုမခွဲနိူင်ပါ။"

"အော် . . . ဇာဖြစ်နီစွာလေလို့ စိတ်ပူလိုက်ရစွာ။ ဘဝဆိုစွာ တခါတရီမာ ကိုယ်ဖြစ်ချင်ရေပိုင်မဖြစ်ပဲ၊ ကံတရား အတိုင်းဖြစ်လှာစွာလေ့ဟိရေ။ ယင်းပိုင် ကိုယ်ချစ်တေလူနန့် မပေါင်းရလို့ စိတ်ညစ်ကေလေ့ အချိန်ကြာလှာစွာနန့်အမျှ တ အီးအီးအဆင်ပြေလားတတ်တေ။ ယင်းကလေဝေလကို အမိ အနီနန့်တော့ခါ တခုလေ့သော ပြောစရာမဟိ။ ယေဒါလေး အဘ့လာပိအဖပြောရေပိုင် အနှိမ်ခံဘဝနန့်တော့ခါ ကိုယ့်သမီး

ကို မမြင်ချင်ကတ်စွာကား မိဖတိုင်းမာဟိရေ မေတ္တာတရားတိ မလား။ အဂုဆိုကေ ကိုယ့်ခမီလူမျိုးအချင်းချင်း တယောက်ကို တယောက်ပြောဖို့စကားမဟိ။ အဂုမချစ်ဆိုကေလေ့ နောက် ခါချစ်လှာလိမေ။ စိတ်ကိုချော့ပနာ အိပ်ဖိန့်နန်း အာ့လာပိ။"

"အော့နွယ်ပြောစွာကို အာ့လာပိလက်ခံပါရေ။ ယေ ဒါလေး အော့နွယ်စိုင်းစားကြည့်ပါ။ ကိုယ့်လူမျိုးအချင်းချင်း ယူရေဆိုစွာကတော့ခါ သဘာဝကျပါရေ။ ယေဒါလေး အမိ ရို့သဘောတူထားရေလူစွာ ခမီလူမျိုးမှန်ကေလေ့ ခမီလို့မခံ ဝံ့ရေလူ ယေပြီးကေ ဘာသာပြောင်းပနာ ခရစ်ယာန်ဘာသာ ဖြစ်နီရေ။ ယင်းဟင့်စွာ ဘဝသံသရာတခုလုံးအတွက် အကြီး မားဆုံး ဆုံးယှုံးမှုဖြစ်တေ။ ယင်းဟင့်ကို အော့နွယ်နန့်အော့ ပါယ်ရို့ ကောင်းကောင်းနားလည်ကတ်တေ။ ယင်းပိုင် သိယင့် နန့်ပင် ကိုယ့်သမီးသျှေတယောက်ကို ဇာဖြစ်လို့ငရဲသို့ ပို့ချင် ကတ်စွာလေး အော့နွယ်။"

"အော် ငါ့မာ သမီးသျှေတယောက်ရထားစွာ တန်ဖိုးဟိ လိုက်တေပင်။ ကောင်းယင့်နှန်း အာ့လာပိအိပ်ဖိ မိုးလင်းခါ ပြောကတ်ဖို့ယာ။"

"ဟုတ်ပါယင့်။"

ဘားဟွင်သည် သူမ၏သမီးအား အိပ်ယောင်ချော့မော၍ မီးပိတ်ပြီးကေ အခန်းထဲကထွက်လားခ၏။ သို့သော် ဆောင်း သဇင်တယောက် မအိပ်နိုင်ပါ။ အခန်းထဲကထွက်လားခသော မိခင်၏နောက်ကုန်းကိုကြည့်ယင်း နှလုံးသားကမထိန်းသိမ်းနိုင် သော ဝမ်းနည်းစိတ်ကြောင့် စီးကျနီသော မျက်ရည်များသည် အဆက်မပြတ် စီးဆင်းနီ၏။ ခမီနာမည်အား ခမွီးဟုခေါ်သ ဖြင့် လူမျိုးရီးပဋိပက္ခအသွင်ဆောင်စီသော စကားတခွန်း ကြောင့် မချစ်မနှစ်သက်သောလူနန့် ပေါင်းသင်းရဖို့မကလို့

အလွန်တရာမှ ကြည်ညိုဖွယ်ကောင်းသော ဗုဒ္ဓသာသနာတော်ကြီးကိုလည်း စွန့်ရှုတ်ရမည့်ကိန်းသို့ ဆိုက်နီ၏။ အငယ်သျှေကျောင်းသားဘဝမှာ လူ့လောကအကြောင်းကို တခုလည်း မသိကတ်သီးသောအချိန်မှာ လူငယ်အချင်းချင်း ခေါ်ခေါ်ကတ်သောအသုံးအနှုန်းသည် ဖခင်ရို့ရင်ထဲမှာ သံမှိုစိုက်ထားရေပိုင် သိမ်းဆည်းထားကတ်သည်ကိုလည်း သူမကကောင်းသဘောပေါက်သည်။ သို့သော် ယင်းကိုခမီလူကြီးထဲက တဦးတယောက်လည်း ဖြေယှင်းသူမဟိ ပဲပြဿနာကိုမွီးစပ်ထားရေယှောင်ဖြစ်နီ၏။ အဂု နှစ်ဆယ့်တစ်ရာစုက လူကြီးလူငယ်ရို့သည် အတွေးအခေါ် အားဖြင့် အများကြီး ပြောင်းလှယ်လာကတ်သည်။ တယောက်နန့်တယောက် လက်သီးလက်မောင်းခတ်၍ ရန်ဖြစ်ကတ်သည်လည်း အလွန်ပင်နည်းပါးလှာ၏။ စည်းစည်းရှုန်းရှုန်းနန့် ညီညီညွှတ်ညွှတ် ဖြစ်လှာကတ်သည်။ အယင်က ခမွီးဟုခေါ် နီကတ်သော အမွီဆိုးအား ခေတ်လူငယ်ရို့သည် ကိုယ့်အသိစိတ်နန့်ကိုယ် ပယ်ချလှာကတ်သည်။ ကိုယ့်လူမျိုးအချင်းချင်း စည်းရှုန်းရီး ပြိုကွဲမည့်စကားတိကိုလည်း အလွန်ပင် ယှောင်ဖယ်လှာကတ်သည်။ ယင်း ပြောင်းလှယ်လာသောခေတ်ကာလ၏ရီစီးကြောင်းကို နားလည်သဘော ပေါက်သော်လည်း မိဖနှစ်ပါးအား နားလည်ယောင် မည်သို့ပြောပြရမည်ကိုစိုင်းစားလီ ယှုပ်ထွီးလာလီ ဖြစ်နီ၏။ မိုးလင်းအရုဏ် နာရီငါးချက်တီးလောက်မှ သူမအိပ်ပါလားခ၏။

ဆောင်းသဇင်သည် လက်ထဲမှာ သွီးသံရဲရဲနန့်ဓားတလက်ကိုကိုင်၍ ပင်လယ်ရီမျက်နှာပြင်ဖက်သို့ မျက်နှာလှည့်ထား၏။ ယင်းကိုမြင်လိုက်သော ဝေလသည် စိတ်လှုပ်ယှားစွာဖြင့် သူမအားလှမ်းခေါ် လိုက်သည်။

"ဆောင်း . . . ဆောင်းမဟုတ်လားဟင့်။ ဒေအနား

မာ တယောက်တည်း ဇာလုပ်နီလေး။"
နောက်ကခေါ်သံကို ကြားရသောကြောင့် သူမလှည့်လိုက်သည်။ သူမ၏မျက်နှာတခုလုံးသည် သွီးရောင်တောက်နီ၏။ အတိုင်းအတာတခုထက်ပို၍ ငိုထားသည်ဟုပင် ထင်ရသည်။
"ဆောင်း ဇာဖြစ်နီလေ။ စကားလေ့ ပြန်မပြော။ လက်ထဲမာလေး ဓားကိုကိုင်ထားရေကာ"
ဝေလ၏ ကြောင်းကြစိတ်နန့် အဆက်မပြတ်မီးသံကြောင့် သူမသည် နောက်လက်တဖက်က သွီးသံရဲရဲနန့် တဖုတ်ဖုတ်တုန်လှုပ်နီသော အသည်းနှလုံးအား သူ့ကိုပီးနီ၏။
"ဆောင်း . . ဆောင်း . . ဆောင်း . . . "
သူသည် မိမိမြင်သောမြင်ကွင်းကို မယုံနိုင်သည်ကတကြောင်း ၊ ဆောင်းသဇင်အား ကြောင်းကြစိတ်ဝင်လားသည်က တကြောင်း ခန္ဓာတခုလုံး တုန်လှုပ်လားခ၏။ ကြောက်လန့်စိတ်အပြည့်နန့် အားဟိသမျှအသံကိုသုံးပြီး အော်ခေါ်လိုက်သည်။
"အဝေး . . . အဝေး . . သူငယ်ချင်း ဇာဖြစ်နီလေး။ ထ . . ထ . . မတ်ယောင်နီရေဟိဖို့။"
မောင်ဖောင်သာ၏ လှုပ်နှိုးမှုကြောင့် ဝေလတယောက်အိပ်မက်ဆိုးထဲက လန့်နိုးလာ၏။ ခန္ဓာတခုလုံးမာဟိသော ချွေးပေါက်တိပွင့်လားခြင်းအလား ဝတ်ထားသော အကျီတထည်လုံး ချွေးစွတ်လားရ၏။
"ဘုရား ဘုရား ငါအိပ်မက်ဆိုး မက်နီရေမလားယှင့်။ ဆောင်းသဇင်တခုခုဖြစ်နီလား။ ငါ့ကို ဇာလောက်ထိ သတိရနီလေ့မသိ။ ငါလေးဒေမာသို့ရောက်စွာ နှစ်ရက်တောင်မှုဟိယာထော။ သွယ်သွယ်လှိုင်နန့် တွိဖို့လာစွာလေ့ အဂုထိမတွိဖြစ်သီး။ ဒေနိမိုးလင်းကေတော့ခါ တွိဖို့လားရဖို့။"
"ဆောင်း . . ဆောင်း . . ဆိုပနာ ခေါ်နီစွာနှစ်ခေါက်

သုံးခေါက်ကြားလိုက်တော။ မတ် ယင်းမသျှေကိုဇာ လောက်ချစ်လေ့ဆိုစွာကို ငါနားလည်ရေဝေ သူငယ်ချင်း။ စိတ်ကိုအီးလို့ ထား အချိန်မတန်သီးလို့ရာ၊ အချိန်တန်ကေ သူ့အလိုလိုအဆင်ပြေလာလိမေ။ အိပ် အိပ် အချိန်ဟိသီးရေ။ မိုးလင်းခါ သွယ်သွယ်လှိုင်နန့်တွိဖို့လားကတ်ဖို့ မဟုတ်လား။"

သူ၏ရက်စက်ကြမ်းကြုပ်ပြီး ကြောက်ဖို့ကောင်းသော အိပ်မက်ဆိုးကြောင့် နောက်တခေါက် မျက်စီကိုနှိပ်ရန် မဝံ့မရဲဖြစ်နီ၏။ ချွေးသီးချွေးပေါက် စိုစွတ်နီသောနဖူးထပ်မာ လက်တင်ပြီးကေ သူမပြောခသော "ဆောင်းလေ ကိုဝေလကို မခွဲနိုင်။ ကံမကောင်းလို့ ခွဲကတ်ရဖို့ဆိုကေ ဆောင်းကိုယ့်ကိုကိုယ် သက်လို့သီမိလိမေ" စကားတိကို တလုံးချင်း သတိရနီမိ၏။ ရင်ဘက်ထဲမာလည်း မြင်းခွာသံတိယှောင် တဒုန်းဒုန်း တအုန်းအုန်းနန့် တုန်လှုပ်နီ၏။ အဂုအချိန်မာ သူခံစားနီရသော နှလုံးသားဝေဒနာအား မည်သူမျှ လည်းနားလည်လိမ့်မည်မထင်။ ဖြစ်လှာသော ပြဿနာကို အဖြေမှန်ရရန်" ဇာလုပ်ကေ ကောင်းဖို့လေ့ "နည်းလမ်းတိ တခုပြီးတခု ရှာကြည့်နီ၏။ အချို့လူငယ်တိဆိုလျှင် ဒေဂုပိုင် အချစ်ရီးပြဿနာနန့် ကြုံတွိလာရသော် အရက်ယစ်နီကတ်လိမ့်မည်။ သို့သော် သူသည်အချစ်ကြောင့် အရက်သောက်သူထဲမာမပါသော ခပ်ယှားယှားလူငယ်တယောက်ဖြစ်၏။ စာပီးသမားတယောက်ဖြစ်တေပိုင် သူ၏ပင်ကိုစရိုက်ကို အခြားလူငယ်တိထက် ထိန်းထိန်းသိမ်းသိမ်း နီထိုင်တတ်သည်။ သူ့မာဖတ်ရှုလိလာထား သောစာအုပ်စာပီတိက ဗဟုသုတတိ၊ အတွေးအခေါ်တိ အများကြီးဟိ၏။ ယင်းကြောင့် သူ့ကိုသူထိန်းချုပ်ရန်လည်း ကောင်းကောင်းနားလည်သည်။ မှားယွင်းပျက်ကျနီသော အတွေးအခေါ်တိအား မည်သို့မည်ပုံ အမှန်ဖက်သို့ ဆွဲယူနိုင်ဖို့လည်းဆိုသော နည်းလမ်းတိကို ရက်

ပြတ်ရှာဖွိနီသူ ဖြစ်၏။

အရီးအကြောင်းကျလှာတိုင်းမာ အချိန်မဆိုင်းပဲ ကူညီပီးတတ်သော သန်းသန်းအေးကိုလည်း အားကိုးစိတ်တိနန့် သတိရမိပြန်၏။ ဆောင်းသဇင်နန့်စတွိဖို့ကပင် သမီးရည်းစားဖြစ်ကတ်တအထိ စိတ်ရှည်လက်ရှည်နန့် သူမကိုယ်တိုင် ကူညီပီးခ၏။ စာပီသမားပီပီ တည်ငြိမ်အားကြီးသောကြောင့် ဆောင်းသဇင်အား ရည်းစားစကားပြောရန် တွန့်တိုနီခသည်ကိုလည်း သူမကိုယ်တိုင်ပင် အားပီးစကားတိ ပြောပီးနီခ၏။ သမီးရည်းစားဖြစ်ပြီး နောက်ပိုင်းမာလည်း အစစအရာရာ အဆင်ပြေယောင်သူမကပင် ကူညီပီးခ၏။ ယင်းကြောင့် သူမသည် သူရို့သမီးရည်းစားနှစ်ယောက်ကြားမာ အောင်သွယ်တော်၊ မြှားနတ်မေဟု ကြီစပ်၍ခေါ် ဖူးကတ်သည်။ အဂု အချိန်မာလည်း သူမ၏အကူအညီကို လိုချင်နီမိ၏။

တဆက်တည်းမာပင် နက်ဖြန်မိုးလင်း၍ သွယ်သွယ်လှိုင်နန့်တွိလျှင် မည်သို့ပြောသော် ပို၍ကောင်းနှိုင်မည်ဟု အတွေးများသည်အဆက်မပြတ် ဝင်ရောက်နီ၏။ ယင်းကြောင့် မိုးလင်းလားသည့်ထိ သူ့မျက်လုံးတစုံသည် နှိပ်မရပဲဖြစ်နီခ၏။

# အခန်း (၆)

မိုးလင်းစောစော ရောင်နီလာစအချိန်မှာ မြောက်များစွာသော ဇာတီပုထိုးတိနန့် သာယာလှပသော တောင်ကုန်း တောင်တန်းသျှေတိကြားက ထွက်လှာသောနီမင်းကြီး၏ အလင်းရောင်အောက်မှာ မြို့ဟောင်းမြို့တော်သည် လှချင်တိုင်း လှနီကတ်သည်။ စိမ်းလန်းစိုပြေသော မြက်ခင်းပြင်တိမှာ ပန်းပင်သျှေတိစိုက်ထား၏။ အမျိုးစုံစွာ ပွင့်လန်းနီသော ပန်းပွင့်သျှေတိကြားမှာ လိပ်ပြာသျှေရို့သည် အရောင်စုံလင်စွာနန့် တပင်ကတပင်သို့၊ ပန်းတပွင့်က နောက်တပွင့်သို့ ကူးပြောင်းပျော်ပါး ပျံလွှားနီကတ်သည်။တခေါက်တခေါက် နီရောင်ခပ်လိုက်သောကြောင့် လိပ်ပြာသျှေရို့၏ နုညံ့သိမ်မွေ့သော တောင်ပံသျှေနှစ်ဖက်မှ ဖြူပြာနီညိုသောအရောင်တိ တဖိတ်ဖိတ် တောက်ပနီကတ်သည်။ ယင်းလိပ်ပြာသျှေရို့၏ သဘာဝအလှသည် ဝေလရို့ပိုင် စာပီသမားရို့၏ နှလုံးသားကို ဖမ်းစားနိုင်သည်။ ကျီးငှက်သာလိကာရို့၏ တေးဆိုသံ၊ သာယာတွန်ကျူးသံတိလည်း လွမ်းဆွတ်ဖွီရာကောင်းလွန်း၏။ ဘေးကင်းပီးထားသော ယုန်ဖြူသျှေတိ၊ ပိတုန်း ဖွားဖွားသျှေနန့်ချိုင့်ကောင်သျှေရို့သည်လည်း လမ်း

ဘေးတလျှောက် ခုန်ပေါက်ဖြီးလားနီကတ်သည်။
သူသည် လောကကြီးတခုလုံးကို မိပျောက်၍ ယင်းရှုခင်းထဲမာ ပင် သာယာမိလား၏။ သူရို့နှစ်ယောက်သည် လမ်းလျှောက် လာယင်းနန့် ပတ်ဝန်းကျင်၏သဘာဝအလှကို ခံစားနီကတ် သည်။ မီးမြန်းစုံစမ်းပြီးကေ သွယ်သွယ်လှိုင်ရို့အိမ်သို့ ရောက် လာကတ်သည်။ အိပ်ရှိသို့ရောက်သည်နန့် လူကြီးတယောက် ထွက်လာသောကြောင့် မောင်ဖော်သာကပင်စ၍ မီးမြန်းလိုက် သည်။
"အခင် ဆရာမသွယ်သွယ်လှိုင်ဟိပါလား။ ကျွန်တော်ရို့သူ့ မိတ်ဆွီပါ။"
"ဟိရေဝေ မောင်သျှေ။ တနားကေ ဆီးရုံကိုလားဖို့ ပျင်နီရေဟင်။ လာလာ အထဲကိုဝင်ကတ်။"
လူကြီး၏ ဖော်ဖော်ရွေရွေကြိုဆိုမှုကြောင့် နောက်ကလိုက် ပါလားကတ်သည်။ လူကြီးသည် သူရို့နှစ်ယောက်ကိုဧည့်ခန်း မာထားပြီး သွယ်သွယ်လှိုင်ကို လှမ်းပြောလိုက်သည်။
"ဆရာမသျှေမာ အာဂန္တုတိလာရေထော။"
"အော် ဟုတ်ပါယင့်။ အကျွန်လာလတ်ပါမေ ခင်ခင်။
"

ဆရာဝန်ဝတ်စုံကို ဝတ်ဆင်ထားပြီးကေ အခန်းထဲက သွယ် သွယ်လှိုင်ထွက်လာ၏။ သူမသည် အသားညိုညိုသျှေနန့် ပိ တုန်းရောင်တောက်ပနီသော သူမ၏ဆံကေသာသည်လည်း တင်သားဖုံးထိရှည်သည်။ အီးချမ်းတည်ငြိမ်သော သူမ၏ရုပ် သွန်သည်လည်း လူပျိုသျှေတိုင်းအား ဆွဲဆောင်နိုင်အားကြီး ၏။ နုညံ့ချောမွီနီသော သူမ၏ပါးပြင်ထက်မာ သနပ်ခါးပါး ကွက်ကျားသျှေဘယ်ညာနှီး၍ ရခိုင့်မူရခိုင့်ဟန်နန့်အလွန်ပင် ကြည့်လို့လှနီ၏။ သူမ၏လမ်းလျှောက်လာသောပုံစံမာ

တည်ငြိမ်ရင့်ကျက်မှု ဩဇာသက်ရောက်မှုတိဟိနီ၏။ ဆရာဝန်မဆိုသော်လည်း မာနကြီးပုံမပေါ်ပဲ ယဉ်ကျေးသိမ်မွှဲဟန်ဟိ၏။

"အော် မောင်ကြီးရို့လား။ နီကောင်းရေမဟုတ်လား။ အဂုမှရောက်စွာပါလား။"

"အင် နီကောင်းရေ။ အဂုမှရောက်စွာမဟုတ်ဒေ။ ဒေနိနန့်ဆိုကေ သုံးရက်တောင် ဟိယာ။ ဒေသူရို့အိမ်မာ တည်းနီရေ။ လာဖို့မအားလို့ မလာဖြစ်။ ညီမသျှေကာ နီကောင်းလာ။"

" အင် . . သွယ်လေ့သောနီကောင်းပါရေ။ မောင်ကြီးလာဖို့စွာကိုမသိလို့ သွယ်ဆီးရုံသို့လား ဖို့ပျင်နီပါရေ။"

"အော် . . အေ အေ လား လား။"

"မောင်ကြီးမာ ညဇာကတနားသျှေလောက် လာခကေ အဆင်ပြီလားဖို့။ သွယ်ဆီးရုံမာ ခွင့်တိုင်လိုက်ကေ ရပါရေယှင့်။ ဒေနိတော့ခါ ဆီးရုံကိုလားရပါဖို့။ နိခင်းသားသုံးနာရီလောက်ဆိုကေ သွယ်ပြန်ပါလတ်ပါမေလေ။ သွယ်ကိုစောင့်နီပါနှန်း မောင်ကြီး။"

"ယင်းပိုင်ဆိုကေလေး ရရေနှမသျှေ။ မောင်ကြီးညဇာသား လေးနာရီခွဲလောက်မှလာဖို့ယာ။ မောင်ကြီးကိုစောင့်နီ။ အပြင်ကိုတနားသျှေလားပနာ စကားပြောကတ် မေ။
"

စကားပြောယင်း အချိန်တဆိကေ နောက်ကျလှာသောကြောင့် သွယ်သွယ်လှိုင်သည် ဆီးရုံကားထက်သို့တက်၍ လိုက်ပါလားခ၏။ ဝေလနန့်မောင်ဖော်သာသည်လည်း လမ်းလျှောက်ယင်း ထွက်လာကတ်သည်။ ကောင်းကောင်းလှုပပြီး

ရှုချင်စဖွယ်ပန်းပွင့်သျှေမှာ သဘာဝ၏ဖန်ဆင်းမှုကြောင့် ပန်းရနံ့တိပြည့်စုံပြီးကေ ချိုအီးမြသော အရသာဟိသော်လည်း အဆိပ်ပန်းရာဖြစ်နီခကေ ရှိဝါရောင်ပျားသျှေတိ၊ နုနုညံ့ညံ့နန့်ပန်းခန်းသျှေ၏အလှကို ထပ်လိုမွမ်းမံပီးသော လိပ်ပြာသျှေရို့တောင်မှ ယင်းပန်းပွင့်နန့် တစိမ်းပြင်ပြင်ဖြစ်ကတ်သည်။ သို့သော် ရနံ့ကိုစွဲမက် အရသာတခွက်ကိုမလွန်ဆန်သော ယင်ကောင်အချို့သည်ကား ရသတဏှာ၏သား ကောင်အဖြစ်ဖြင့် သောက်ပြီးတိုင်း သီကျနီရ၏။ မည်မျှလောက်ထိ ချိုအီးမြသော သစ်သီးပင်ဖြစ်လီပတ်စီ ကိုယ့်ကျန်းမာရီးကို အန္တရာယ်ဖြစ်စီလျှင် ယင်းသစ်သီးကိုမစားပဲ ယှောင်ကတ်သည်ကား သဘာဝပင်မဟုတ်လား။ အဆိပ်ပင်လို့သိယင်းနန့် ရီလောင်းရဖို့အဖြစ်မျိုးကို သူလုပ်ဖို့လား။

"အဝေ သူငယ်ချင်း မင်းငါ့ကို ကူညီဖိဝေ။ အခြားမြင်းဂါရီသမားတိကိုလည်း မခေါ် ချင်ယာ။ မင်းမောင်းလို့ ရဖို့လားဝေ။"

"အမိလေ ပြောဖို့မလို ငါသိပြီးသား။ တခုမဟုတ်တခု ငါ့ကိုဒုက္ခပီးတတ်စွာ မတ်အကျင့်ကို ငါအာဂုံရနီယာ။ ယေဇုနန့်မိုးထသားကပင် ငါ့သူငယ်ချင်းတယောက် မြင်းဂါရီကို တညဇာလောက် လှုလို့ပြောထားခရေ။"

"ဟား . . ဟား . . မင်းအလိုက်သိစွာကို ငါလည်း အသျှေကပင် အာဂုံရရေ။"

"ဟား . . ဟား . . " "ဟား . . ဟား . . "

သူငယ်ချင်းနှစ်ယောက် တယောက်စကားကိုတယောက်က သဘောကျပြီးကေ အားရပါးရ ရယ်လိုက်ကတ်သည်။ မောင်ဖော်သာကမြင်းဂါရီမောင်း၍ ဝေလသည် စကားပြောယင်းအနားကထိုင်၍ လိုက်ပါလာ၏။

"အဝေသူငယ်ချင်း။ မတ်ဇာဖြစ်လို့ သွယ်သွယ်လှိုင်ကို ငြင်းစွာလေ့ဝေ။ ယင်းမသျှေကိုကြည့်ရစွာ မတ်ကိုသံယောဇဉ်ဟိပုံပေါက်တေ။ ယေပြီးကေ အခြားဆရာဝန်မတိပိုင်ဂုဏ်မောက်ပနာလေ့မမြင်။ ယဉ်ယဉ်ကျေးကျေးနန့် ကြက်သရည်ဟိရေကာ။ ဒေမြို့မာဆိုကေ အချို့လူပျိုသျှေတိ ယင်းမသျှေနန့် ရင်းနှီးချင်ကတ်စွာ မကန်ဝေ။"

"လောကမာ လူအမျိုးမျိုး စိတ်အထွေထွေဟိကတ်တေမလား သူငယ်ချင်း။ လူတိုင်းလူတိုင်းမာ ကိုယ်ပိုင်ရွှတ်လပ်ခွင့် ဟိကတ်တေ။ ကိုယ့်ဘဝကို ကိုယ်ကြိုက်တေပိုင် ပုံဖော်ထုဆတ်နိူင်ကတ်တေ။ ယင်းဟင့်စွာ လူသားရို့ဇ္ သဘာဝတရားဆိုပိုင်၊ ဇာသူလေ့ ထိန်းချုပ်ပိုင်ခွင့်မဟိရေ ရွှတ်လပ်မှုအစစ်မဟုတ်လား။ လူတိုင်းလူတိုင်းစွာ ချမ်းကြွယ်ဝမှု၊ အောင်မြင်တိုးတတ်မှုတိကို လိုချင်ကတ်တေ။ ယေဇုနန့် အချို့လူငယ်တိရေကိုယ့်ဘဝကိုကိုယ် ချမ်းချမ်းသာသာနန့်နီချင်လို့ ဖေသာမျက်နှာတခုတည်းကိုကြည့်ပနာ အခြားအခြား ရွှတ်လပ်မှုတိကို ဆုံးယှုံးခံပစ်ကတ်တေ။ ယင်းဟင့်ကို ငါ့အနီနန့်ကြည့်ကေ မှားရေလို့မြင်ရေ။ ယေဒါလေး သူများတိကိုတော့ခါ မှားရေလို့မပြောဝံ့ဝေ။"

"မတ်ပြောစွာလေ့ သဘာဝကျရေ သူငယ်ချင်း။ ငါ့စိတ်ထဲမာ မတ်ရောက်တေနိကပင် မတင်မကျ ဖြစ်နီစွာတခုကို မီးကြည့်ချင်ရေ။ ယေဒါလေး မတ်ကိုကြည့်ရစွာ ကောင်းကောင်းစိတ်ညစ်နီစွာကိုမြင်လို့ မီးကေကောင်းဖို့လား၊ မမီးကေကောင်းဖို့လား စိုင်းစားနီရေ။"

"အင် . . မီးဝေရရေ။ မင်းရို့ ငါရို့ကြားမာ လျှို့ဝှက်နီဖို့ကိစ္စဟိသီးလို့လားဝေ သူငယ်ချင်း။ ငါရို့တိအသျှေကပင်တယောက်စိတ်ကိုတယောက် သိကတ်တေမလား။ မင်းရို့

နန့်ပတ်သက်လှာကေ ငါ့မာလျှို့ဝှက်ထားဖို့ကိစ္စတခုလေ့ မဟိသီး။"

"မတ်မာ ယင်းစိတ်ဓာတ်ဟိနီသီးရေဆိုကေ ငါဝမ်းသာရေ သူငယ်ချင်း။ငါမီးချင်စွာက အမှန်ရာမတ်မာ ဆောင်းသဇင်မဟိခကေ ဒေမသျှေကို ငြင်းမိဖို့လားဟင့်။"

"မင်းမီးရေ မီးခွန်းစွာ ကမ္ဘာလောက်ယုတ္တိယုတ္တန်ဟိရေဝေ။ လုံးဝမီးသင့်ရေ မီးခွန်းဖြစ်တေ။ အိမ်ထောင်တခုပြုလိုက်တေဆိုစွာနန့် ယောက်ျားနန့်မိမ နှစ်ယောက်တည်းရာပေါင်းသင်းကတ်စွာမဟုတ်ပဲ မိသားစုနှစ်စုကို တပေါင်းတည်းပေါင်းလိုက်စွာဖြစ်တေ သူငယ်ချင်း။ ငါ့မိသားစု၊ ငါ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းတိစွာ အားလုံးရခိုင်တိဖြစ်ကတ်တေ။ ဆိုကေ ငါယူလိုက်တေမိမသျှေက အောက်သူမသျှေဖြစ်ခကေ ငါ့အသိုင်းအဝိုင်းတိ အားလုံးစွာ သူရို့အသိုင်းအဝိုင်းနန့်တွိကေ အောက်သားစကားပြောရဖို့ယာ။ ငါက အဓမ္မရခိုင်စကားပြောခိုင်းကေ ငါ့ကိုအစွန်းရောက်တေလို့ သူရို့မိသားစုက ပြောလှာနိူင်ရေ။ ပြောလေ့ပြောဖို့လို့ဆိုစွာကို ငါသိရေ။ သူရို့ အစွန်းရောက်စွာကို တယောက်လေ့မမြင် အောက်သားတိက မသိကွန်ဆောင်ထားရေပိုင်၊ ရခိုင်အများစုရို့လေ့ မမြင်ကတ်ဝေ။ ယင်းဟင့်က ဂွကျရေသူငယ်ချင်း။ ယေပြီးကေ သွယ်သွယ်လှိုင်ကို မယူလို့ငြင်းစွာ ငါ့မာအချက်နှစ်ချက်ဟိရေ။ ပထမတချက်က ဘာဘာမသီခင်မှာခရေ စကားကြောင့်။ ဒုတိယတချက်က တော့ခါ ငါစာရီးဆရာဖြစ်နီလို့။"

"မတ်စာရီးဆရာဖြစ်စွာနန့် သွယ်သွယ်လှိုင်ကိုမယူစွာ ဆက်စပ်မှုဟိလာ သူငယ်ချင်း။"

"ဟိတင်ကလားဝေ။ ငါရီးရေစာက ရခိုင်စာပီ။ ယင်းဟင့်မာ ရခိုင်သားတိကို အမျိုးချစ်တတ်လှာယောင်၊

ရခိုင်စာပီကို တန်ဖိုထားတတ်လှာယောင်၊ အမျိုးသားရီးစိတ်ဓာတ် နိုးကြားလှာယောင်ရီးထားစွာတိဖြစ်တေ။ တခေါက်တခေါက် လူတိရှိမာလေ့ ကိုယ့်အမျိုးကို စောင့်ထိန်းရဖို့၊ ကိုယ့်ယဉ်ကျေးမှုရိုးရာဓလိတိကို ထိန်းသိမ်းစောင့်ရှောက်ရဖို့ ဆိုရေ စကားတိကို ငါရက်ပြတ်ပြောရေ သူငယ်ချင်း။ ဆိုကေ ငါသွယ်သွယ်လှိုင်ကိုယူလိုက်ကေ အပြင်မာအမျိုးကိုချစ်တေလို့ သီယောင်အော်ပနာ အိမ်ကိုရောက်လာကေ ဖေဖေဆိုရေခေါ် သံတိကြားနီရဖို့စွာ မဖြစ်သင့်ဝေ သူငယ်ချင်း။ ယေပြီးကေ ငါရီးထားရေစာတိလေ့ အရသာပေါ့ပနာ အလကားဖြစ်လားဖို့။ အရာတခုက ငါရို့ပိုင်စာရီးဆရာတိ၊ အမျိုးကိုချစ်ပါလို့ အော်နီကတ်တေလူတိက အောက်သူမကိုယူလားကေ နောင်လာနောက်သားသျှေတိ ငါရို့နောက်ကမလိုက်လို့ ပြောလို့မရ။ ယေဇုနန့် ရှိဆောင်လမ်းပြဖြစ်တေ မင်းရို့ငါရို့တိစွာ နောင်လာနောက်သားသျှေတိအတွက် စံပြကောင်းတိ ဖြစ်သင့်ရေမဟုတ်လားဝေ။"

"မတ်ပါးက အဂုယှောင်ကြားရစွာ ငါဂုဏ်ယူရေ သူငယ်ချင်း။ အဂုတနားက မတ်ပြောရေယှောင် အမျိုးကိုချစ်တေလို့ သီယောင်အော်ပနာ အောက်သူမကိုယူထားရေလူတိ ငါအများကြီး တွိဖူးရေဝေ။ ယေဒါလေး ပြောလို့မသင့်တော်လို့ တိန်းနီရရေ။ မမြင်နိူင်လို့ပြောခီကေ ကိုယ်ကရာ အရှုံးဖြစ်လားရေ။ ယေပြီးကေ ယင်းသူရို့က ကိုယ့်ထက်အများကြီး စာတတ်တေ။ ဖေသာဟိတိများရေ။ ခေတ်ကာလက ဂွကျရေသူငယ်ချင်း မတ်ရို့ငါရို့ယှောင်ဆင်းရဲသားတိ အောက်သူမကိုယူခီကေ တခုလေ့မသိလို့လတ်။ ဖေသာဟိလူတိ၊ အမျိုးကိုချစ်တေလို့ သီပါယောင်အော်နီကတ်တေလူတိ ယူခီကေ လိုက်ဖတ်ညီရေလတ်။ အမျိုးသားရီးကို ပြောကေလေ့ မလွယ်ဝေ

သူငယ်ချင်း။"

"အေးဝေ ဇာတတ်နိုင်ဖို့လေးယေ။ လက်ငါးချောင်း မာတောင်မှ အညီမဟိစွာမာ။ ဒေလောက်များရေလူတိ ညီညာဖို့ဆိုစွာလေ့ မဖြစ်နိုင်မလား။ ဆီးလိပ်သောက်လို့ ကင်ဆာရောဂါဖြစ်နီရေ လူနာတယောက်ကို ဆီးလိပ်ဖြတ်ဇောင်ခိုင်းရေဆရာဝန်လေ့ ဆီးလိပ်စွဲချင်ကေ စွဲနီဖို့။ အရက်ယစ်နီရေသားကို အရက်မသောက်ကေ့လို့ ပြောရေဖခင်လေ့ အရက်သမားဖြစ်ချင်ကေ ဖြစ်နီဖို့။ ဒေယှင့်တိစွာ လောကသဘာဝတိမလား။ လောကမာအချို့က နှလုံးသားကို ဦးစားပီးရေ၊ အချို့က ဖေသာကိုမက်တေ။ အချို့က ကိုယ့်ဂုဏ်သိက္ခာကို တန်ဖိုးထားကတ်တေ။ ယေဇုနန့် ဖျက်သူတတိုင်ဖျက်၊ လုပ်သူတတိုင်လုပ်ကတ်လိမေ။ ယေဒါလေး ယင်းဖျက်တေအထဲမာ ကိုယ်မပါယောင် သတိထားဖို့လိုရေမလား သူငယ်ချင်း။"

သူရို့နှစ်ယောက် စကားပြောယင်းနန့် မြင်းဂါရီသည် သွယ်သွယ်လှိုင်ရို့အိမ်ရှိသို့ ရောက်ဟိလာ၏။ အဆင်သင့်ထိုင်စောင့်နီသောသူမသည် မြင်းဂါရီထက်သို့တက်၍ လိုက်ပါလှာသည်။ ကိုးသောင်းပုထိုးတော်နားသို့ ရောက်လာသည်နန့် အရိပ်ကောင်းသော သစ်ပင်တပင်အောက်မာ ဝေလနန့် သွယ်သွယ်လှိုင်ရို့ဆင်းကျန်ခ၏။ တိတ်ဆိတ်ငြိမ်သက်ပြီး လီအီးဖြိုးဖြိုးသျှေထပျာ သဘာဝကိုလှပစီသော နီရောင်ခြည်အောက်မာ ကိုးသောင်းပုထိုးတော်ကြီးကို မြင်ရသည်ကား အလွန်ပင်စိတ်ကိုကြည်နူးစီ၏။ နှစ်တရာမကဟိသော အသက်ကြီးသစ်ပင်အောက်မာ မျက်ခုန်းထူထူ၊ နှာတံကောင်းကောင်းနန့် ကိုယ်လုံးကိုယ်ပေါက်တောင့်တင်းပြီး ယောကျ်ားရို့ရုပ်လက္ခဏာနန့်ပြည့်စုံသော ယောကျ်ားသျှေတယောက်နန့် ရခိုင်ရိုးရာထဘိန်သျှေကို ယဉ်ယဉ်ကျေးကျေးဝတ်ဆင်ထားပြီး သနပ်ခါးပါးကွက်ကျား

သျှေနန့် မြင်သူတိုင်း ချစ်ခင်စီနိုင်သော မိန်းမသျှေတယောက်။ သူရို့နှစ်ယောက်သည် အသျှေခါဘဝက ပျော်ဖို့ကောင်းခသော အဖြစ်အပျက်တိနန့် တယောက်ကိုတယောက် သတိရကြောင်း တိကိုလည်း ပြုံးပြုံးရွှင်ရွှင်နန့် စိတ်ပါလက်ပါ ပြောနီကတ်သည်။ ဦးရာဇ်တောင်စေတီသို့ ဘုရားဖူးဖို့လားယင်း သွယ်သွယ်လှိုင်သည် သရက်သီးစားချင်သောကြောင့် ဝေလကိုယ်တိုင် သရက်ပင်ထက်သို့တက်၍ သရက်သီးခိုးဆွတ်နီတုန်း ဂေါပကလူကြီးလိုက်သောကြောင့် ထွက်ပြီးခကတ်သည်ကိုလည်း စကားဆိုက်ကျလို့ ပြောဖြစ်ကတ်သည်။ တဟိဟိ တဟားဟားနန့် ရယ်သံတိလည်း သူရို့နှစ်ယောက်ကြားမာ ပြန့်ရွှင့်လား၏။ သူရို့နှစ်ယောက်၏အပြုံးထဲမာ ထပ်တူထပ်မျှဝမ်းသာမိကြောင်းကို ဖွင့်ဆိုနီကတ်သည်။ တယောက်ကိုတယောက်လည်း အသျှေခါပိုင်သံယောဇဉ်ဟိကတ်တုန်းဆိုသည်ကိုလည်း ဖွင့်ပြောဖို့မလိုပဲ ဝန်ခံပြီးသား ဖြစ်နီကတ်သည်။

စကားပြောယင်းနန့် အလုပ်အကိုင်တိ၊ ရည်ရွယ်ချက်တိနန့် သူရို့ဘဝ၏အနာဂါတ်ကိုပါ တိုင်ပင်ဆွေးနွေးဖြစ်လား၏။ ယင်းကိုစတင်လိုက်သည်နန့် သူရို့နှစ်ယောက်၏အပြုံးသည် အလိုလိုရပ်တန့်လားကတ်သည်။ ပျော်ရွှင်နီကတ်သော စိတ်ခံစားမှုများသည်လည်း အလိုလိုပင်လီထဲသို့ ရွှင့်စိုင်ပျောက်ကွယ်လားခ၏။

"ကုန်ခရေ သုံးရက်လောက်ကလေ အမိတခုပြောရေ ။ မောင်ကြီးနန့် နှမသျှေကိုနစပ်ဖို့လတ်။ နှမသျှေမိဖတိကို လေ့ပြောထားယာလို့ဆိုရေ။ အခင်ကြီးနန့် အရီးကြီးရို့ကလည်း သဘောတူကတ်တေလတ်။ ယင်းဟင့်ကို နှမသျှေ သိပြီးယာလား။"

"သွယ်သိစွာ တလလောက်တောင်ဟိယာ မောင်ကြီး ။ ယေဇုနန့်စိတ်ထဲကတောင်မှ"အော် မောင်ကြီးတယောက်

အဂုမှ ဇာစိတ်ပေါက်လေ့မသိလို့တောင်" မှတ်နီရေ။"
"အော် . . . ယင်းပိုင်ဆိုကေ နှမသျှေ ဇာပိုင်သဘောရလေ။
"

"သွယ့်အနီနန့်တော့ခါ တခုလေ့ပြောစရာမဟိ မောင်ကြီး။ အသျှေကပင် မိဖစကားကိုနားထောင်လာစွာ အဂုအချိန်ကျခါမှ ဆရာဝန်မဖြစ်လားလို့ လန့်ဆန်လုပ်တေအဖြစ်မျိုး မဖြစ်ချင်ယာ။"
မထင်မှတ်ပဲ သူမ၏ပါးစကကြားလိုက်ရသောကြောင့် သူ၏စိတ်ထဲမာ အံ့ဩတုန်လှုပ်လားရ၏။ သူမှာ ဆောင်းသဇင်တယောက်ဟိကြောင်းကို သူမသိယောင်ဖွင့်ပြောပြီးကေ အီးအီးသက်သာဆွေးနွေးရန် ရည်ရွယ်ချက်နန့်လာခ၏။ အသက်အရွယ်ကလည်းငယ်၊ အရုပ်ကလည်းလှ၊ စိတ်ထားလည်းဖြူစင်သူ ဆရာဝန်မသျှေတယောက်အနီနန့် ဘဝလက်တွဲဖော်ဟိနိုင်လိမ့်မည်ဟုအထင်နန့် သူမနန့်တိုင်ပင်ပြီးကေ မိဖတိကိုနားချရန် စိုင်းစားထား၏။ သူမ၏ စကားသံကြောင့်ကြံစည်လှာသော အတွေးများသည် သဲထဲရီသွန်ဖြစ်ဖို့လားကြောင်းကြစိတ်ဝင်လား၏။ သို့သော် သူ၏အကြံအစည်ကိုအကောင်အထည်မဖော်ပဲ မပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

"ယင်းကိစ္စနန့် ပတ်သက်လို့ နှမသျှေနန့် ဆွေးနွေးဖို့လာစွာ။"

"အင်း . . ပြောပါလေ မောင်ကြီး။"

"မောင်ကြီး ဘဝမာလေ အမိမဟုတ်ပဲ အချစ်ဆုံးမိမသျှေသုံး ယောက်ဟိရေ၊ တယောက်က ဘဝတသက်တာအတွက် ရည်ရွယ်ထားသူ ဆောင်းသဇင်။ အရာတယောက်က နှမသျှေပိုင် ချစ်တေသွယ်သွယ်လှိုင်။ အရာတယောက်က သူငယ်ချင်း။ ဒေသုံးယောက်ကို လုံးဝရောဖို့ စိတ်မကူးဖူး။

ဒေအကြောင်းတိကို နှမသျှေကိုပြောပနာ ဇာပိုင်ဖြစ်သင့်လေး လို့ ဆွေးနွေးဖို့လာစွာ။"
သွယ်သွယ်လှိုင်၏ ဘဝတသက်မာ မိဖစကားကိုနားထောင် လှာသောကြောင့် လိမ်လိမ်မာနန့် စာကိုဖိပနာ ကြိုးစားနီခ၏။ ကိုးတန်းရောက်သောနှစ်မာပင် မိဖရို့၏တာဝန်ပြီးဆုံးသော ကြောင့် ရန်ကုန်သို့ ပြောင်းလားခရ၏။ ရန်ကုန်သို့ မပြန်ခင် တရက်မာ ဝေလနန့် နှစ်ယောက်တည်း ဦးရာဇ်တောင်စေ တီမာ ဘုရားဖူးခကတ်သည်။ ယင်းအချိန်ခါ အချစ်၏အနှစ် သာရာကို သူရို့နှစ်ယောက်လုံး နားမလည်ခကတ်ပဲ အရိုးယှင်း ဆုံး စိတ်နီစိတ်ထားနန့် မောင်နှမပိုင် နီခကတ်သည်။ သို့သော် သွယ်သွယ်လှိုင်၏ စိတ်ထဲမာကား မောင်နှမအချစ်မဟုတ်ပဲ ထူးခြားမှုတခုခုခံစားနီရ၏။ ယင်းသို့ ခံစားမိလိုက်တိုင်း ဝေလ အား မဟုတ်တကွန်နန့် ခိုး၍ကြည့်မိ၏။ သူမ၏မျက်တောင် ကွကွသျှေနန့် ခိုးကြည့်သည်ကိုမြင်တိုင်း ဝေလသည် ပြုံးပြလျှက်

"ဇာကိုကြည့်နီလေ အရှူးမသျှေ" ပြောယင်း သူမ၏ ဂေါင်းကို လက်အုပ်သျှေနန့် ခပ်ရွရွပုတ်လိုက်သည်။ ယင်းကို သတိရမိတိုင်း အလွမ်းပန်းပွင့်သျှေတိ ဝီဆာခရ၏။ သူ့ကိုချစ် သော စိတ်တခုတည်းနန့် ဆရာဝန်မဖြစ်သောနိမာပင် ရခိုင် ဖက်သို့ တာဝန်လွှဲပီးရန် အစိုးရကို လျှောက်လွှာတင်လိုက် သည်။ အခြားပြည်နယ်တိအတွက် လွယ်သော်လည်း ရခိုင်ပြည် အတွက် လျှောက်လွှာတင်ရသည်မာ ကကောင်းပင် ခက်ခဲ သောအလုပ်ဖြစ်သည်။ နှစ်ခေါက် သုံးခေါက်တင်ပြီးခါမှ မြို့ ဟောင်းဆီးရုံကြီးမာ တာဝန်ထန်းဆောင်ရန် စာကျလှာ၏။ ယင်းနိမာ သူနန့်တွိဖို့အကြောင်းကို စိုင်းစားယင်း အခန်းထဲမာ တယောက်တည်း ဂေါင်းအုံးတိနန့် စကားပြောဖူးခ၏။ မှန်ရှိ မာထိုင်၍ ကိုယ့် အရုပ်ကိုကြည့်ယင်း "ငါ့အရုပ်လေ့ ဆွဲဆောင်မှု

ဟိစွာမလား ဂု" ဟု ကိုယ့်ကိုကိုယ်လည်း ပြောမိပြန်သည်။ သို့သော် သူ့ပါးစက မညာမတာစကားကို ကြားလိုက်ရသောကြောင့် သူမ၏နှလုံးသားတစုံအား ဓားနန့်ခြမ်းလိုက်သည်အလား ခံစားလိုက်ရ၏။ သို့သော် သူမမှာ ဆရာဝန်ဆိုသောဂုဏ်သိက္ခာ၊ မိဖရို့ဂုဏ်သိက္ခာတိကိုစိုင်းစား၍ ငါးနှစ်ခြောက်နှစ်လောက် သိုလှောင်ထားသော သူမ၏အဖြူရောင်နှလုံးသားတစုံကို ဝေလနန့် ဆောင်းသဇင်ရို့ နှစ်ယောက်အတွက် လက်ဖွဲ့ပီးဖို့ ဆုံးဖြတ်လိုက်သည်။

# အခန်း (၇)

ယှင်းလင်းငြိမ်သက်နီသော ရာသီဥတုအောက်မာ ဆိုးရွားသော လမ်းပန်းဆက်သွယ်ရီးနန့် သုံးနာရီလားရဖို့ခရီးကို ခြောက်နာရီခန့်လောက် မောင်းနှင်နီ၏။ သဘော်ာထက်မာ ခရီးသည်တိ အုပ်စုဖွဲ့ပြီးကေ စကားပြောနီကတ်သည်။ ယင်းအထဲမာ အာ၁ဝဇ္ဇန်းရှင်ရှင်နန့် စကားပြောနီသော လူကြီးတယောက်သည် သမိုင်းအကြောင်းတိကို ပြောပြနီ၏။ လူကြီး၏ ရုပ်သွင်လက္ခာကိုကြည့်သောအားဖြင့် အသက်ခြောက်ဆယ်ကျော်လောက်ခန့်မှန်းနိုင်သည်။ သူ၏မျက်နှာမာ ကြင်နာသနားတတ်ခြင်း၊ ပြုံးရွှင်ပျာစိတ်ရှည်တတ်ခြင်း အပြုအမူတိကိုလည်း ဖော်ပြနီ၏။ ထူးဆန်းသည်က အခြားလူတိရို့ပိုင် ငြိမ်ငြိမ်သက်သက်နန့် နားထောင်နီခြင်းကို သူကြိုက်ဟန်မတူ။ သူ့အားမီးခွန်းတိမီးခိုင်းသည်။ နားထောင်သူပရိသတ်ရို့၏ အနီအထားအား မကြာမကြာ အကဲခပ်ကြည့်သည်။ နားထောင်သူရို့ပျင်းနီကတ်သောပုံစံကိုမြင်ကေ ရယ်စရာစကားသျှေတိထည့်၍ ပြောတတ်သည်။ ယင်းကြောင့် သူ့အနားမာ

လူကြီးလူငယ်ရို့သည် ဝိုင်းဖွဲ့လျှက်ထိုင်နီကတ်သည်။ ဝေလရို့သူငယ်ချင်းနှစ်ယောက်သည် ထောင့်သျှေတခုမာထိုင်ပြီးကေ လူကြီး၏စကားတိကို နားထောင်ယင်း လိုက်ပါလာ၏။ နားထောင်ယင်းနန့်ဝေလသည် သူ၏စိတ်ထဲမာဟိနီသော အတွေးတခုကို မီးခွန်းထုတ်ဖို့ ရှိသို့တိုးလား၏။

"အဖိုး . . ကျွန်တော်တခုမီးချင်ပါရေ။"

"မီးဝေ မောင်သျှေ။ အဖိုးသိသလောက်ကို ကြိုးစားလို့ဖြေကြည့်မေ။"

"အယင်ခါက ကျွန်တော်ရို့ ရခိုင်ပြည်မာ ကိုယ့်ထီးကိုယ့်နန်းနန့် နီလှာခကတ်ပါရေမလား။ ယင်းပိုင် ထီးနန်းနန့်နီလှာကတ်တေခါ ကိုယ့်မျိုးနွယ်စုတိနန့်ကား ဇာပိုင်နီခကတ်ပါလေး။ အဂုပါကာ ကိုယ့်လူမျိုးအချင်းချင်း ဇာအတွက်ပေါင်းသင်းလို့မရပဲ သွီးဝမ်းကွဲနီကတ်ပါလေး။"

ဝေလ၏မီးခွန်းကြောင့် စကားပြောနီသောလူကြီးသည် တဒင်္ဂသျှေလောက် စကားကိုတန့်လိုက်သည်။ ဝေလကိုလည်း အကဲခပ်ကြည့်လိုက်သည်။ သူ့ဘဝမာတခါလည်း အမီးမခံဖူးသောမီးခွန်းဖြစ်၏။ သို့ကြောင့် ဝမ်းနည်းဝမ်းသာဖြစ်ပြီး လူအုပ်ကြားမာ ထိုင်၍ပြောနီခြင်းက ထရပ်လိုက်သည်။ အနားမာဟိသော လူအုပ်စုသည်လည်း တယောက်မျက်နှာ တယောက်ကြည့်ယင်း ဂေါင်းညိတ်လိုက်ကတ်သည်။ သူရို့သည်ပို၍ပင်စိတ်ဝင်စားလားကတ်ဟန်တူသည်။

"မောင်သျှေမီးရေမီးခွန်း ကကောင်းကြီးကောင်းရေဝေ။ အဖိုးဘဝတသက်မာ ဒေပိုင်ယှောင်မီးရေလူ တခါလေ့မတွိဖူးသီး။ မောင်သျှေမီးရေမီးခွန်းက စိတ်ဝင်စားဖို့ကောင်းရေအတွက် အဖိုးခန့်မှန်းခြီကို ပြောကြည့်မေနှန်း။"

"ဟုတ်ပါယင့် အဖိုး။"

လူကြီး၏စကားကို အနားမာဟိသော လူကြီးလူငယ်အားလုံး စိတ်ဝင်တစားနန့် နားထောင်နီကတ်သည်။ လူကြီးသည်စကား ပြောဖို့အတွက်"အဟမ်း အဟမ်း" လိုင်ခေါင်းကိုယှင်းလိုက်သည်။

"ရခိုင်ပြည်မာ အယင့်အယင်ကပင် ခမီ၊ ဒိုင်းနက်၊ မြို၊ မာရမာ၊ ရခိုင်၊ သက်လူမျိုးရို့ရေ ညီအစ်ကိုအရင်းယှောင် ချစ်ချစ်ခင်ခင်နီခကတ်တေ။ ယင်းခါက စကားအားဖြင့် ကွဲပြားကေလေ့ ချစ်ချစ်ခင်ခင်နီခကတ်တေအတွက် ပြဿနာတခုလေ့မဟိခ။ နိုင်ငံတော်အကျိုးစီးပွားကိုလေ့ အတူတကွလက်တွဲပနာ လုပ်ကိုင်ခကတ်တေ။ ယင်းခါ ရက္ခိုင့်နိုင်ငံတော်အချုပ်ချာအာဏာ မကျဆုံးသီးရေအချိန်။ ၁၁၄၆ ခုနှစ်မာ အမရပူရမောင်ဝိုင်းရို့ ကျူးကျော်စစ်ကြောင်း ဝင်ရောက်လာရေခါ ရခိုင့်နိုင်ငံတော် ကျဆုံးလားခရေ။ ယင်းခါသူရို့ နိုင်သလောက်ကို သက်ပစ်ခရေ။ ယင်းအထဲမာ ခမီ၊ ဒိုင်း နက်၊ မြို မာရမာ၊ ရခိုင်၊ သက် အားလုံးအသက်ခံခရရေ။ သူရို့သက်လို့ မကုန်နှိုင်ရေခါ။ ရခိုင်ပြည်မာဟိရေ လူမျိုးအားလုံး၏စိတ်ဓာတ်ကို သက်ပစ်ခရေ။ ကိုယ်ရို့အချင်းချင်း မကိုက်ညီယောင်၊ အလကားနီယင်း သွီးကွဲလားယောင်နည်း မျိုးစုံနန့်လုပ်ပစ်ခရေ။ ယင်း၏ဆိုးကျိုးရေ ဒေနိအချိန်ထိ အရှိုးစွဲပါလတ်တေ။ ကျွန်သက်တန်းရှည်လှာစွာနန့်အမျှ ငါရို့စိတ်ဓာတ်တိစွာ အလိုလိုနိမ့်ကျပါလတ်တေ။ ယေဇုနန့် လူမျိုးတခုကို နောက်လူမျိုးတခုက မာန်ပါယောင်၊ စိတ်နာယောင်ပြောကတ်တေ။ ဥပမာ ခမီလူမျိုးကိုကြည့် ခမွီးလို့အခေါ်ခံလိုက်ရတိုင်း သူရို့ရင်ထဲမာ ဇာပိုင်ခံစားရဖို့လေး။ ယင်းယှင့်ရေ ကိုယ့်လူမျိုး ညီအစ်ကိုအချင်းချင်း သွီးကွဲစီရေစကားဖြစ်တေ။ "ခမီဆိုစွာက လူမျိုးနာမည်၊ ခမွီးဆိုစွာက ခြီထောက်မာပေါက်နီရေ မွီးညှင်း" ယေ

ကေသူရို့အနီနန့် ဇာပိုင်ခံစားရဖို့လေ့ စိုင်းစားကြည့်ကတ်ဖိ။ ခမီကို ခမွိုးမခေါ်ကေ့လို့ မိဖတိကမပြောခ၊ သူရို့ကိုယ်တိုင်လေ့ ခမွိုးလို့ ရာခေါ်ခရေ။ ယင်းမကောင်းရေ စကားအမွိကို လက်ဆင့်ကမ်းပါလတ်တေ။ ယေဇုနန့် ကိုယ်ရို့တမြိုတည်းနီ တရီတည်းသောက်ညီအစ်ကိုအချင်းချင်း သွိုးဝမ်းကွဲနီကတ်တေဝေ မောင်သျှေ။

"ယင်းပိုင်ဆိုကေ ကျွန်တော်ရို့ရခိုင်ပြည်မာဟိရေ ဘုရားပုထိုးတိ၊ ရိုးရာဓလိနန့် ယဉ်ကျေးမှုအမွိအနှစ်တိကိုလေ့ ကိုယ့်မျိုးနွယ်စုတိပါ အားလုံးပိုင်ဆိုင်ကတ်တေ မဟုတ်ပါလား ယေ အဖိုး။"

"အင်း . . ဟုတ်တေ။ ရခိုင်ဆိုစွာ ရခိုင်တခုတည်းကို ခေါ်စွာကမဟုတ်။ အပါးဆုံး ဥပမာတခုပြောပြမေ။ ငါရို့ခန္ဓာ တ ခုလုံးကို လူလို့ခေါ်ရေ။ ယေကေ လူဆိုရေနာမည်နန့် ပြည့်စုံဖို့အတွက် ဂေါင်း၊ လက်၊ ခြီ၊ ခန္ဓာနန့် အခြားအခြားအင်္ဂါအစိပ်အပိုင်းတိ အများကြီးလိုအပ်တေ။ ယေမှာ လူလို့ခေါ်ရေ။ ယင်းပိုင်မဟုတ်ပဲနန့် လက်တချောင်းကိုပိုင်းပနာ ဒေသဘော်ာထက်က ရီထဲသို့ဝဲချပစ်လိုက်။ ယင်းဟင့်ကို လူလို့မခေါ်ပဲ "လက်" လို့ ရာခေါ်ဖို့ယေ။ "ဂေါင်း" ကို ပိုင်းပနာဝဲချပစ်လိုက် လူလို့မခေါ်ပဲ "ဂေါင်း" လို့ရာခေါ်ပါရေ။ ယင်းပိုင်ယှောင် ရခိုင်မာလေ့ ရခိုင်တခုတည်းမဟုတ်ပဲ ခမီ၊ ဒိုင်းနက်၊ မြို၊ မာရမာ၊ ရခိုင်၊ သက် အားလုံးကိုပေါင်းစည်းလိုက်ခါမှရာ ရက္ခိတပုဒ်နန့် ညီဖို့။ မဟုတ်ကေ ဂေါင်းပိုင်းနီရေခန္ဓာ၊ လက်ပိုင်းနီရေခန္ဓာ၊ ခြီမဟိရေခန္ဓာပိုင် ဖြစ်နီလိမေ။ အဖိုးရို့ခေတ်မာ စာပီဗဟုသုတတိ အများကြီးမရခရေအတွက် အမှားကိုအမှန်ဖြစ်ယောင် မပြုပျင်ခကတ်။ ဒေဂု မောင်သျှေရို့ခေတ်မာ စာပီဗဟုသုလည်းအများ ကြီးဟိလှာကတ်တေ။ အသိပညာနန့်

ဗဟုသုတတိလေ့ တိုးပွားလှာကတ်တေ။ ယေဇုနန့် ကိုယ်ရှိ့မာ ဖြစ်နီကတ်တေ ပြဿနာတိကို ဇာပိုင်နည်းနန့် ဖြေယှင်းကေ ကောင်းဖို့လေ့ တယောက်နန့်တယောက် တိုင်တိုင်ပင်ပင်နန့် လက်တွဲလီကတ်ဝေ မောင်သျှေ။"

"ဟုတ်ပါယင့် အဖိုး။ ဖြစ်နိုင်ကေ ခုနှစ်သက္ကရာဇ် တိ၊ယေပြီးကေ ဇာပိုင်နီရာတိမာ တာဝန်ထန်းဆောင်ခကတ် တေဆိုစွာတိကို တိတိကျကျတခေါက်လောက် ပြောပြပီး ပါပလင့်။"

"အင်း . . တိတိကျကျပြောရဖို့ဆိုကေ" အစချီပျာ သူသိသလောက်ကို တခေတ်ပြီးလျှင် နောက်တခေတ် ပြော ပြနီ၏။ အချိန်ဇာလောက်ထိကြာလားသည်ကိုတောင် သတိမ ထားမိပဲ စကားပြောကောင်းနီကတ်သည်။ နားထောင်သူပရိ သတ်ရှိ့သည် စိတ်ဝင်တစားနန့် ငြိမ်သတ်နီကတ်သည်။ ဝေလ သည် မိမိလိုချင်သော အကြောင်းအရာတိ ပါလှာသောကြောင့် အိတ်ထဲက မှတ်စုကြမ်းစာအုပ်ကိုထုတ်၍ လူကြီးပြောသရွှိကို မှတ်သားနီ၏။

ဆွေးနွေးလို့ကောင်းနီတုန်းအချိန်မာ သဘော်သည် စစ်တွေ ကမ်းနားသို့ကပ်နီသည်။ ယင်းကြောင့် လူကြီးသည် စကားပြော သည်ကိုတန့်၍ ဝေလကို သမိုင်းစာအုပ်နှစ်အုပ် အိတ်ထဲက ထုတ်ပြီးကေ လက်ဆောင်ပီးလိုက်သည်။ စာအုပ်တိကို ဖတ်ဖြစ် ယောင်ဖတ်ဖို့၊ အခြားသမိုင်းစာအုပ်တိကိုလည်း လိုလာပနာ ဖတ်ဖို့ မှာကြားနီခ၏။

ဝေလသည် ဘဝမာတန်ဖိုးမဖြတ်နိုင်သော သမိုင်းစာအုပ်နှစ် အုပ်ကိုရလိုက်သောကြောင့် လူကြီးကိုလှိုက်လှိုက်လှဲလှဲ ကျေး ဇူတင်မိကြောင်း ပြောလိုက်သည်။ အသျှေကပင် သူ၏ဝါသ နာအလျှောက် မုန့်ပဲသရည်စာနန့် အခြားလက်ဆောင်ပီးသူ

ကိုထက် စာအုပ်လက်ဆောင်ပီးသူကိုပို၍ လေးစားတတ်သည်။ စာအုပ်ထဲမှာ ဂေပိုင် သမိုင်းစာအုပ်ကို ရလိုက်သောကြောင့် ဒေနိသဘော်ာစီးလာသောအချိန်သည် ဘဝမာတန်ဖိုးအဟိဆုံး အချိန်ဟု သတ်မှတ်လိုက်သည်။ ယင်းနည်းတူစွာပင် စာအုပ် လက်ဆောင်ပီးသောလူကြီးကိုလည်း တဘဝလုံး ကျေးဇူတင် နီလိမ့်မည်။

# အခန်း(၈)

ခြိုင့်သျှေထဲမှာ လှောင်ပိတ်ခံထားရသော ငှက်သျှေပိုင် သူမ၏ နှလုံးသားတစုံသည်လည်း ထွက်ပေါက်ပိတ်ပြီး အသက်ရှုကျပ်နေ၏။ ဇင်ရော်ငှက်သျှေတိပိုင် အတောင်ပံနှစ်ဖက်ရာ ပါခလျှင် ခြိုင့်သျှေအပြင်ဖက်သို့ တဒင်္ဂသျှေလောက် ထွက်ခွင့်ရသော ငှက်သျှေအတိုင်း ဇကုန်ပျံပစ်လိုက်ချင်သည်။ ဒေဂုပိုင် ရင်ဘက်တခုလုံး ပေါက်ထွက်မတတ် ပူလောင်နေသော အချိန်မျိုးမှာ ဝေလမျက်နှာကို တွေ့လိုက်ရသောကြောင့် ညည့်သိုင်းခေါင် အမှောင်ထုကြီးထဲမှာ လျှပ်စီးမီးရောင်တချက် မြင်လိုက်ရသည်အလား ခံစားလိုက်ရ၏။ စီးကျနေသော မျက်ရည်တိနန့်တတူ ဝေလကိုပြုံး၍ဖတ်ထားလိုက်သည်။ ညီမျှ သော ချစ်ခြင်းဝင်္ကပါထဲမှာ နှစ်ယောက်တတူ လည်ပတ်နေကတ်သောကြောင့် အလွမ်းပန်းတိ သီကုံးခြင်းသည်လည်း တူညီခကတ်သည်။ အရာရာကို ဂေါင်းအီးအီးနန့် ဖြေယှင်းတတ်သော ဝေလသည်လည်း သူ့ကိုဖက်ထားပြီး မျက်ရည်ကျနေသောဆောင်းသဇင်၏ဂေါင်းကိုလက်နန့် ရှရှသျှေပွတ်ယင်း နေရဲသောမျက်လုံးတစုံ၌ ကျချင်နေသောမျက်ရည်တိကို ထိန်းချုပ်ရအားကြီးလို့

ရင်ကိုဆိုနင့်နီ၏။ သူ့အနားကို ဆောင်းသဇင်မရောက်လာခင်က စကားအများကြီးပြောရန် စိုင်းစားထား၏။ သို့သော် မထင်မှတ်ပဲ ဆောင်းသဇင်၏ မထိန်းချုပ်နိုင်သော အလွမ်းစိတ်ကြောင့် သူ၏နှလုံးသားသည်လည်း မတည်ငြိမ်ပဲ ယောက်ယက်ခက်ပြီး ငိုခြင်းကောက်နီ၏။

မောင်ဖော်သာနန့် သန်းသန်းအေးရို့သည် သူရို့၏မျက်စိရှိမာ စံပြဖြစ်နီသော သူငယ်ချင်းစုံတွဲ၏ မထက်မှတ်ပဲ အချစ်လီပွိ ကျရောက်နီခြင်းကိုကြည့်လျှက် စိတ်မကောင်းများစွာနန့် မလှမ်းမကမ်းက စောင့်နီကတ်သည်။

"တခုလေး အကြောင်းမကြားပဲနန့် ဆောင်းအနားကဇာဖြစ်လို့ပျောက်လားခလေ။ ဒေဂုရက်ပိုင်းထဲမာ ဆောင်းဇာပိုင်ခံစားနီရလေသိလား။ ဆောင်းလေ တခေါက်ခေါက် မွမ်းကျပ်အားကြီးလို့ အဝီးကြီးကိုတယောက်တည်း ထွက်ပြီးလားဖို့တောင်မှ စိုင်းစားခရေ။"

"နိခင်းသားကပင် သန်းသန်းအေးပြောထားလို့ ငါအားလုံးသိထားယာ။ ဆောင်းတခုလေ့ စိတ်မပူကေ့နှန်း။ နက်ဖြန်ခါမိုးထသား ဆောင်းရို့အိမ်ကိုလာလတ်မေ။"

"အဂုအချိန်မာ ကိုဝေလလာကေလေ့ ဘာဘာလက်ခံဖို့မထင်ယာ။ ဆောင်းပြောရေပိုင် အမှန်ရာလက်မခံဆိုကေ ဇာပိုင်လုပ်ကတ်ဖို့လေး။ ဆောင်းကိုပစ်လို့ မထားခကေ့နှန်း ကိုဝေလ။"

"ငါ ကြိုးစားကြည့်အုံမေ။ လက်မခံဆိုကေလေ့ လက်ခံလှာယောင် နည်းလမ်းရှာကြည့်ကတ်ဖို့။ ဆောင်းပြန်လီဖိနှန်း။ အချိန်နောက်ကျလားကေ မကောင်းဒေ။"

"ဟေး . . သန်းသန်းအေး ဆောင်းကိုတခေါက်ချက်လိုက်ပို့ပစ်ခီ။"

ဆောင်းသဇင်အား ပါးစမှ အားပီးစကားပြောလိုက်မိ၏။ သို့သော် "နက်ဖန်ခါ ဇာဆက်လို့လုပ်ရဖို့လေး၊ ဇာပိုင်လုပ်ကေကောင်းဖို့လေး၊ ဇာစကားပြောကေ ကောင်းဖို့လေး" စိုင်းစားယင်း မောင်ဖော်သာနန့် တညဇာလုံး ဆွေးနွေးဖြစ်သည်။ သို့သော် သူရို့ထင်ထားရေပိုင် ဖြစ်လာဖို့လားဆိုသည်မှာ ကံတရား၏ ဆုံးဖြတ်ချက်လို့ပင် လက်ခံရလိမ့်မည်။

မည်သည့်အချိန်ခါပင်လားလား နွှီးနွှီးထွီးထွီးနန့် လှပသီသပ်နီသော အိမ်သျှေတဆောင်ထဲသို့ မိုးထသားကိုးနာရီလောက်ဆိုသည်နန့် သူရို့သူငယ်ချင်းနှစ်ယောက် ရောက်လားကတ်သည်။ ဧည့်ခန်းထဲမှာ ထိုင်နီသော သူရို့သူငယ်ချင်းနှစ်ယောက်လုံး၏စိတ်ထဲမှာ ကြောင်းကြစိတ်ကိုယ်စီနန့် ဖြစ်နီကတ်သည်။ ဝေလသည် ညဇာကပင် စကားပြောဖို့ စိုင်းစားထားခသော်လည်း မခီ၏မျက်နှာမှာ ထင်ထားသည်ထက်ဆိုးနီ၏။ ဘားဟွင်သည် သူမ၏သမီးနန့် ဝေလရို့အား သဘောတူဟန်ဟိ၏။ အထူးသဖြင့် ဘာသာခြားကိုယူရမည့်အဖြစ်သို့ ရောက်နီသော သူမ၏သမီးအဖြစ်ကို စိုင်းစားမိတိုင်း ရင်ကျိုးမတတ်ဖြစ်နီ၏။ မခီသည် ဒေါသထွက်နီသောမျက်နှာ၊ သူရို့နှစ်ယောက်လာခြင်းကို မကြိုက်သောမျက်နှာနန့် သူရို့နှစ်ယောက်၏ ရှိတည့်တည့်မှာထိုင်နီ၏။ သူရို့မည်သည့်ကိစ္စကြောင့်လာလည်း ဆိုသည်ကိုလည်း တိတိကျကျ သဘောပေါက်နီ၏။

"ငါရို့ စီစိုင်ထားစွာကို မင်းသိပြီးယာမဟုတ်လား။ နောက်အပတ်လောက်ဆိုကေ သမက်တက်ဖို့ရက် သက်မှတ်ထားပြီးယာ။"

အိမ်တန်းခါးဝနားသျှေက ပုန်း၍နားထောင်နီသော ဆောင်းသဇင်သည် ဖခင်၏စကားကို ကြားလိုက်ရသောကြောင့် စီးကျနီသော မျက်ရည်တိနန့်တတူ အခန်းထဲသို့ ဝင်လားလီ၏။

အမိဝမ်းထဲက မွှီးဖွားလှာသည်လောက်ကပင် ဆောင်းဆိုသော နာမည်နန့်လိုက်ယောင် အီးဆီးတည်ငြိမ်ခ၏။ သဇင်ဆိုသော ပန်းတော်ဝင်နန့်လိုက်ယောင် မွှီးကြိုင်ရနံ့ သင်းပြန့်နီခ၏။ သို့သော် ဒေဂုအချိန်မာကား ဆောင်းပိုင်လည်း မအီးနိူင်၊ သဇင် ပိုင်လည်း မမွှီးနိူင်ပဲ နှလုံးသားတစုံသည် အချစ်အပူဒဏ်ကြောင့် လောင်ကျွမ်းနီရ၏။

ဝေလသည် သူ၏ရင်ဘက်ကို လှမ်းကျောက်လိုက်သည်လား သို့မဟုတ် ပူးကပ်နီသော နှလုံးသားတစုံကို ဓားနန့်ခွတ်၍ နှစ်ခြမ်းခွဲလိုက်သည်လား၊ နားထဲသို့ သံရည်ပူလောင်းချလိုက်သည်လား ခံစားလိုက်ရ၏။ သို့သော် ရလျှင်အမြတ်၊ မရလျှင်အယှုံး ကြိုးစား၍ ပြောကြည့်ရမည့်အလုပ်က သူ၏တာဝန်ပင်ဖြစ်သည်။

"အခင်ကို ကျွန်တော်စကားတဆိကေ ပြောကြည့်ချင်ပါရေ။ အမိပြောလိုက်တေ စကားတခွန်းကြောင့် ဒေလောက်ထိတောင်ဖြစ်လားဖို့လို့ ကျွန်တော်မထင်ထားခပါ။ ကျွန်တော်နန့် အခင့်သမီးရို့ သံယောဇဉ်ဖြစ် . . "

စကားပြော၍ပင်မဆုံးလိုက် မခီ၏ ဒေါသသံက သူ၏စကားကို ဖြတ်ချလိုက်သည်။

"အဝေ ဝေလ မင်းကျေးဇုပြုလို့ ထပ်ပနာမပြောကေ့ဖိ။ မင်းဇာပိုင်ပင်ပြောပြော ပြန်လို့မဖြစ်လာယာ။ ငါ့သမီးဘဝအတွက် စိုင်းစားပနာ အဂုပိုင်စီစိုင်လိုက်စွာ။ မင်းနန့်ယူဖြစ်ခကေ ငါ့သမီးတသက်လုံးကို စိတ်ဆင်းရဲနီရဖို့။ မင်းရို့ရခိုင်သားတိ ငါရို့ကိုခေါ်ကေ ခမွှီးလို့ခေါ်ကတ်တေ။ ယင်းယှောင်အခေါ်ခံလိုက်ရတိုင်း ငါရို့နှလုံးသားကို လာလာဆောင့်ရေ။ ယင်းဟင့်ကို မင်းရို့သိလား။ ယင်းခမွှီးလို့ ခေါ်ကတ်တေ မင်းရို့အသိုင်းအဝိုင်းမာ ငါ့သမီးနီကေ တသက်လုံး စိတ်ဆင်း

ရဲနီရဖို့။ ယင်းအဖြစ်မျိုးကို ငါမလို။ ယေဇုနန့် မင်းငါ့သမီး ကိုလာလို့ မဆက်သွယ်ကေ့ဖိ။"

သူ၏နှလုံးသား ဝိဉာဉ်သည် ဆောင်းသဇင်ရို့အိမ်ထက်မာ ကျ ကျန်ခလီလား။ အယုံးနန့်ရင်ဆိုင်တွိရ၍ အိမ်ထက်ကဆင်း လာသည်လောက်ကပင် စကားမပြောပဲ လမ်းလျှောက်နီမိ၏။ မောင်ဖော်သာတယောက် အနားက ကပ်ပါလာသည်ကို တောင် သတိမထားမိပဲဖြစ်နီ၏။ တူသယောင်နန့်ကွဲ၊ ကွဲသ ယောင်နန့် တူနီကတ်သော လူ့အသိုင်းအဝိုင်းနှစ်ခုကြားမာ သူ ရို့နှစ်ယောက်၏ အချစ်ခရီးသည် အလွန်ပင် ကြမ်းတမ်းနီရ၏။ မည်သည့်မှုမဟုတ်သောစကားတခွန်းကြောင့် သူရို့နှစ်ယောက် ၏ အချစ်ခရီးလမ်းသည် နေ့်အေချိန်မာ အဆုံးသက်လိုက်ရဖို့ လား။ ကြံရာမရဖြစ်နီ၏။

"အဝေ သူငယ်ချင်း ဇာပိုင်ဆက်လို့လုပ်ကေ ကောင်း ဖို့လေးဝေ။ ဒေပိုင်ပုံစံမျိုးဆိုကေ ငါနန့်ဆောင်းသဇင်ရို့ ဝီးရ ဖို့ဒေ။ မင်းတခုခုစိုင်းစားပလင့်ဝေ သူငယ်ချင်း။"

"ငါလေ့ တလမ်းလုံးကို စိုင်းစားပါလတ်စွာဒေဝေ သူ ငယ်ချင်း။ တခုယှောင်စိုင်းစားလို့မရ ဖြစ်နီရေ။ အော် . . အေး ပြောယင်းဆိုယင်း ငါတခုစိုင်းစားမိရေထော ဆောင်းသ ဇင်ကို ခိုးလို့မပြီးဝုံလားမတ်။"

"အော် . . ဟုတ်တေ။ ယင်းတနည်းဟိယာ။ ယေဒါ လေး အမိအိမ်နားကို ကပ်လီရဖို့မှဟုတ်ယာဝေ သူငယ်ချင်း။ ယေပြီးကေ နီဖို့အိမ်မဟိပဲ မယားခိုးခီကေ ငါရို့ဇာမာနီခီဖို့ လေးဝေ။"

"ဇာဟင့်တိကို စိုင်းစားနီလေးမတ်။ ငါတယောက်ဟိ သီးရေဝေ။ ငါရို့အိမ်မာနီကတ်။ အီးယောင်နန့် ဘားဘာကို ငါပိုင်ရေ။ တယောက်မိဖတိလေ့ သားသမီးကိုမပစ်ဝေ။

မာန်ပါခါ တချက်သွေ့ယာဟင့်။ အောက်မိလို့ မခံနိုင်ရေခါ မတ်ရှိ့ပါးသို့ လာကတ်လိမေ။"

"ကျေးဇုတင်ရေ သူငယ်ချင်း။ ယင်းပိုင်ဆိုကေ မင်းစီစိုင်ဖိ။ ငါတခုပိုင်လေ့ မကြုံတတ်ယာဒေ။"

မောင်ဖော်သာ၏ အစီအစိုင်နန့် သန်းသန်းအေးကိုအကူအညီတောင်းပြီးကေ သူရှိ့၏အကြံအစည်ကိုစတင်လိုက်သည်။ သူမ၏ပတ်ဝန်းကျင်အလိုက်အထိုက်ကိုသိမှု၊ သီသီသပ်သပ် လုပ်ဆောင်တတ်မှုကြောင့် မိုးထအရုဏ် ငါးနာရီလောက်မာ စစ်တွေမြို့က ထွက်ပြီးဖို့ ဆုံးဖြတ်လိုက်ကတ်သည်။

ညဇာဖက်ကပင် အငှားကားတစီး ငှားပြီးကေ စီစဉ်ထားခကတ်သည်။ မိုးထအရုဏ်မာ အဆင်သင့် စောင့်နီသော ဆောင်းသဇင်ကိုခေါ်ပြီးကေ မြို့ဟောင်းမြို့တော်သို့ ထွက်ခွာလာကတ်သည်။ တယောက်လက်ကို တယောက်ကိုင်ထားသော်လည်း သူရှိ့နှစ်ယောက်၏ရင်ထဲမာ ကြောင်းကြပူပင်စိတ်တိကိုယ်စီနန့် အနာဂါတ်ကိုစိုင်းစားယင်း စကားတခွန်းလည်းမပြောပဲ ကားထပ်မာလိုက်ပါလာ၏။ ကားသည် တဆတ်ဆတ်မောင်းယင်းနန့် ကန်စောက်တောင်ခြီရင်းနားသို့ ရောက်ဟိလာသည်။

"အေး . . လားယာ။"

ကားမောင်သူ၏ အာမေဋိက်လီသံနန့် လမ်းဘေးနားသို့ထိုးပြီးကေ ကားတန့်လား၏။

"ယော် အစ်ကို ဇာဖြစ်စွာပါလေး။ ကားတန့်လားပါရေကာ။"

မျက်လုံးမျက်ဆံပြူးပြီးကေ ကြောင်းကြစိတ်အပြည့်နန့် ကားမောင်းသူကို မီးလိုက်သည်။

"အေးဝေ ညီသွေ့ ဆီကုန်လားခယာ။ ညဇာဖက်က

ကားဆီဖြည့်ဖို့စွာကို မိလားခရေ။"

"ယော် ယင်းပိုင်ဆိုကေ ဇာပိုင်လုပ်ကတ်ပါဖို့ယှင့်။"

"ငါတောင်းပန်ယင့်ဝေ ညီသျှေ။ မင်းရို့တိလိုင်းကား စောင့်ပနာ လားလီကတ်ဖိဝေ။ ငါ့ကိုကားခလေ့ မပီးခကေ့ဖိ။ "

"ဖြစ်လခစွာကို ဇာတတ်နိုင်ပါဖို့လေးယေ အစ်ကို။ ရပါရေ ဖေသာပီးထားခပါမေ။"

ကံဆိုးမလားလီရာ မိုးလိုက်လို့ရွာဆိုရေ စကားအတိုင်း သူရို့ နှစ်ယောက်အတွက်တော့ခါ တခုပြီးကေတခု အမှားတိနန့်တွိ နီရ၏။

"အဝေး သူငယ်ချင်း ဟိုးမာ တက္ကစီတစီးလာနီရေ ထောဝေ။ ကားထဲမာလူတိယှောင်လေ့ မြင်ရေ။"

သူရို့စုံတွဲ၏မျက်နှာသည် တဒင်္ဂလောက် ဝမ်းလက်တောက် ပလားသည်။ အဝီးမာလာသောကားကိုကြည့်၍ အားတက် သောလီသံနန့် မောင်ဖော်သာကို ပြောလိုက်သည်။

"ဟုတ်တေကာဝေး။ မထူးယာဝေ ယေကေယင်း ကား ကိုတားလိုက်ဖိ။"

စကားပြောနီယင်းနန့်ကားသည် တဆက်ဆက်အပါးသျှေသို့ ရောက်ပါလတ်သည်။ ထူးဆန်းသည်ကလည်း ယင်းကားသည် သူရို့ဖက်သို့ တည့်တည့်မောင်းလာသည်။ သူရို့ကိုလက်ညိုးထိုး ပြနီသော လူအရိပ်အရောင်တိလည်း မြင်နီရ၏။

"အဝေး သူငယ်ချင်း မတ်ယောက်ခမရို့နန့်တူရေ ဇာ ပိုင်လုပ်ကတ်ဖို့လေးယှင့်။"

မောင်ဖော်သာ၏စကားကြောင့် ဝေလသည် မည်သို့လုပ်လို့ လုပ်ရမှန်းသိပဲ ကြံရာမရဖြစ်လား၏။ ယင်းအချိန်မာ ဆောင်း သဇင်သည် ဝေလလက်ကို တင်းတင်းရင်းရင်း ဆုတ်ကိုင်လိုက်

သည်။ သူမ၏မျက်နှာမှာ အားအင်အပြည့်နန့် နောက်မဆုတ်ပဲ ရှိသို့ချီတက်ဖို့ ပုံစံကိုတွဲနီရ၏။ သို့သော် ယင်းတဒင်္ဂမှာ သူရို့ နှစ်ယောက်စလုံးသည် ရင်ဘက်တိပူလားပြီး ဦးနှောက်သည် လည်း မစိုင်းစားနိုင်ပဲ ဖြစ်လားကတ်သည် ။ ကားသည် အခြား တဖက်မှာ ရပ်တန့်ဖို့စက်အချိန်လျှော့လိုက်သည်။

"အဝေး မတ်ရို့နှစ်ယောက် ဇာပျင်နီလေး။ ပြီးကတ်။"

သူငယ်ချင်း၏ လျှပ်တပြတ်စကားကြောင့် စိုင်းစားရန်ပင်အ ချိန်မရလိုက်ပဲ ဝေလသည် ဆောင်းသဇင်လက်ကိုဆွဲလျှက် ကန် စောက်တောင်ထက်သို့ တက်ပြီးကတ်သည်။

မခီနန့် ဘားဟွင်ရို့သည်လည်း သမီးဇောနန့် ကားထက်ကအ လျင်ဆင်း၍ ပြီးလိုက်လာကတ်သည်။ ဘားဟွင်သည် "အော့ လာပိ မပြီးကေ့ဖိ အော့နွယ်ရို့နန့် ပြန်လားကတ်ဖို့" ပြောယင်း နောက်ကလိုက်ပါလာ၏။ သို့သော် သူမ၏မသီးနန့် ဝေလရို့ သည်ဆက်လို့ပြီးယင်း လမ်းပိုက်ပြီးကေ တောင်ချိုင့်တခုနားသို့ ရောက်လားကတ်သည်။ ယင်းအချိန်မှာ သူရို့နှစ်၏ဘဝသည် နောက်သို့ဆုတ်လိုက်သော် မိဖနောက်ကလိုက်၍ လမ်းကွဲရ လိမ့်မည်။ ရှိသို့ဆက်ပြီးရန်သော်လည်း တောင်ချိုင့်အောက်သို့ ကျ၍ အသက်ရှင်ဖို့မဖြစ်နိုင်သောအခြီအနီသို့ မထင်မှတ်ပဲကျ ရောက်လား၏။

ဘဝဆိုသောပညတ်သည် မွီးဖွားခြင်းကနီပနာ သီဆုံးခြင်း၏ ကြားကာလမှာ ရုန်းကန်လှုပ်ယှားခြင်းကိုပင် ဘဝဟုခေါ်ဆို ကတ်သည်။ လူတိုင်းပြောဆိုနီကတ်သော ပစ္စုပ္ပန်၊ အတိတ်၊ အနာဂါတ်ဆိုသော ကာလသုံးပါးတိုင်းမှာ အဖြစ်အပျက်ဟူ သရှိသည် ဘဝ၏သတ်မှတ်ချက် ကာလတိပင်ဖြစ်သည်။ ယင်း သို့ ဖြစ်ပျက်နီသောအချိန်တိုင်းမှာ အချစ်ကိုဆုံးယှုံးပြီး ဘဝကို

တည်ဆောက်ဖို့ သူရို့နှစ်ယောက်လုံးမာ အင်အားမဟိ။ တောင်ထက်သို့ ဖြိုးတက်လာရသောကြောင့် သူရို့၏ညောင်းညင်မှုတိကိုတောင် စိုင်းစားဖို့မရလိုက်ပဲ အချစ်၏လှုံ့ဆော်မှုကြောင့် သူမ၏မျက်လုံးအိမ်ထဲက မျက်ရည်မိုးသည် အလိုလိုရွာချလှာသည်။

"အော့နွယ် အော့ပါယ် ရှိသို့မလာပါကေ့။ ရှိသို့တိုးလာကေ အဲ့လာပိရို့ ခုန်းဆင်းပစ်ပါဖို့ဒေ။"

"အဲ့လာပိ ယင်းပိုင်မလုပ်ကေ့။ အော့ပါယ်ရို့နန့် ပြန်လိုက်ပါလတ်နှန်း။"

"အဲ့လာပိလေ ကိုဝေလနန့် မခွဲနိုင်ပါ။ ဒေအထိလိုက်လာခါမှ ပြန်မလိုက်နိုင်ပါယာ အော့ပါယ်။ အဲ့လာပိကိုခွင့်ရွှတ်ပါ။ အော့နွယ်နန့်အော့ပါယ်ရို့ ပြန်လားလီကတ်ပါ။"

သူမရို့၏ဘဝတလျှောက်မာ တယောက်တည်းရာရထားသောသမီးသျှေ၏မျက်ရည်တိနန့် ပြောနီသောစကားတိကိုကြား၍ဘားဟွင်၏ရင်ထဲမာ ဖြေမဖြေနိုင်ဖြစ်နီ၏။ သမီးတခုခုဖြစ်လားမည်ကို သူမလုံးဝ မလိုလား။ သမီးသျှေနန့် ဝေလရို့၏ပုံစံကြည့်ရသည်မာလည်း အမှန်ပင်ခုန်ဆင်းမည့်ပုံစံ ဖြစ်နီ၏။ ကာလရီကြိုင်တည်သည့်အချိန်ကပင် ကိုးလလွယ် ဆယ်လဖွားနှလုံးသားထဲက အသွီးအသားတိကို အဖြူရောင်ဖြစ်ပြောင်းလှယ်၍ ဖြူစင်သန့်ယှင်းသောနို့ချိုအဖြစ် တိုက်ကျွေးပီးခပြီးခါမှ မိမိရို့နန့် သဘောထားတဆိကေ မတိုက်ဆိုင်မှုကြောင့် သမီးတယောက်သီကျလားဖို့အဖြစ်မျိုး ဖြစ်လားမည်ကို သူမကကောင်းပင် ကြောင်းကြစိတ်ဝင်ရောက်လား၏။ ယင်းကြောင့် သူမ၏အိမ်သျှင်ကိုအကြံပြုဖို့ ဆုံးဖြတ်လိုက်သည်။

"အဖသည် ငါရို့ပြန်ကတ်ဖို့ယာ။ ငါရို့ဘဝမာ ဒေသမီးသျှေတယောက်ရာဟိရေ။ ငါရို့အတွက် အဲ့လာပိ သီကျလားဖို့အဖြစ်ကို ငါမလိုချင်။"

"အေ ဇာတတ်နိုင်ဖို့လေးဟေ။ ငါရို့သမီးကတောင်မှ သူများဖက်ကိုရောက်နီစွာ။ အသျှေကပင် မိဖစကားကို တသဝေမတိန်းနားထောင်လာရေ ငါ့သမီးသျှေ လိမ်မာရေလို့မှတ်ထားစွာ အဂုမှသိရရေ။ ငါရို့အဂုပိုင် လိုက်လာစွာတောင်မှ မှားရေ။ ယေဒါလေး နင့်သမီးကိုအိမ်သို့ မလာစီကေ့ဖိ။ ငါ့ဘဝမာ သမီးတယောက်မဟိယာလို့ ငါဆုံးဖြတ်ပစ်ယာ။"

မခီသည် ဘားဟွင်၏လက်ကိုကိုင်၍ သမီးမပါပဲပြန်လားရသောကြောင့် လီးလံညောင်းညင်သော ခြီလှမ်းတိနန့်ထွက်လားနီကတ်သည်။

မိဖနောက်သို့ ပြန်လိုက်လားလျှင် သူမ၏အချစ်ဆုံးသူနန့်ခွဲရမည်မကလို့ ဘဝတခုလုံးသည်လည်း ဘာသာခြားတယောက်၏ ရင်ခွင်ထဲမာ စီးဆင်းမျိုးနီရမည့် အဖြစ်မျိုးကိုလည်း သူမကြောက်သည်။ မိဖနှစ်ပါးပြောနီကတ်သော စကားကိုနားထောင်ယင်း သူမကိုယ်တိုင် စိတ်မကောင်းဖြစ်နီ၏။ လောကကြီးအကြောင်းကိုတဆိကေ သိမှတ်နိုင်သောအချိန်ကပင် မိခင်၏အပြုံးကိုရာမြင်ဖူးခ၏။ အဂုချိန်မာ မျက်ရည်အတွန့်သျှေတိကြားက စီးကျနီသော မျက်ရည်တိနန့် သူမကိုနောက်ခိုင်ပြီးကေ ထွက်ခွာလားနီသောမိခင်ကို မြင်ရသောကြောင့် ဝမ်းနည်းစိတ်ကို မထိန်းချုပ်နိုင်ပဲ "အော့နွယ် . . အော့နွယ် " အော်ခေါ်ယင်း ဖြီး၍ဖက်ထားလိုက်သည်။ သားမိနှစ်ယောက် တယောက်ကိုတယောက် အားပါးတရဖက်ပြီး "ဟီး . . ဟီး . . . " အသံထွက်လားယောင် ငိုပစ်လိုက်ကတ်သည်။ ဆောင်းသဇင်သည် "အ့လာပိကို ခွင့်ရှတ်ပါနှန်း အော့နွယ် . . " ဟု အကြိမ်ကြိမ်ပြောနီမိ၏။ သူမရို့သားမိနှစ်ယောက် ဖြစ်နီကတ်သော ပုံစံကိုမြင်ရသောကြောင့် ဝေလ၏ရင်ဘက်ထဲမာ သနားစိတ်၊ မစွန့်ရှတ်နိုင်သောစိတ်တိနန့် သူ့ကိုယ်သူ

ချုပ်ထွီးနီ၏။ မောင်ဖော်သာသည်လည်း မျက်နှာအောက်ကျပြီးကေ စိတ်မကောင်းဖြစ်နီ၏။ ကားသမားသည်လည်း ကားမောင်းစားလာသော သက်တန်းလျှောက်လုံးမာ ဒေဂုပိုင်အဖြစ်မျိုး မတွိဖူးသောကြောင့် အံ့ဩမှု၊ နားမလည်မှုတိနန့် အခြီအနီကို စောင့်ကြည့်နီ၏။

တယောက်လက်ကိုတယောက် နောင်းနောင်းကိုင်ထားပြီး ရင်ဘက်ထဲမာလည်း ရဲရဲဝံ့ဝံ့နန့် အနာဂါတ်ကိုလားဖို့ အဆင်သင့်ဖြစ်နီကတ်သည်။ ခက်ခဲနက်နဲသော အချစ်ခရီးနန့် ဖြစ်လှာသောပြဿနာတိုင်းကို အတူတူလက်တွဲ၍ဖြေယှင်းဖို့ ဆုံးဖြတ်လိုက်ကတ်သည်။ ဝေလသည် ပန်းကောက်သမားဆိုလျှင် ဆောင်းသဇင်သည် ပန်းကုံးထိုးသူအဖြစ်ပါရမီဖြည့်မည်။ ဝေလသည်နီမင်းဆိုလျှင် ဆောင်းသဇင်သည်လနတ်သမီး ဖြစ်နီလိမ့်မည်။ အိမ်သျှင်ကျင့်ဝတ် ငါးပါး၊ အိမ်သျှင်မကျင့်ဝတ် ငါးပါးနန့်သူရို့နှစ်ယောက်သည် တယောက်ကိုတယောက်နားလည်မှုအပြည့်ပီးလျှက် ငြိမ်းငြိမ်းချမ်းချမ်း နီလာကတ်သည်။ မောင်ဖော်သာရို့အိမ်မာ တလလောက်နီပြီးနောက် အခြားရပ်ကွက်တခုမာ အိမ်ငှား၍ နီလိုက်ကတ်သည်။

ဆောင်းသဇင်သည် သူမ၏ကျောင်းဆရာမတာဝန်အား မြို့ဟောင်းမြို့သို့ ပြောင်းပီးရန်စာတင်လိုက်ပြီး ယင်းမာပင် အထက်တန်းပြကျောင်းဆရာမ လုပ်နီ၏။ ဝေလသည်ပဌမ အနီမကျခင် ရရာအလုပ်ကိုလုပ်ကိုင်ယင်း မောင်ဖော်သာနန့် သူငယ်ချင်းနှစ်ယောက်ပေါင်း၍ ကုန်ရောင်းကုန်ဝယ် လုပ်နီကတ်သည်။ သူသည်လည်းအချိန်ရလျှင် ရသည့်အလျောက် စာရီးစာဖတ်အလုပ်ကို လုပ်နီ၏။ လူပျိုအပျိုဘဝခါ သူရို့နှစ်ယောက်၏ချစ်ခြင်းကို အခြားစုံတွဲများက စံပြထားခကတ်သည်အလျှောက် အိမ်ထောင်သည်ဘဝသို့ ရောက်လှာလျှင်လည်း

အခြားအိမ်ထောင်သည်ရှိ၏ ချီးမွမ်းခြင်းကို ခံကတ်ရ၏။ ဘဝကိုရှုန်းကန်လှုပ်ယှားယင်း တနှစ်ဆိုသောအချိန်မာ ဘဲခို ရွာသို့ အလည်တခေါက်လားခီကတ်သည်။ သို့သော် မိခင်၏ မပြေနိုင်သီးသောမာနကြောင့် သူငယ်ချင်းကျော်ပုအိမ်မာ တညဇာအိပ်ပြီးကေ စိတ်မကောင်းခြင်းများစွာနန့် မြို့ဟောင်းသို့ ပြန်လာကတ်သည်။ ဘားဖွင်သည် လေးငါးခြောက်လကြာလျှင် တခေါက်ရောက်ဖြစ်သော်လည်း မခီသည် သူ၏မာနကိုလက်ကိုင်ထားလျှက် အချစ်ဆုံးသမီးသျှေကို မျက်ကွယ်ပြုထား၏။

အချိန်သည် သူ့တာဝန်ကို သူထမ်းဆောင်ယင်း ရက်လနှစ်ရှိ့သည် ရထားဘီးလည်ရေပိုင် လည်ပတ်နီ၏။ သုံးနှစ်ဆိုသော အချိန်သို့ရောက်လာကတ်သည်အလျှောက် တက်ညီလက်ညီနန့်လှော်ခတ်တေပိုင် ညီတူလက်တွဲထားသော သူရို့နှစ်ယောက်၏ဘဝသည်လည်း သာယာဖြောင့်တန်းပြီးကေ ကျီနပ်ဖို့ကောင်းသော ဘဝသျှေတခုကို ပိုင်ဆိုင်လှာကတ်သည်။ အထူးသဖြင့် သူရို့ဇနီးမောင်နှံနှစ်ယောက်၏ဘဝကို ပိုပြီးကေပြည့်ပြည့်စုံစုံနန့်ဖြစ်ယောင် အလှဆင်ပီးဖို့အတွက် သူရို့၏ဘဝထဲသို့ သားသျှေတယောက် ရောက်ဟိလှာခြင်းပင်။

မညိုသည် သူမ၏အချစ်ဆုံးသားကြီးမာ သူမအတွက်မြီးသျှေတယောက်မွီးပီးထားသောသတင်းကို ကြားပြီးလောက်ကပင် စိတ်တိအလွန်လှုပ်ယှားလျှက် မြီးသျှေကို ရင်ခွင်ထက်မာတင်၍ နွီးနွီးထွီးထွီးနန့် အနမ်းမိုးသျှေတိ ရွာချပစ်ချင်စိတ် တရှုရှုပိုပေါက်နီ၏။ သူမ၏တောင့်ခံထားသောမာနကြိုးကို မြီးဆိုသောသံယောဇဉ်ဓားနန့် ဖြတ်ချလိုက်သည်လား။ သတင်းကြား၍သုံးလလောက်အကြာမာ သူမ၏မာနအားလုံးသည် မြီခကြွီကျလျှက် ထွီးသျှေကိုခေါ်၍ မြို့ဟောင်းမြို့တော်သို့

ခရီးအပြင်းနှင်လားကတ်သည်။
ညဇာဖက် ငါးနာရီလောက်မာ ဆိုက္ကားထက်ကဆင်း၍ အိမ်ထဲသို့ဝင်လာသောယောက်ခမကို မြင်လိုက်ရသောကြောင့် ဆောင်းသဇင်တယောက်မာ ဝမ်းသာအားရစိတ်နန့် အိမ်သျှင်သည်ကိုလှမ်းပြောလိုက်သည်။

"အဖေသည် အရီးရို့လာကတ်တေထော။ အလျင်ထွက်ပါလတ်။"
အိမ်သျှင်မ၏အားရဝမ်းသာနန့် ပြောသံကိုကြားရသောကြောင့် သားသျှေရှက်ပြီးကေ အိမ်ထဲကထွက်လာ၏။ မိခင်၏မျက်နှာကို မြင်လိုက်ရသည်ချက်ချင်း သူ၏ရင်ထဲမာ မိခင်၏စွန့်ပစ်ခြင်းကို သုံးနှစ်သုံးမိုးခံစားနီရသော ဝေဒနာသည် ချက်ချင်းပျောက်ကင်းလားသည်လို့တောင် ထင်မှတ်ရ၏။ ဝမ်းသာအားကြီး၍ မိခင်ကိုလှမ်းလို့နှုတ်ဆက်ရန်ပင် ပါးစဖွင့်မရနိူင်ဖြစ်လား၏။ ယင်းအခြီအနီကိုမြင်သော ဆောင်းသဇင်သည် အလိုက်တသိနန့်သူမ၏ယောက်ခမကို ခရီးဦးကြိုဆိုလိုက်သည်။

"လာပါအရီး။ အဝတ်ထုပ်တိကို အကျွန့်ကိုပီးခပါ။"
ဆောင်းသဇင်သည်လည်း ဝမ်းသာစိတ် ဝမ်းနည်းစိတ်တိနန့်ပျာယာခက်နီ၏။

"ယာ . . ယာ . . ငါ့မြီးသျှေကိုအလျင်ပီးခ။ လာလာ အဘောင်သျှင်ပါးကိုလာ။ အဘာလေ ငါ့သားကြီးအသျှေခါနန့် တရုပ်တည်းထော။ "
သူမ၏ရင်ခွင်ထဲသို့ရောက်လာသော မြီးသျှေကိုတရှုရှုနမ်းယှုပ်ယင်း အနားမာဟိသောသူမ၏သားနန့် ချြပ်မကိုတောင် တဒင်္ဂ သျှေလောက်မိကျလားခ၏။ ဝေလရို့ဇနီးမောင်နှံ၏မျက်နှာမာ အပြုံးပန်းတိ ဝီဆာပွင့်လန်းနီကတ်ယင်း သူရို့နှစ်ယောက်သည်လည်း ပတ်ဝန်းကျင်ကို မိထားပြီးသားဖြစ် လားကတ်သည်။

"မောင်ကြီး ဟိုမှာ အခင်တယောက်နန့် အရီးတယောက် လာကတ်တေမြင်ယင့်ထော။"
ထွီးသျှေ၏ပြောသံကြောင့် သတိပြန်ဝင်လာ၍ အိမ်အပြင်ဖက်သို့ ပြိုင်တူလှမ်းကြည့်လိုက်ကတ်သည်။ အိမ်ရှိကလာနီကတ်သော မြင်ကွင်းကို မြင်လိုက်ရသောကြောင့် သူရို့နှစ်ယောက်၏ မျက်လုံးတစုံကို မယုံသင်္ကါနန့် ပွတ်သတ်မိကတ်သည်။
"ဟေ အခင်လေ့ ပါလာရေ။"
အံ့သြခြင်း၊ ဝမ်းသာခြင်းတိနန့်တတူ ဝေလ၏ပါးစရွှတ်ခနဲထွက်ကျလားသည်။ ဆောင်းသဇင်သည်လည်း ဝမ်းသာလွန်လာလျှင် မျက်ရည်ကျမိသောအဖြစ်မျိုး သူ၏မျက်လုံးအိမ်ထဲက အပျော်မျက်ရည်စက်များသည် အလိုလိုစီးကျလားရ၏။
အိမ်ထက်သို့ရောက်သည်နန့် မခီသည် မညိုရွှက်ထားသော မြီးသျှေကိုတောင်း၍ ရင်ခွင်မာပိုက်ထားလိုက်သည်။ အဖြူရောင်စင်းသီးနန့် သူကိုပြုံးပြနီသော မြီးသျှေ၏မျက်နှာကိုကြည့်ယင်း စကားတခွန်းလည်း မပြောနိုင်ပဲ သူကိုယ်တိုင်စွန့်ပစ်ထားခသောသမီးနန့်သမက်အား သနားစိတ်၊ သူ့ကိုယ်သူနောင်တရစိတ်တိနန့် မျက်လုံးနှစ်ဖက်က မျက်ရည်မိုးရိပ်များသည် မှောင်မှောင်မဲတက်လှာသည်လား။ ရင်ခေါင်းဝသို့ထိ ချိုက်တက်နီသော သူ၏ဝမ်းနည်းစိတ်တိကို ထိမ်းချုပ်ယင်း မျက်ရည်မကျမိယောင် အောင့်ခံထားရ၏။ စိတ်ထဲမာလည်း " ဇာမဟုတ်တေ အခေါ်အဝေါ်သျှေတခုကြောင့် ငါရို့ညီအစ်ကိုမောင်နှမအရင်းအချာဖြစ်တေ ရခိုင်အချင်းချင်း စိတ်ဝမ်းကွဲနီကတ်တေ။ မျိုးခြားဖြစ်တေ လူမျိုးတခုဇ္ သွီးထိုးလှုံ့ဆော်မှု၊ စိတ်ဝမ်းကွဲယောင် အကောက်ကြံမှုတိကြောင့် ငါရို့စိတ်ဓာတ်တိ မှိုင်းပြာမိနီရေ။ ယင်းဟင့်ကို ငါရို့အထက်အထက်က လူကြီးတိကလေ့ နည်းကောင်းလမ်းပြမှုတိ မဟိခကတ်။ ငါရို့လေ့မလုပ်ခကတ်။

ယင်းဟင့်စွာ ငါရှိ့တိမှားနီရေ အမှားကြီးတခု။ ယေဒါလေး အနာဟိကေ ဆီးဟိရေဆိုစကားအတိုင်း ငါအဂုတွိနီရေအမှား ကြီးကို နောင်လာနောက်သားတိ မမှားရယောင် ငါကိုယ်တိုင် ပင် ဒေနိကပင်ကြိုးစားလို့တိုက်ထုတ်လီဖို့ " ဆိုသောသန္နိဋ္ဌာန် ချမှတ်လိုက်သည်။

မညို၏စိတ်ထဲမာလည်း"အော် ငါမှားခရေမလား။ အောက် သားရို့ငှ ကောက်ကျစ်တေနည်းလမ်းတိနန့် ဗျူဟာကျကျ သွီး ခွဲမှုအောက်က ရှုန်းမထွက်ပဲ လောင်းရိပ်မိအတွေးနန့် နှစ်ပေါင်း မျာ:စွာ ငါနီခရရေ။ နည်းကောင်းလမ်းညွှန်းပီးဖို့ လူကြီးတိလေ့ အားနည်းရေပိုင် ငါကိုယ်တိုင်ကလည်း မသိနားမလည်မှုတိနန့် ဇာမဟုတ်တေအတ္တတိကို လက်ခံထားခရေ။ အဂုတိုးတက် ပြောင်းလှယ်လှာရေ ခေတ်ကာလသားသမီးတိရေ အယင် ခေတ်အဆတ်ဆတ်ကပင် မှားနီခကတ်တေအမှားတိကို သူရို့ အသိစိတ်ဓာတ်နန့် တိုးလှန်လှာကတ်တေ။ စည်းရုံးရီးကိုပြို ပျက်စီရေ စိတ်ဓာတ်တိကိုနှင်ထုတ်ပျာ ငါ့သားမာဖြစ်နီရေ အ ဖိုးတန်စိတ်နီစိတ်ထားတိ ငါ့ကြောင့်မပျက်စီးစီရယောင် တတ် နိုင်ရေဖက်က ကူညီလီဖို့ပျာ။ အဖခြီရာကိုနင်းပနာ မျိုးချစ်စိတ် ဓာတ်ပြည့်ဝလိုက်တေငါ့သားသျှ ကျန်းကျန်းမာမာနန့် ငြိမ်း ချမ်းရေမိသားစု ဘဝကို ပိုင်ဆိုင်နိုင်ပါစီ။" ဟု စိတ်ထဲက ဆုတိပီး၊ ဆုံးဖြတ်ချက်တိ ချမှတ်လိုက်သည်။

နေ့ိအေချိန်သည် သူရို့မိသားစုအတွက် အလှဆုံးနန့်ပျော်ရွှင် ဖို့ကောင်းသောအချိန်၊ မင်္ဂလာအဟိဆုံးသော အချိန်ပင်ဖြစ် သည်။ ခက်ခဲကြမ်းတမ်းသော ချစ်ခြင်းနန့် ဖွဲ့နှောင်ရစ်ထား သော ခရီးလမ်းအား အတူတူကျော်ဖြတ်ယင်း အသခြေ်ယျ ထိုက်တန်သောတန်ဖိုးအား သူရို့ဇနီးမောင်နှံနှစ်ယောက် ပိုင် ဆိုင်လားကတ်သည်။ ထေက်မကလှပ၍ ပြီးပြည့်စုံသော

မိသားစုဘဝနန့် အနာဂါတ်ကိုလျှောက်လှမ်းဖို့ သူရို့မိသားစု ပျော်ဆင်ပြီးသား ဖြစ်လားကတ်သည်။

စံလင်း (ဦးရာဇ်မြို)

## နောက်ထွက်လာမည့်စာအုပ်များ

စကားပြောခြင်းက ပင်ကိုစရိုက်သို့

-------------------------

*ရုပ်သည် စိတ်၏ထွက်ပေါက်
*စကားသည် စရိုက်၏ဆရာ။
*စရိုက်သည် စိတ်၏စီရာ။

*ချမ်းသာကြွယ်ဝမှု ပျောက်ဆုံးခြင်းရေ
ဇာလေး ပျောက်ဆုံးခြင်းမဟုတ်။

*ကျန်းမာရီး ပျောက်ဆုံးခြင်းရေ
တခုခုသျှ ပျောက်ဆုံးခြင်းရာ ဖြစ်တေ။

*ကိုယ်ကျင့်တရား ပျောက်ဆုံးခြင်းရေ
အရာအားလုံး ပျောက်ဆုံးခြင်းဖြစ်တေ။

## အရက်၏ကျေးကျွန်

****************************************

အာကာပြင်တခုလုံး သန့်ယှင်းစင်ကြည်ပြီးကေ တောင်လီဖြိုးဖြိုး သျှေထနီ၏။ နီဝင်ရီဒရှူးသျှေအချိန် သူရဲပြီးခန်းမာ မောင်နှ မနှစ်ယောက် ဝတ္တုပြောယင်း အဆီကျနီကတ်သည်။ အစ်မကြီး ၏ဝတ္တုပြီးဆုံးသည်နန့် အိမ်ကြောက်ဖက်က မိခင်၏လီသံအီးအီး သျှေကိုလည်းကြားနီရ၏။ မောင်ထွီးသျှေအား သာခြင်းဆို၍ ယိုင်းထက်မာသိပ်နီသော သူမ၏သာခြင်းအား နိတိုင်းကြားနီရ သော်လည်း သူရို့အတွက်မရှိုးနိုင်သည့်အပြင် မိခင်၏သာခြင်း သံကိုကြားရမှ ငြိမ်ငြိမ်ငံ အိပ်ပါတတ်သည်။ ဝေလသည် သူရဲပြီး ခန်းကနီပြီးကေ မိခင်၏သာခြင်းကို အာရုံစိုက်၍ နားထောင် လိုက်သည်။

အသူသိပ်ကေ . . .၊ အိပ်ပါမေ၊ အီးယေသိပ်ကော၊ အိပ်ပါမေ။

အီးယေရင်ခွင် . . .၊ နို့သက်ငင်၊ နို့သျှင်သားပု-၊ မိမျက်ရှု။

ပုလုပုလွေ . . .၊ အိပ်လတ်တေ၊ ဘားဘာရောက်ကေ မုန့်ပါမေ။

အပုချေ . . ရင်ခွင်အိပ်ကော၊ မေသိပ်မေလေ . .၊ မေသိပ်မေ . . .။

မိခင်၏ ရင်ထဲကစစ်မှန်သော စေတနာ မေတ္တာအပြည့်နန့် သီဆိုနီသော သာခြင်းသျှေကိုနားထောင်ယင်း ဝေလသည် မျက်ပျိုင်းကျလှာသောကြောင့် ဟွား . . . ခနဲဝါ သန်းလိုက်သည်။ ဝါသန်း၍တောင်မကျီလိုက်ခင်မာ ဂြုံး . . ဂြွမ်း . . ဂြုံး . . . အသံဆိုးကြီးနန့် ဖခင်၏ဆဲဆိုသံသည်လည်း တခါတည်းရောပါလှာသည်။"ငါယစ်လာစွာကို မမြင်လားနန်း။

နင့်မျက်လုံးကန်းနီလား။ အိမ်သို့လာကေ တခါလေ့စိတ်မချမ်းသာရ။ လကို မီးပုတ်ဖမ်းထားရေမျက်နှာနန့်စီ ငါ့ကိုကြည့်နီရေ။ ကျဖို့ယာကားနှန်း၊ ကျဖို့ယာကား။"

"နိစိုင် နိစိုင်အရက်ယစ်ပနာ အိမ်ကိုလာဖို့။ အရာလေ့ငါ ရယ်ပြနီရဖို့လား။ အိမ်ဦးနတ် အိမ်သျှင်တယောက်လုပ်နီပနာ သားသမီးကိုလေးဂရုမစိုက် အလုပ်လေ့ကောင်းကောင်းမွန်မွန်မလုပ် မိုးလင်းလေ့ယစ်၊ နီဝင်လေ့ယစ်။ အရာလေ့ ယင်းလူကို ဇာတ်သူမပိုင် ကပြနီရဖို့လား။"
ဝေလရို့မောင်နှမနှစ်ယောက်သည်လည်း နိစိုင်နိစ္စဓူဝ ကြားနီ မြင်နီကတ်ရသည်။ တနားသင်က အီးချမ်းနီသောစိတ်သည် ချက်ချင်းပင်ရှင့်စိုင်ပျောက်ကွယ်လားခသည်။ ဝေလသည် အသက်ငယ်သည့်အတွက် ပြောရန်စကားလုံးရှာ၍မရသော်လည်း စိတ်ထဲတွင်ကား စကားတိအများကြီးပြောနီမိသည်။ ဖခင်ကိုလည်း အရက်မသောက်ပဲ လူကောင်းတယောက် ဖြစ်စီချင်သောဆန္ဒတိ ပေါ်ပေါက်နီ၏။ သို့သော်လည်း တရွာလုံးကယောက်ျားဟူသရွှေ အရက်သောက်နီကတ်သောကြောင့် အရက်မသောက်လျှင်ပင် ယောက်ျားမဟုတ်သည့်ပုံစံမျိုး ဖြစ်နီသည်။ သူ၏စိတ်ထဲမာလည်း "ငါကြီးလှာကေ ဒေအရက်ကို ဒေရွာသားတိမသောက်ရယောင်လုပ်ဖို့။" လူငယ်ပီပီ ဥာဏ်မီသလောက်ကို ဆုံးဖြတ်ချက်တိတပုံတခေါင်းကြီးချ၍ စိတ်မကောင်းစွာနန့် မောင်နှမနှစ်ယောက် ငြိမ်သက်နီကတ်သည်။

သာလေစွပါ

စံလင်း (ဦးရာဇ်မြို)